# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၂၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၃၃)


## ရာဂသည် ဖောက်ဝင်နိုင်၏

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)




လွန်ခဲ့သည့်နှစ်က မြနန်းစံကျော်ရွှေနန်းတော်ကြီးသို့ လာရောက်လည်ပတ်ကြသူများအား တွေ့ရစဉ်။

# တစ်နှစ်ကျော်ကြာပိတ်ထားသည့် မြနန်းစံကျော် ရွှေနန်းတော်ကြီးကို ကဆုန်လပြည့်နေ့မှစတင်၍ ပြန်လည်ဖွင့်လှစ်မည်

**မန္တလေး မေ ၂၃**

တစ်နှစ်ကျော်ကြာ ပိတ်ထားခဲ့သည့် မန္တလေးမြို့နန်းတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအား မေ ၂၅ ရက် (ကဆုန်လပြည့်နေ့) မှစတင်ကာ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြနန်းစံကျော်ရွှေနန်းတော်ကြီးကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန်အတွက် ၂၀၂၀ ပြည့်နှစ် မတ်လကုန်ပိုင်းမှစတင်ကာ အများပြည်သူဝင်ရောက်လည်ပတ်ခွင့်ကို ပိတ်ထားခဲ့ရာ မေ ၂၅ ရက် (ကဆုန်လပြည့်နေ့) မှစတင်ကာ *စာမျက်နှာ ၄ ကော်လံ ၁* ✻


## မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည် ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

**နေပြည်တော် မေ ၂၃**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၂၃၅ မိုင်ခန့်၊ ပုသိမ်မြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၂၇၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်ရှ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၃၀၅ မိုင်ခန့်နှင့် ဒီဂါမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၄၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

*စာမျက်နှာ ၃ ကော်လံ ၄* ◆



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်



**အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား တစ်ရက်ခရီးစဉ်အဖြစ် လည်ပတ်လေ့လာနိုင်သော ဒေသဖြစ်စေရန် တိုးချဲ့စီစဉ်ဆောင်ရွက်မည်**

ပြည်တွင်းသတင်း စာ ၇

**ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး**

ပြည်တွင်းသတင်း စာ ၁၅





**ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးမှုနှင့် သုတေသနပြုလုပ်ဆောင်ရွက်နိုင်ရေး အခြေအနေ**

ဆောင်းပါး စာ ၂၅

## ခံစားကြရမည့် အခွင့်အရေးနှင့် ထမ်းဆောင်ကြရမည့် တာဝန်

နိုင်ငံသားတိုင်းတွင် တာဝန်ဝတ္တရားများရှိသကဲ့သို့ အခွင့်အရေးများလည်းရှိသည်။ တာဝန်နှင့် အခွင့်အရေးတို့မှာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေရာ နိုင်ငံသားတို့သည် အခွင့်အရေးကို ခံစားသည်နှင့် တစ်ဖက်တွင်လည်း ထမ်းဆောင်ရမည့် တာဝန်ရှိလာသည်။ အခွင့်အရေးသည် နိုင်ငံသားတစ်ဦးစီ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်ပြီး တာဝန်ဝတ္တရားမှာမူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်သည်။

နိုင်ငံသားတစ်ဦးသည် ဥပဒေ၏ အကာအကွယ်ကို ရယူပိုင်ခွင့်ရှိသလို တရားဥပဒေကို လေးစားလိုက်နာရန်၊ တရားဥပဒေစိုးမိုးရေးတွင် ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသည်။ ပညာသင်ကြားပိုင်ခွင့် အခွင့်အရေးရှိသလို မိမိတတ်ကျွမ်းလာသည့် ပညာဖြင့် လူ့အဖွဲ့အစည်းကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုးအတွက် အလုပ်အကျွေးပြုရန် တာဝန်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုခံယူခွင့်ရရှိသလို ကျန်းမာကြံ့ခိုင်သည့် ကာယ၊ ဉာဏစွမ်းအားတို့ဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးကို ထမ်းဆောင်ကြရမည်။ စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသလို အခွန်အခများ ပေးဆောင်ခြင်း၊ အများအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် တာဝန်ကျေပွန်ကြဖို့လိုသည်။ သို့ဖြစ်ရာ နိုင်ငံသားတိုင်းက မိမိတို့တစ်ဦးချင်းစီအတွက် အခွင့်အရေးများကို ရယူခံစားကြပြီး အများအကျိုးအတွက် တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံသားတို့၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များသည် တိုင်းတစ်ပါးက ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊ ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်နှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်နေချိန်တို့တွင်မူ ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့ ပြုလုပ်နိုင်သည်ကိုလည်း သိရှိနားလည်ထားကြရမည်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေး၊ ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ထမ်းဆောင်ရေးတို့ကို နိုင်ငံသားတာဝန်အဖြစ် ထမ်းဆောင်ကြရန်လည်း ပြဋ္ဌာန်းထားသည်။

နိုင်ငံသားတိုင်းသည် မိမိတို့တွင် အခွင့်အရေးများရှိသည်ကိုလည်းကောင်း၊ ယင်းအခွင့်အရေးများကို ခံစားလျက်ရှိသည်ကိုလည်းကောင်း နားလည်သိရှိကြရမည့်နည်းတူ အခွင့်အရေးများဆုံးရှုံးပါကလည်း သိရှိကြရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံသားတိုင်း တာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်ကြရန်လည်း လိုအပ်သည်။ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၊ ငြိမ်းချမ်းသာယာခြင်းတို့တွင် နိုင်ငံသားတို့၏ ဉာဏ်ပညာအဆင့်အတန်း အနိမ့်အမြင့်အခြေအနေနှင့် အသိဉာဏ်မြင့်မားသည့် နိုင်ငံသားမည်မျှများများရှိသည်ဆိုသည့် အချက်များမှာ အရေးပါသည်။

နိုင်ငံသားတစ်ဦးဖြစ်ရခြင်း၏ တန်ဖိုးနှင့် ဂုဏ်ရည်တို့ကို နိုင်ငံမဲ့သူတို့က ပို၍ခံစားနားလည်တတ်ကြသည်။ ကမ္ဘာပေါ်တွင် နိုင်ငံမဲ့ဘဝရောက်နေသူများ သန်းပေါင်းများစွာရှိနေသည်။ မိမိတို့သည် ဘိုးဘွားတို့၏ အသက်သွေး ချွေးများဖြင့် တည်ထောင်ခဲ့သည့် လွတ်လပ်သောနိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့်ရနေသူများဖြစ်ကြရာ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရန်လည်း လိုအပ်သည်။ နိုင်ငံပြင်ပသို့ ထွက်ပြီးအတွင်းထရံ အပြင်ကာနေသူများ၊ လူတကာအကူအညီလက်ဖြန့်ခံတောင်းရမ်းနေသူများမှာ ကိုယ့်မိသားစုနေအိမ်ကို မီးရှို့ပေးရန် ရပ်ကွက်အတွင်း အော်ဟစ်နေသူများသဖွယ်ဖြစ်ပြီး နိုင်ငံတော်အပေါ် ကျေးဇူးသစ္စာဖောက်ဖျက်မှုကို ရှက်ဖွယ်လိလိ ကျူးလွန်နေကြသူများပင် ဖြစ်သည့်အလျောက် နိုင်ငံ့သမိုင်းကြောင်းတွင်လည်း အမည်းရောင်စွန်းထင်းနေသူများအဖြစ်သာ မှတ်တမ်းဝင်နေမည် ဖြစ်ပါကြောင်း။ ။

---

ပညာရေးဝန်ကြီးဌာန

၂၀၂၁-၂၀၂၂ ပညာသင်နှစ်

### “ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ

---

ပညာရေးဝန်ကြီးဌာန

“၂၀၂၁-၂၀၂၂ ပညာသင်နှစ်”

အသိပေးကြေညာချက်

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။

---

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းကို အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

---

### ကျောင်းအပ်နှံရာတွင်

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။

❖ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask ၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။

---

### အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက် (၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယလက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါအတည်ပြုလူနာတစ်ဦးဦး နှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်းကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်းခွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့် တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။


(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။

(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

**ကျန်းမာပျော်ရွှင်ပညာသင်၊ ကြိုတင်တားဆီး ကိုဗစ်နိုင်တီး (COVID-19)**











## အခြေခံပညာအဆင့်တွင် အလေးထား

စာပေသင်ကြားရေးနှင့်ပတ်သက်၍ အခြေခံပညာကျောင်းများတွင် ကောင်းမွန်စွာ စာပေသင်ကြားပေးနိုင်မှသာ ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့် ပညာရပ်များကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ အနေဖြင့် အခြေခံပညာအဆင့်တွင် အလေးထား၍ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ (၁၃) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၃**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း မဟာဗောဓိပင်တော်များအား (၁၃) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီ တွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

**ပထမဆုံးကျင်းပသည့် ညောင်ရေသွန်းပွဲတော်ဖြစ်**

အစည်းအဝေးတွင် သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဗုဒ္ဓပူဇနိယပွဲတော်များ စဉ်ဆက်မပြတ် ထိန်းသိမ်းကာ ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြသည့် ကောင်းမှုများအနက် ပရိဘောဂစေတီထိုက်သည့် မဟာဗောဓိပင်အား ပူဇော်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ စေတီတော်မြတ်ကြီး ပရိဝုဏ်တော် အတွင်းရှိ မဟာဗောဓိပင်များကို (၁၃) ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက် ပထမဆုံးကျင်းပသည့် ညောင်ရေသွန်းပွဲတော်ဖြစ်ကြောင်း၊ ညောင်ရေသွန်းလောင်းခြင်းများ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိရန် လိုအပ်ကြောင်း ပြောကြားသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယ ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဥပ္ပါတသန္တိစေတီတော် မြတ်ကြီး ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပ ပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## မိုးညှင်းမြို့အနီး အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်

နေပြည်တော် မေ ၂၃

မေ ၂၃ ရက် ၁၆ နာရီ၊ ၅၃ မိနစ်၊ ၁၅ စက္ကန့်အချိန်တွင် မြစ်ကြီးနား မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၈၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မိုးညှင်းမြို့၏ အနောက်မြောက်ဘက် ၆ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄.၈၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆.၃၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄.၁ အဆင့်ရှိ မြေငလျင် လှုပ်သွားကြောင်း အင်အား အနည်းငယ်ရှိသော တိုင်းထွာရရှိသည်။ မိုး/ဇလ




## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် မေ ၂၃**– ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေသည်။ ဘင်္ဂလား ပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

◆ *ရှေ့ဖုံးမှ*

**မုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက် လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် ယနေ့ ညနေ ၆ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၆ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၀ ဒသမ ၀ ဒီဂရီ တွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်း ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ ပိုမိုအားကောင်းလာပြီး နောက် ၁၂ နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ် အဖြစ်သို့ လည်းကောင်း၊ နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်း အဖြစ်သို့ လည်းကောင်း ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၄၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရုံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းများကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မေ ၂၁ ရက် နံနက် ၁၀နာရီတွင် ဒိုက်ဦးလမ်း၊ ဒိုက်ဦး - စစ်တောင်းလမ်းနှင့် ရွှေသံလွင်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ဘုရားကြီး-ကျိုက်ထို-မော်လမြိုင် လမ်း (ဘုရားကြီး-ကျိုက်ထို လမ်းအပိုင်း) တို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

မေ ၂၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အတူ အိန္ဒူ-ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဂျိုင်း (ကော့ကရိတ်) တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကာ တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တံတားချဉ်းကပ်လမ်းများ ဆောင်ရွက်နေမှု၊ နည်းပညာသစ်ကို ထည့်သွင်းအသုံးပြုသည့် Precast လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

**အလေးထားဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အိန္ဒူ-ဘားအံလမ်းအပိုင်း ကတ္တရာကွန်ကရစ် (AC) ခင်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကတ္တရာကွန်ကရစ် (AC) ခင်းရာတွင် သတ်မှတ် စံချိန်စံညွှန်း ပြည့်မီရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံ-အဖြောင့်-ဇာသပြင် လမ်းအခြေအနေကိုလည်းကောင်း၊ ကရင်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အဖြောင့်လမ်းဆုံ-နောင်ထလုံး - ထုံးအိုင် - မိန်းမလှကျွန်း - ဖအွဲ့ - ဖဲကတာ ၁၄ မိုင် ၅ ဖာလုံနှင့် ခြံကလေး - တောင်သူကုန်း - ဖအွဲ့လမ်း သုံးမိုင် လေးဖာလုံ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ခမီလမ်း (သံဖြူဇရပ် - ကျိုက္ခမီ ) အပိုင်း နှစ်မိုင်သုံးဖာလုံမှ ငါးမိုင် သုံးဖာလုံအထိ စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ်လမ်း (AC) ခင်းနေမှု အခြေအနေကို လည်းကောင်း၊ မော်လမြိုင်မြို့တွင် အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့ (၁၃) မှ တာဝန်ယူတည်ဆောက်နေသော မွန်ပြည်နယ်၊ တရားလွှတ်တော်ချုပ်ရုံး တည်ဆောက်ရေး လုပ်ငန်းခွင်ကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသန့်စင် မကွေးတိုင်းဒေသကြီးအတွင်းရှိ စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၃**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် မကွေးတိုင်းဒေသကြီး အတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေ၊ ထောက်ရှာပင်-ထန်းကိုင်း-ရေနံမရေနံမြေ၊ ရေနံချောင်းရေနံမြေ၊ ချောက်/လမ်းရွာ ရေနံမြေနှင့် ရေနံချောင်းမြို့ရှိ မော်တော်ယာဉ်သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ် (၁) တို့ကိုလည်းကောင်း၊ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ အမှတ် (၂) ရေနံချက်စက်ရုံ (ချောက်) နှင့် အမှတ် (၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး) တို့ကိုလည်းကောင်း ကြည့်ရှု စစ်ဆေးသည်။ **(ယာပုံ)**



**ကြည့်ရှုစစ်ဆေး**

ဒုတိယဝန်ကြီးသည် အဆိုပါခရီးစဉ်အတွင်း ရေနံမြေများအတွင်းရှိ ထုတ်လုပ်လျက်ရှိသော ရေနံတွင်းများ၊ ထွက်ရှိသည့် ရေနံစိမ်းများကို လက်ခံသိုလှောင်ထားရှိသော သံကန်တန်းများ၊ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ တိုးတက် ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်နေမှုများ၊ ရေနံချက်စက်ရုံနှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံများတွင် စက်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှု အခြေအနေများ၊ လုံခြုံရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာ အေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၃**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ပြည့်ဝစွာ ရရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက် ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




✻ *ရှေ့ဖုံးမှ*

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့် အညီ ပြန်လည် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

"တစ်နှစ်ကျော်ကြာ ပိတ်ထားတဲ့ ရွှေနန်းတော်ကြီးကို လာမယ့် ကဆုန်လပြည့်နေ့မှာ ပြန်လည်ဖွင့်လှစ်သွားမှာပါ။ ဝင်ကြေးအနေနဲ့ လူကြီး ငွေကျပ် ၂၀၀၊ ကလေး ငွေကျပ် ၁၀၀ ကောက်ခံပြီး မနက် ၇ နာရီခွဲကနေ ညနေ ၅ နာရီအထိ လာရောက်လည်ပတ်နိုင်ပါတယ်။ မြနန်းစံကျော် ရွှေနန်းတော်အပါအဝင် ကျောက်စာရုံ၊ အမြောက်ပြတိုက်၊ မင်းတုန်းမင်း ဂူဗိမာန်ပုံစံငယ်ပြတိုက်၊ ဒင်္ဂါးသွန်းစက်ရုံတွေကိုလည်း လာရောက်လေ့လာနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

မြနန်းစံကျော် ရွှေနန်းတော်ကြီးကိုညီလာခံသဘင်ခန်းမဆောင်ကြီးများ၊ မှန်နန်းဆောင်၊ နန်းမြင့်မျှော်စင် အပါအဝင် အဆောင်ခန်းမ အဆောက်အအုံ ပေါင်း ၈၉ ခုဖြင့် ပြန်လည်တည်ဆောက်ထားကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ရခိုင်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကျင်းပ

**စစ်တွေ မေ ၂၃**

စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက် ပဓာနနာယက၊ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောမ မဟာထေရ်မြတ်ကြီးအား တပည့်ဒါယကာ၊ ဒါယိကာမများမှ ထပ်ဆင့်ဂုဏ်ပြုပွဲ၊ ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဓမ္မသုခကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ကြွရောက်တော်မူကြသော ဆရာတော်သံဃာတော်များနှင့် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး ရက္ခမဏ္ဍိုင်မင်္ဂလာစည်တော်ဝိုင်းအဖွဲ့မှ သရဏဂုံ ဓမ္မဂီတိဖြင့် ပူဇော်ဖွင့်လှစ်ကြသည်။ ဆက်လက်၍ မင်းကန်နိကာဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်၊ တင်းကုတ်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဂုဏ်ပြုခံဆရာတော်နှင့် ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော်များက မေတ္တသုတ်ပရိတ်တရား ရွတ်ပွားချီးမြှင့်ကြကာ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို သဒ္ဓမ္မရတနာ(မြေငူကျွန်း) ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစံရွှေမောင်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်း၊ တပည့်ဒါယကာ၊ ဒါယိကာမတို့က နိုင်ငံတော်က ချီးမြှင့်ပူဇော်သော အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက ထပ်ဆင့်ဂုဏ်ပြုသော ဘွဲ့တံဆိပ်တော်၊ တပည့်ဒါယကာ၊ ဒါယိကာမများက ထပ်ဆင့်ဂုဏ်ပြုသော ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များအား ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ပညာမဂ္ဂင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနက ပူဇာရဟာဂါထာတော်ဖြင့် ရွတ်ဖတ်ပူဇော်ကာ ရက္ခမဏ္ဍိုင်မင်္ဂလာစည်တော်ဝိုင်းအဖွဲ့မှ ဦးမောင်လှဝင်းက မင်္ဂလာပိုဒ်စုံရတုဖြင့် ပူဇော်သည်။



ထို့နောက် ထပ်ဆင့်အပူဇော်ခံ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသောမထံမှ ဩဝါဒကထာနှင့် ရေစက်ချအနုမောဒနာတရားနာကြားခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ငြိမ်းချမ်းရေးအဖွဲ့အစည်းများအား ထောက်ပံ့သည့် ဆန်အိတ်များ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေးအပ်

**ဘားအံ မေ ၂၃**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် မေ ၂၁ ရက် နံနက် ၁၀ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး ခန်းမ၌ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ငြိမ်းချမ်းရေး အဖွဲ့အစည်းများဖြစ်သော ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် - ငြိမ်းချမ်းရေး ကောင်စီ (KNU/ KNLA- PC) တို့ထံ ပေးအပ်သည့် ဆန်အိတ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။




ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးက ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) နှင့် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA- PC)တို့သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက NCA လက်မှတ် ရေးထိုးထားခဲ့သည့် အဖွဲ့အစည်းများ ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်များ၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင်လည်း တက်ရောက်ဆွေးနွေးခဲ့ကြသည့် အဖွဲ့အစည်းများ ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကို ခိုင်မြဲအောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့်အတွက် အထူးပင်ကျေးဇူးတင်ကြောင်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထောက်ပံ့ပေးသည်များရှိသကဲ့သို့ ယနေ့တွင်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ ငြိမ်းချမ်းရေးတပ်ဖွဲ့မိသားစုဝင်များအတွက် ထပ်မံထောက်ပံ့ပေးခြင်း ဖြစ်ကြောင်း၊ အစိုးရအဆက်ဆက်မှ ငြိမ်းချမ်းရေး ဝင်ရောက်လာသည့် တပ်ဖွဲ့ဝင်မိသားစုများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်း၊ တံတား၊ ရေ၊ မီး၊ စိုက်ပျိုးမွေးမြူရေး ကိစ္စအဝဝကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘတ်ဂျက်များ လျာထား၍ နှစ်စဉ်ထောက်ပံ့ ပေးလျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးက ယခုအခါ လုံခြုံရေးသည် အဓိကကျကြောင်း၊ ငြိမ်းချမ်းရေးရှိလျှင် ပိုမိုလုံခြုံမှုရှိပြီး ငြိမ်းချမ်းရေးနှင့် လုံခြုံမှုရှိမှ အဓိကကျသည့် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာ အဆင်ပြေနိုင်မည် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးမရှိလျှင် လူနေမှုဘဝ နိမ့်ကျပြီး နောင်မျိုးဆက်များအထိ သက်ရောက်မှုရှိသည့်အတွက် ယခုကဲ့သို့ ငြိမ်းချမ်းရေး အဖွဲ့အစည်းများ အားလုံးကို ကြိုဆိုကြောင်း၊ ကျေးဇူးလည်း တင်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်း၍ ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ အကောင်အထည်ဖော်ရန်လိုကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်ပြီး အားလုံးပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့သည့် ဆန်အိတ် ၅၀၀ ကို ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)ထံသို့ လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးက ဆန်အိတ် ၄၅၀ ကို ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် - ငြိမ်းချမ်းရေး ကောင်စီ (KNU/ KNLA- PC)ထံသို့ လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ရာ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# အကြမ်းဖက်မှုတွေကို ပြည်သူလူထု ပူးပေါင်း ဆန့်ကျင်ကြစေလို

**ကိုထွန်းခင်**

လူတွေကို စိတ်ပညာအမြင်နဲ့ ကြည့်မယ်ဆိုရင် Id ခေါ် လူဆိုးလူမိုက် လူယုတ်မာစိတ်၊ Ego ခေါ် လူသာမန်စိတ်၊ Super Ego ခေါ် သူတော်စင်စိတ် ဆိုပြီး အကြမ်းဖျင်းအားဖြင့် သုံးမျိုး ခွဲခြားနိုင်ပါတယ်။ အဲဒီ စိတ်သုံးမျိုးထဲမှာ လူသာမန်စိတ်(Ego) ကတော့ အခြေခံအားဖြင့် လူတိုင်းမှာရှိနေဖို့ လိုအပ်ပါတယ်။

ဒီထက်အကောင်းဆုံးကတော့ သူတော်စင်စိတ်ပါပဲ။ သူတော်စင်စိတ်မမွေးနိုင်ရင်တောင် လူသာမန်စိတ်နဲ့ နေထိုင်နိုင်ကြဖို့ လိုပါတယ်။ လူတစ်ယောက်မှာ ကောင်းမွန်တဲ့ စာရိတ္တနဲ့ ကိုယ်ကျင့်တရားရှိဖို့ လိုပါတယ်။ ကိုယ်ကျင့်တရားဟာ လူ့ဘဝမှာ အောင်မြင်မှုရဲ့ အခြေခံအုတ်မြစ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

လူ့ကျင့်ဝတ်(Ethics)ကို လေးစားလိုက်နာပြီး ကောင်းခြင်းနဲ့ ဆိုးခြင်း၊ စင်ကြယ်မှုနဲ့ ဆိုးယုတ်မှု၊ တရားမျှတမှုနဲ့ တရားဥပဒေ ချိုးဖောက်မှု စတဲ့ အကောင်းနဲ့ အဆိုး၊ အမှားနဲ့ အမှန်၊ အကျိုးနဲ့ အပြစ်တို့ကို ခွဲခြားဝေဖန်ကာ အပြစ်ကင်းတဲ့ ဘဝနေထိုင်ခြင်းဖြစ်အောင် ကြိုးစားတည်ဆောက်နိုင်သူ ဖြစ်ရပါမယ်။

### ဟီရိ ဩတပ္ပ တရားနဲ့အညီ

**အပြစ်ရှိတာကို အပြစ်ရှိမှန်းသိမယ်။ မကောင်းတာကို မကောင်းမှန်းသိမယ်။ ဆိုးညစ်မှုကို ဆိုးညစ်မှုမှန်း သိမယ်။ အဲဒီလိုသိမြင်ပြီး မလုပ်သင့် မလုပ်ထိုက်တဲ့အရာတွေကို မလုပ်ဖြစ်အောင်၊ မကောင်းမှုပြုလုပ်ရမှာ ရှက်ခြင်း၊ ကြောက်ခြင်းဆိုတဲ့ "ဟီရိ ဩတပ္ပ"တရားနဲ့အညီ လိုက်နာစောင့်ထိန်းနိုင်ရမှာဖြစ်ပါတယ်။**

အမှန်တရားကိုသာ ပြောဆိုမယ်။ မဟုတ်မမှန်မုသားစကားပြောဆိုတာကို ရှောင်မယ်။ လိမ်လည်လှည့်စားတာ၊ သူတစ်ပါးပစ္စည်းခိုးယူတာ၊ သူတစ်ပါးသားမယား ပြစ်မှားတာကို ရှောင်မယ်။ ရိုးသားမယ်။ ကိုယ်ချင်းစာတရားထားမယ်။ သူတစ်ပါးမကြိုက်တဲ့ မလုပ်သင့် မလုပ်ထိုက်တဲ့ အကုသိုလ်အလုပ်တွေကို မလုပ်ဘူး။ အချိန်မှန်နိုင်အောင် ကြိုးစားမယ်။ တစ်ခုခုကို ကတိပေးပြီးရင် ပေးထားတဲ့ကတိအတိုင်း တည်နိုင်အောင် ကြိုးစားမယ်။

လူတစ်ဦးချင်းစီရဲ့ လူသားဂုဏ်သိက္ခာ၊ လွတ်လပ်ခွင့်ကို အလေးထားမယ်။ သူတစ်ပါး အခွင့်အရေးကို အလွဲသုံးစားလုပ်တာ၊ ဂုဏ်သိက္ခာကျဆင်းအောင်လုပ်တာ၊ နိုင်ထက်စီးနင်း နှိပ်စက်တာတွေ မလုပ်ဘူး။ ဆင်းရဲတဲ့သူဖြစ်စေ၊ ချမ်းသာတဲ့သူဖြစ်စေ လူသားတစ်ယောက်ဖြစ်တာမို့ လူသားအခွင့်အရေး၊ လူသားဂုဏ်သိက္ခာရှိတယ်ဆိုတာ သိမှတ်ပြီး တန်ဖိုးထား ဆက်ဆံမယ်။



ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းကို အကြမ်းဖက်သူများ မီးရှို့မှုကြောင့် မီးငြိမ်းသတ်စဉ်။

### မတူကွဲပြားမှုတွေကို လက်ခံမယ်

ဒါ့အပြင် လူအမျိုးမျိုး၊ စိတ်အထွေထွေ ဆိုတာကို နားလည်ပြီး မတူကွဲပြားမှုတွေကို လက်ခံမယ်။ ကိုယ်နဲ့ အတွေးအခေါ်၊ အယူအဆ မတူတဲ့သူတွေ အပေါ်လည်း လေးစားမယ်။ သည်းခံနိုင်ရပါမယ်။ လူတစ်ယောက်နဲ့ တစ်ယောက်ဟာ အားနည်းချက်တွေ၊ အားသာချက်တွေက မတူညီကြပါဘူး။ တစ်ယောက်ရဲ့ အားနည်းချက်က နောက်တစ်ဦးရဲ့ အားသာချက်လည်း ဖြစ်နေနိုင်ပါတယ်။

ဒါကြောင့် လူ့အဖွဲ့အစည်းအတွက် သူ့နေရာနဲ့သူ အသုံးဝင်တဲ့သူတွေဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုပေးရမှာဖြစ်ပြီး မတူညီတဲ့ ရှုထောင့်အမြင်တွေကို ပါဝင်ခွင့်ပေးရမယ်။ အများနဲ့ ဆက်ဆံတဲ့အခါ ညှာတာရမယ်။ မေတ္တာတရားနဲ့ ဆက်ဆံနိုင်ရမယ်။ ကိုယ့်မိသားစု၊ ပတ်ဝန်းကျင်၊ လုပ်ငန်းခွင်နဲ့ နိုင်ငံအတွက် အကျိုးပြုနိုင်မယ့် ခင်ပွန်းကောင်း၊ ဇနီးကောင်း၊ မိတ်ဆွေကောင်း၊ နိုင်ငံသားကောင်း ဖြစ်နိုင်ရပါမယ်။

### ကျင့်ဝတ်တွေကိုယ်စီ

ဆိုလိုတာက လုပ်သင့်တာတွေကို အသိတရားရှိရှိနဲ့လုပ်ပြီး မလုပ်သင့်တာတွေကိုလည်း သတိတရားရှိရှိနဲ့ ရှောင်ကြဉ်တာက ကျင့်ဝတ်ပါပဲ။ မိဘတွေမှာ မိဘကျင့်ဝတ်ရှိသလို၊ သားသမီးမှာလည်း သားသမီးကျင့်ဝတ် ရှိပါတယ်။ ဆရာ့မှာ ဆရာ့ကျင့်ဝတ်ရှိပြီး တပည့်မှာလည်း တပည့်ကျင့်ဝတ်တွေဆိုတာ ရှိပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာလည်း ကျင့်ဝတ်တွေကိုယ်စီရှိကြပါတယ်။ စည်းကမ်းချက်တွေအဖြစ် ထုတ်ပြန်ထားတာတော့ မဟုတ်ပါဘူး။ လူတိုင်း ကိုယ့်အသိစိတ်နဲ့ကိုယ် လိုက်နာကျင့်သုံးရတာဖြစ်ပါတယ်။

**အဲဒီလို လိုက်နာသင့်တဲ့အရာတွေ၊ စောင့်ထိန်းသင့်တဲ့အရာတွေကနေ ကင်းလွတ်ပြီး အကြမ်းဖက်တာ၊ သူတစ်ပါးလက်မခံနိုင်တဲ့၊ သဘောမတူနိုင်တဲ့ အပြုအမူတွေ ပြုတာ၊ ကိုယ်ချင်းစာတရား မထားတာ၊ ညှာတာသည်းခံစိတ် မရှိတာ၊ လူတစ်ဦးတစ်ယောက်ရဲ့ ဆန္ဒ၊ လွတ်လပ်ခွင့်ကို မလေးစားတာ၊ နိုင်ထက်စီးနင်းပြုမူတာတွေကတော့ လူဆိုး လူမိုက် လူယုတ်မာစိတ်(Id)ပဲ ဖြစ်ပါတယ်။**

### လူ့ကျင့်ဝတ်တွေကို ဖောက်ဖျက်လာကြ

မျက်မှောက်ကာလမှာတော့ လူဆိုး လူမိုက် လူယုတ်မာစိတ် (Id) တွေကို ပေါပေါများများ တွေ့လာရပါတယ်။ နိုင်ငံရေး အယူအဆတစ်ရပ်ရဲ့ သိမ်းသွင်းမှုကြောင့် အချို့ဟာ လူ့ကျင့်ဝတ်တွေကို ဖောက်ဖျက်ကျူးလွန်လာကြပါတယ်။ အရှေ့တိုင်း လူနေမှုဘဝနဲ့ ဖီလာဆန့်ကျင်တဲ့ မတွေးရဲစရာ လုပ်ရပ်တွေကိုပါ ကျူးလွန်လာကြပါတယ်။

ရဟန်း၊ သံဃာတွေကို စွပ်စွဲပြောဆိုတာ၊ ဂိုဏ်းခွဲတာ၊ ပြစ်မှားစော်ကားတာတွေကို လုပ်ဆောင်ကြပါတယ်။ ဂုဏ်ကျေးဇူးကြီးမားလှတဲ့၊ ကိုယ့်ကို လူ့လောကထဲကို ခေါ်ဆောင်လာတဲ့၊ မြတ်စွာဘုရားနဲ့ တစ်ဂိုဏ်းတည်းထား ကိုးကွယ်ရမယ့် မိဘတွေကိုတောင် ကိုယ်နဲ့ အယူအဆမတူလို့၊ စစ်သားဖြစ်လို့ မိဘအဖြစ်မှ စွန့်လွှတ်ကြပြန်ပါတယ်။ ပညာဥာဏ်အလင်းပေးနေသူ စာသင်ကြားပေးနေတဲ့ အနန္တော အနန္တငါးပါးဝင် ဆရာ၊ ဆရာမတွေကို CDM မှာ မပါဝင်လို့ ရန်ပြုတိုက်ခိုက်တာ၊ အရှက်ခွဲတာ၊ Social Punishment လုပ်တာတွေကိုလည်း ပြုလုပ်လာကြပါတယ်။ ပညာသင်ကြားရေးကို စီမံခန့်ခွဲနေတဲ့ ပညာရေးမှူးရုံးတွေကို ဖျက်ဆီးတာ၊ စာသင်ကျောင်းတွေကို မီးရှို့တာ၊ ဗုံးထောင်တာတွေကိုလည်း လူမဆန်စွာ လုပ်ဆောင်လာတာကို တွေ့ရပါတယ်။

အများပြည်သူသွားလာတဲ့ လမ်းတွေကို ပိတ်ဆို့တာ၊ ဖျက်ဆီးတာ၊ အများပြည်သူ အသုံးပြုတဲ့ နေရာတွေ၊ မြို့ပြတွေမှာ လက်လုပ်ဗုံးတွေ ထောင်တာ၊ တံတားတွေကို မိုင်းထောင်ဖောက်ခွဲတာ၊ ဈေးတွေကို မီးရှို့ဖျက်ဆီးတာ စတဲ့ အကြမ်းဖက်လုပ်ငန်းတွေကိုလည်း နေရာအနှံ့အပြားမှာ လုပ်ဆောင်လာကြပါတယ်။

ပညာတတ်၊ ဘွဲ့ရအချို့တွေ ကိုယ်တိုင်တောင် လူဆိုးလူမိုက် လူယုတ်မာစိတ်မျိုးတွေ မွေးလာကြတာကို တွေ့ရပါတယ်။ ပညာရှင်တွေ လူစိတ်ပျောက်ပြီး ဖောက်ပြန်ရင် ခွင့်လွှတ်လို့မရတဲ့ အမှားကြီးတွေကို ကျူးလွန်မိကြပါတယ်။

ဘယ်အစိုးရလက်အောက်မှာပဲဖြစ်ဖြစ် ဆရာတစ်ယောက်ဟာ တပည့်တွေကို ပညာသင်ကြားပေးဖို့ တာဝန်ရှိပါတယ်။ ကျောင်းသူ ကျောင်းသားတွေ ပညာတတ်မြောက်စေဖို့ ရည်ရွယ်ချက်နဲ့ ပြန်လည်ဖွင့်လှစ်မယ့် ကျောင်းတွေကို CDM ပါဝင်တဲ့ ဆရာမတွေက ကျောင်းဖွင့်ရာသီအမီ ကိုယ့်ကျောင်းကို ပြန်ပြီးမီးရှို့တဲ့ ဖြစ်စဉ်တွေကိုလည်း ကြားသိနေရပါတယ်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွေကို မီးလောင်ဗုံးပစ်ပြီး မီးရှို့နေကြတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ တာဝန်ရှိသူတွေကို ဒလန်လို့ စွပ်စွဲပြီး အလစ်အငိုက် ဝင်ရောက်တိုက်ခိုက် သတ်ဖြတ်နေကြပါတယ်။ မဟုတ်မမှန်တဲ့ သတင်းမျိုးစုံလွှင့်ပြီး တိုင်းပြည် တည်ငြိမ်အေးချမ်းမှုကို ပျက်စီးအောင်၊ Failed State ဖြစ်အောင် နည်းလမ်းမျိုးစုံနဲ့ ဖျက်လိုဖျက်ဆီး လုပ်နေကြပါတယ်။

### ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်

**အဲဒီလို တာဝန်တွေ၊ ကျင့်ဝတ်တွေ ပျက်ကွက်ပြီး အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်နေကြမယ်၊ လူသာမန်စိတ်ကနေ လူဆိုးလူမိုက် လူယုတ်မာစိတ် (Id)စိတ်နဲ့ လုပ်ကိုင်နေကြမယ်ဆိုရင်တော့ "ဘယ်သူမပြု မိမိမှု"ဆိုတဲ့ စကားလိုပါပဲ။ တရားဥပဒေကပေးတဲ့ အပြစ်ဒဏ်ကို ခံကြရမှာဖြစ်ပါတယ်။ မကောင်းမှု ပြုသူဟာ ဒီဘဝမှာလည်း စိုးရိမ်ရတတ်ပါတယ်။ တမလွန်ဘဝမှာလည်း စိုးရိမ်ရတတ်ပါတယ်။ ပစ္စုပ္ပန် တမလွန် ဘဝနှစ်တန်တို့မှာလည်း စိုးရိမ်ရတတ်ပါတယ်။**

ဒါကြောင့် အကြမ်းဖက်မှုတွေ၊ ဖျက်လိုဖျက်ဆီး လုပ်ရပ်တွေကို ရပ်တန့်က ရပ်ကြပါ။ ပြည်သူလူထုအနေနဲ့လည်း မကောင်းမှုတွေကို ဆန့်ကျင်ပြီး ဝိုင်းဝန်းဖော်ထုတ်ပေးကြပါ။ ဘေးဘယာဝေးကွာပြီး တိုင်းပြည်အေးချမ်းသာယာအောင် ပညာရှင်ဖြစ်ရုံနဲ့ မပြီးသေးဘူး၊ ပညာရှိ သူတော်ကောင်းတွေအဖြစ် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ။

◆ **အဲဒီလို တာဝန်တွေ၊ ကျင့်ဝတ်တွေပျက်ကွက်ပြီး အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်နေကြမယ်၊ လူသာမန်စိတ်ကနေ လူဆိုးလူမိုက် လူယုတ်မာစိတ်(Id)နဲ့ လုပ်ကိုင်နေကြမယ်ဆိုရင်တော့ 'ဘယ်သူမပြု မိမိမှု'ဆိုတဲ့ စကားလိုပါပဲ။ တရားဥပဒေကပေးတဲ့ အပြစ်ဒဏ်ကို ခံကြရမှာဖြစ်ပါတယ်။ မကောင်းမှုပြုသူဟာ ဒီဘဝမှာလည်း စိုးရိမ်ရတတ်ပါတယ်။ တမလွန်ဘဝမှာလည်း စိုးရိမ်ရတတ်ပါတယ်။ ပစ္စုပ္ပန် တမလွန်ဘဝနှစ်တန်တို့မှာလည်း စိုးရိမ်ရတတ်ပါတယ်**

❖ **တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား တစ်ရက်ခရီးစဉ်အဖြစ် လည်ပတ်လေ့လာနိုင်သော ဒေသဖြစ်စေရန် တိုးချဲ့စီစဉ်ဆောင်ရွက်မည်

**မန္တလေး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ အမွေအနှစ် စေတီပုထိုး၊ အဆောက်အအုံများအား တိုးချဲ့ဖော်ထုတ်၍ နိုင်ငံတကာခရီးသွားများအတွက် တစ်ရက်ခရီးစဉ်အဖြစ် လည်ပတ်လေ့လာနိုင်သော ဒေသဖြစ်စေရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေနိုင်ထွန်းက ပြောသည်။



အဆိုပါအင်းဝဒေသတွင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာ ဘုရားစေတီများနှင့် အဆောက်အအုံများစွာရှိသော်လည်း လက်ရှိတွင် ၎င်းဒေသသို့ လာရောက်လေ့လာကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် ဗားကရာကျောင်းတော်ကြီး၊ မယ်နုအုတ်ကျောင်း၊ နန်းမြို့ရိုး၊ နန်းမြင့်မျှော်စင်နှင့် ဆင်ကျုံးခံတပ်များသို့သာ နေ့တစ်ပိုင်းခရီးစဉ်အဖြစ် လာရောက်လေ့လာလျက်ရှိရာ ကျန်ရှိနေသည့် အင်းဝခေတ်၊ ညောင်ရမ်းခေတ်နှင့် အမရပူရခေတ် လက်ရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဘုရားစေတီများဖြစ်သော ခြောက်ဆူတန်းဘုရားစု၊ ကိုးဆူတန်းဘုရားစု၊ ဒေါ်ဂျမ်းဘုရားစု၊ မြင်းမိုရ်တောင်ဘုရားနှင့် ဝက်ပါဘုရား စသည့်နေရာများသို့ သွားရောက်လေ့လာနိုင်စေရန် တိုးချဲ့ဖော်ထုတ်ထားရှိပြီးဖြစ်ရာ မကြာမီကာလတွင် နိုင်ငံတကာခရီးသွားများအတွက် တစ်ရက်ခရီးစဉ်ဒေသအဖြစ် လာရောက်လည်ပတ် လေ့လာနိုင်စေရေးအတွက် ခရီးသွားဧည့်လမ်းညွှန်အသင်းများနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

“လက်ရှိမှာ အင်းဝဒေသကို လာရောက်လေ့လာနေကြသူတွေအနေနဲ့ နေ့တစ်ပိုင်းခရီးစဉ်အဖြစ်ပဲ လာရောက်နေကြပါတယ်။ ဒါကြောင့် တစ်နေ့တာခရီးစဉ်အဖြစ် လည်ပတ်လေ့လာနိုင်ဖို့ နေရာသစ်တွေလည်း တိုးချဲ့ဖော်ထုတ်ထားသလို သွားလာရေးအဆင်ပြေစေဖို့ လမ်းတွေလည်း ဖောက်လုပ်ထားပါတယ်။ ဆက်လက်ပြီးတော့လည်း ရှေးဟောင်းဘုရားတွေ ဖော်ထုတ်ပြုပြင်မှုတွေနဲ့ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေကောင်းမွန်စေဖို့ လုပ်ဆောင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မကြာခင်ကာလမှာ ရောက်ရှိလာတော့မယ့် ခရီးသွားလုပ်ငန်းတွေ ပြန်လည်ဖွံ့ဖြိုးလာချိန်မှာ အင်းဝဒေသကို တစ်ရက်ခရီးစဉ်အဖြစ် လည်ပတ်နိုင်ဖို့ ခရီးသွားဧည့်လမ်းညွှန်အဖွဲ့နဲ့ တွေ့ဆုံပြီး အင်းဝဒေသမှာ တိုးချဲ့ဖော်ထုတ်ထားတဲ့ ရှေးဟောင်းအမွေအနှစ်နေရာသစ်တွေကို သူတို့ရဲ့ခရီးစဉ်မှာ ထည့်သွင်းဖြည့်စွက်ရေးဆွဲပေးဖို့ ဆွေးနွေးညှိနှိုင်းသွားမှာပါ” ဟု ၎င်းပြောသည်။

လက်ရှိတွင် မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းနိုင်စေရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အင်းဝရှေးဟောင်းနယ်မြေဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားလျက်ရှိရာ လက်ရှိတွင် ၎င်းဒေသရှိ ရှေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှု နည်းပါးစေရန်နှင့် ခေတ်ကာလလူနေမှုအဆင့်အတန်း မြင့်မားမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

အင်းဝမြို့ဟောင်းဒေသသည် သတိုးမင်းဖျားအေဒီ ၁၃၆၄ ခုနှစ်မှစတင်၍ ဘကြီးတော်မင်းလက်ထက် ၁၈၂၁ ခုနှစ်သို့တိုင်အောင် နှစ်ပေါင်းလေးရာခန့် မင်းနေပြည်တော် ဖြစ်ခဲ့သောကြောင့် ထိုခေတ် ဘုရင်မင်းမြတ်၊ မိဖုရား၊ သားတော်၊ သမီးတော်များ မှူးမတ်ပြည်သူများ ဆောက်လုပ်လှူဒါန်းထားသည့် ဘုရားစေတီပုထိုး၊ ဂူကျောင်းနှင့် အဆောက်အအုံ စုစုပေါင်းမှာ ၆၂၄ ခုရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းတစ်သောင်းကျော် ကုသပေးနိုင်ခဲ့



**နေပြည်တော် မေ ၂၃**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့ များ စုစည်း၍ ဒေသခံပြည်သူလူထုအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၁၇၄၁၂ ဦးနှင့် အတွင်းလူနာပေါင်း ၆၅၈၇၈ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၀၁၅၅ ဦး၊ အသေးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၅၁၈၇ ဦး၊ စုစုပေါင်း ၁၅၃၄၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက် ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၅၂၁၁ ဦးကို ခွဲစိတ်၍ လည်းကောင်း၊ ၇၆၄၈ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၂၈၅၉ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်သူလူထု၏ ကျန်းမာရေး ကဏ္ဍ မြင့်မားရန်အတွက် အရှိန်

**သတင်းစဉ်**

# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ(ဖလား) ၁၀ မြို့နယ် အသက် ၂၁ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**မော်လမြိုင် မေ ၂၃**

မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ(ဖလား) ၁၀ မြို့နယ် အသက် ၂၁ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို မေ ၂၁ ရက် မွန်းလွဲ ၃ နာရီက မော်လမြိုင်မြို့ Southern Myanmar ဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ (ဖလား) ၁၀ မြို့နယ် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရေးမြို့နယ်အသင်းနှင့် ကျိုက်မရောမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရေးမြို့နယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲနေ့စဉ်အလိုက် အကောင်းဆုံးအားကစားသမားဆုရရှိသူကို ပြည်နယ်ဘောလုံးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဝေက လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူကို Mon Si Groupr မှ ဒေါ်ဝါဝါခိုင်က လည်းကောင်း၊ ဂိုးသမားအကောင်းဆုံးဆုနှင့် နောက်တန်းအကောင်းဆုံးဆုရရှိသူကို ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က လည်းကောင်း၊ အလယ်တန်းနှင့် ရှေ့တန်းအကောင်းဆုံးဆုရရှိသူကို ပြည်နယ်တရားသူကြီးချုပ် ဦးညီညီစိုးက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပူးတွဲတတိယဆုရရှိသော မော်လမြိုင်မြို့နယ်နှင့် ဘီးလင်းမြို့နယ်ဘောလုံးအသင်းအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် ရဲမှူးကြီး သက်နိုင်က ငွေသားဆုကို လည်းကောင်း၊ ဒုတိယဆုရရှိသော ကျိုက်မရောမြို့နယ် ဘောလုံးအသင်းအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးအောင်ကြည်သိန်းက တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကို လည်းကောင်း၊ ပထမဆုရရှိသော ရေးမြို့နယ် ဘောလုံးအသင်းအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် နိုင်လယိတမ က တစ်ဦးချင်း ဆုတံဆိပ်ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက ပထမဆုရရှိသော ရေးမြို့နယ်ဘောလုံးအသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**



အဆိုပါ အသက် ၂၁ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘောလုံးအားကစားသမားများနှင့် နည်းပြများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ရေးမြို့နယ်ဘောလုံးသည် သုံးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၁၀၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်နိုင်သည်။

**မိုး/ဇလ**

### မိုးတွင်းကာလအတွင်း မိုးကြိုးအန္တရာယ်ကို ဘယ်လိုကာကွယ်ကြမလဲ?

❖ မိုးကြိုးပစ်ခံရပါက ပြင်းထန်စွာဒဏ်ရာ ရရှိနိုင်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။

❖ မိုးကြိုးနှင့် မိုးကြိုးမုန်တိုင်းအန္တရာယ်ရှိနိုင်ကြောင်း မိုးလေဝသသတင်းကြေညာချက်ရှိပါက လွင်တီးခေါင်ပြင်များတွင် အလုပ်လုပ်ခြင်း၊ ခရီးသွားခြင်းနှင့် လူစုလူဝေးပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် လွင်တီးပြင်တွင်ရှိနေပါက လိုက်နာရန်-**

- အနီးပတ်ဝန်းကျင်ရှိ လုံခြုံစိတ်ချရတဲ့အဆောက်အဦအတွင်းသို့ ချက်ချင်းဝင်ရောက်ပါ။
- အကယ်၍ နီးစပ်ရာတွင် လုံခြုံစိတ်ချရတဲ့ အဆောက်အဦမရှိပါက ခြေထောက်နှစ်ဖက် ကိုစု၍ ဆောင့်ကြောင့်ထိုင်ချပါ။ ဦးခေါင်းကို ဒူးပေါ်သို့မှောက်ချပြီး လက်နှစ်ဖက်ဖြင့် နားကို အုပ်ထားပါ။ မြေကြီးနှင့် ထိတွေ့နိုင်မှု အနည်းဆုံးဖြစ်အောင် နေပါ။
- တစ်ဦးနှင့် တစ်ဦး ပူးကပ်နေထိုင်ခြင်း မပြုရပါ။
- မြေပြင်ပေါ်သို့လှဲချခြင်း၊ အပင်မြင့်များအောက်တွင်နေခြင်း၊ မြင့်မားသောအဆောက်အဦ၏ အုတ်နံရံများကို မှီခြင်း၊ ရေကူးကန်များနှင့် ရေကန်များအနီး နေထိုင်ခြင်း မပြုပါနှင့်။
- ရေထဲတွင်ရောက်ရှိနေပါကကုန်းပေါ်သို့တက်ပြီး အဆောက်အဦအတွင်းသို့ချက်ချင်းဝင်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် နေအိမ်အတွင်းရှိနေပါက လိုက်နာရန်-**

- တီဗွီ၊ ကွန်ပျူတာ၊ အဝတ်လျှော်စက်၊ မီးဖို စသည့် လျှပ်စစ်ပစ္စည်းများကို မီးပလပ် ဖြုတ်ထားပါ။ ရေဒီယိုဖွင့်ခြင်း၊ ဖုန်းပြောခြင်း(အထူးသဖြင့် ကြိုးဖုန်း) ရှောင်ကြဉ်ပါ။
- ပြတင်းပေါက်များ၊ တံခါးပေါက်များ၊ ဆင်ဝင်များအနီးနေထိုင်ခြင်း၊ ကွန်ကရစ်ခင်းများပေါ်တွင် လဲလျောင်းခြင်းတို့ကို ရှောင်ကြဉ်ပါ။







လွင်တီးခေါင်ပြင်တွင်ရှိစဉ် မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန် နေထိုင်ရမည့်ပုံစံများ

**မိုးကြိုးပစ်ခံရသောလူနာအား အရေးပေါ်ကယ်ဆယ်နည်းများပြုလုပ်ပြီး ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပါ။**

ရည်ညွှန်းကိုးကား- US CDC.Lightning.(accessed as of 5-6-2020)

### စားသုံးဆီကိုတတ်နိုင်သမျှ လျှော့စားဖို့ဘာကြောင့်လိုအပ်တာလဲ?

- စားသုံးဆီများတွင် အခြေခံအားဖြင့် **ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့်မပြည့်ဝဆီများ (Unsaturated Fats)၊ တတ်နိုင်သမျှလျှော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ(Saturated Fats)**နှင့် **လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ(Trans Fats)** ဟူ၍ (၃)မျိုးရှိပါသည်။
- **မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့်** ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ်(HDL)တို့ကိုမြင့်တက်စေပြီး မကောင်းသောအဆီဓါတ်(LDL)တို့အားလျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့်အမျိုးအစား(၂)ဆီးချိုရောဂါစသည့် **မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကိုလျှော့နည်းစေပါသည်**။(ဥပမာ- မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- **ပြည့်ဝဆီစားသုံးခြင်း**ကြောင့် **မကောင်းသောသွေးတွင်းအဆီဓာတ် (LDL)များ လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊** သွေးကြောနံရံတွင်အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ **နှလုံးသွေးကြောပိတ်ရောဂါနှင့်လေဖြတ်ခြင်း**တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ-စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရိစ္ဆာန်မှရသောအဆီများ)
- **အသွင်ပြောင်းဆီ**သည်အစားအသောက်များပိုမိုတာရှည်ခံ၍အရသာရှိစေရန် ပုံမှန်အသုံးပြုသောဆီတွင် ဟိုက်ဒရိုဂျင်ဓာတ်ထည့်ပေါင်းထားသောဆီဖြစ်ပြီး **ပြည့်ဝဆီစားသုံးခြင်း၏ဆိုးကျိုးများအပြင်သွေးတွင်းဆီ (Triglycerides)များကိုပိုမို၍တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီဓါတ်(HDL)ကို ကျစေခြင်းနှင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများဖြစ်စေခြင်း**ကြောင့်အထက်ဖော်ပြပါရောဂါများအပြင် **အမျိုးအစား(၂)ဆီးချိုရောဂါကိုပါပို၍ဖြစ်ပွားစေနိုင်ပြီးနောက်ဆက်တွဲဆိုးကျိုးများစွာခံစားရနိုင်ပါသည်။** (ဥပမာ- အသင့်စားအစားအစာများဖြစ်သည့်အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်ပေါင်မုန့် စသည်တို့တွင်ပါဝင်သည့်ဆီ၊)

**ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည်ဖြစ်ပါသည်။**



မပြည့်ဝဆီ




ပြည့်ဝဆီ



အသွင်ပြောင်းဆီ

ရည်ညွှန်းကိုးကား-(၁) WHO. Healthy diet fact sheets. (accessed as of 10.6.2020)

(၂) MAYO CLINIC. Dietary fats: Know which types to choose. (accessed as of 10.6.2020)

# မေတ္တာရှင် သူနာပြုများသို့

**သမားအို**

**“ယော ဘိက္ခာဝေ၊ မံ ဥပဋ္ဌဟေယျ”**
**“ သော ဂိလာနံ၊ ဥပဋ္ဌဟေယျ”**

မြတ်စွာဘုရား ဟောကြားခဲ့တဲ့ ဒီပါဠိဂါထာကို သမားအိုတို့ ဦးထိပ်ရွက်ကာ တန်ဖိုးထားခဲ့ကြပါတယ်။ ဆီလျော်စွာ မြန်မာပြန်ထားတဲ့ စာသားအဖြစ်

“အကြင်သူသည် နာမကျန်းသူတို့အား လုပ်ကျွေးပြုစုငြားအံ့။

“ထိုသူသည် ငါဘုရားကိုလုပ်ကျွေးသည် မည်ရာ၏” လို့ မှတ်သားပြီး စာတင်ထားခဲ့ကြပါတယ်။ မြတ်စွာဘုရားကိုယ်တော်တိုင် နာမကျန်းဖြစ်နေသော ရဟန်းတစ်ပါးကို ပြုစုပေးတဲ့ ပုံပန်းချီရေးဆွဲပြီး မြင့်မြတ်တဲ့နေရာမှာ ချိတ်ဆွဲထားတာကို တွေ့ရဖူးပါတယ်။

ဗုဒ္ဓမြတ်စွာဘုရားဟာ ပျောက်စေဆရာ မဟုတ်ဘဲ ကိုယ်တိုင်စံပြပြုစုပေးတဲ့ သူနာပြုစစ်စစ် ဖြစ်တော်မူပါတယ်။ သူနာပြုတဲ့အလုပ်ဟာ တန်ခိုးရှင်ကို မျှော်လင့်နေလို့မရ၊ ဂါထာမန္တာန်တွေ ရွတ်ဖတ်နေရုံနဲ့လည်းမပြီးတဲ့ အလုပ်ပဲဖြစ်ပါတယ်။

အရှေ့တိုင်းမှာ ဆရာဇီဝက၊ အနောက်တိုင်းမှာ ဆရာဟစ်ပိုခရေးတီး(စ်)တို့လို အစွမ်းထက်တဲ့ ဆေးဆရာကြီးတွေ ပေါ်ထွန်းခဲ့ပေမယ့် ဆေးကုတဲ့ အလုပ်နဲ့ သူနာပြုစုအလုပ်ရဲ့ ကွဲပြားခြားနားမှုကို ဗုဒ္ဓသာသနာမှာ ထားခဲ့တယ်။ ပရိနိဗ္ဗာန်စံဝင်ပြီးတဲ့ ဂေါတမမြတ်စွာဘုရားကို နောင်လာနောက်သားတွေ လုပ်ကျွေးပြုစုခွင့်ကို “သူနာပြု” အဆင့်နဲ့ သတ်မှတ်ပေးခဲ့တာ ဂုဏ်ယူစရာပါ။

“ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဂိလာနပုဂ္ဂိုလ်များအား

လူမျိုးဘာသာ/အဆင့်အတန်း မခွဲခြားဘဲ ပြုစုပါအံ့”။

ဆိုတဲ့ကျင့်ဝတ်ကို ရွတ်ဆိုကတိပြုပြီး သူနာပြုဖြစ်လာကြတဲ့ ပုဂ္ဂိုလ်တွေ မြန်မာနိုင်ငံမှာ အတော်အသင့်ရှိနေပါပြီ။ ဒါဟာ သူနာပြုကျင့်ဝတ် (၈) ချက်ထဲက အချက်တစ်ချက်မျှသာ ဖြစ်ပါတယ်။

ဖလောရင့်စ်နိုက်တင်ဂေး(လ်)လို ဖြစ်ချင်သလား။

မာသာထရီဆာလို ဖြစ်ချင်သလား။

မြင့်မြတ်တဲ့ဘဝကို ရယူနိုင်ခွင့် သူနာပြုတိုင်းမှာ ရှိနေပါတယ်။

**အစားထိုးမရတဲ့အလုပ်**

မြတ်စွာဘုရားကိုယ်တော်တိုင် ပြုစုကျင့်ကြံပြီး တန်ဖိုးထားခဲ့တဲ့ “သူနာပြု” ဘဝဟာရခဲလှတဲ့ လူဘဝထဲမှာမှ ပိုပြီးခဲယဉ်းတဲ့ အခွင့်အရေးတစ်ရပ်ဖြစ်လို့ မြင့်မြတ်တဲ့ဘဝလို့ ဆိုရခြင်းဖြစ်ပါတယ်။ အထူးသဖြင့် အမျိုးသမီးများရဲ့ဘဝနဲ့ အပ်စပ်တဲ့ အတွက်လည်း ကမ္ဘာပေါ်မှာ အမျိုးသမီးသူနာပြုတွေက အများစုဖြစ်ပါတယ်။ ခန္ဓာကိုယ်ရဲ့ဖွဲ့စည်းပုံဇီဝကမ္မဗေဒသဘောအရ မိခင်စိတ်၊ မိခင်မေတ္တာတွေဟာ ပေးထားချက်တစ်ရပ်ဖြစ်ပြီးသားမို့ သူနာပြုစုခြင်းအတတ်ကို အလိုလျောက် သင်ယူလွယ်ကြပါတယ်။ နည်းပညာတွေ ဘယ်လောက်တိုးတက်တိုးတက်၊ စက်မှုပစ္စည်းတွေ (ရိုဘော့ကအစ) ဘယ်လောက် ဆန်းပြားဆန်းပြား လူနဲ့လူချင်း ပြုစုစောင့်ရှောက်ရတဲ့ သူနာပြုအလုပ်ဟာ အစားထိုးမရတဲ့ အလုပ်ပဲဖြစ်ပါတယ်။

“လူသားအားလုံး၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးကို ကျွန်ုပ်အရေးကဲ့သို့ ယူဆပါအံ့”

သူနာပြုတို့ရဲ့ ဒီကျင့်ဝတ်ကို ဘယ်စက်ရုပ်ရိုဘော့ကမှ အစားမထိုးနိုင်တာ အသေအချာပါပဲ။ လူတစ်ယောက်ရဲ့ ခန္ဓာတွေဖွဲ့စည်းပုံကို ခွဲခြမ်းစိတ်ဖြာလေ့လာလို့ရပါတယ်။ လူရဲ့ ဇီဝကမ္မဗေဒကိုလည်း ခေတ်ခွဲစမ်းသပ်ပြီး နီးစပ်စွာသုံးသပ်လေ့လာလို့ရပါတယ်။ ဒါပေမယ့် **လူတွေရဲ့ စိတ်ကူးစိတ်သန်း အကြံအစည်ကစတဲ့ ကံသုံးပါးအပြုအမူ (Behaviors) တွေကျတော့ အလွန်မှုရှုပ်ထွေးပြီး နားလည်ရခက်ခဲပါတယ်။ ဒါကို နားလည်အောင် ကြိုးစားသင်ကြားပြီး မေတ္တာရှေ့ထားပြုစုရတဲ့ သူနာပြုအလုပ်ဟာ ဆရာဝန်တွေ မတတ်နိုင်တဲ့ အလုပ်ပဲ** ဖြစ်ပါတယ်။

> ❑ **လူတွေရဲ့ စိတ်ကူးစိတ်သန်း အကြံအစည်ကစတဲ့ ကံသုံးပါး အပြုအမူ (Behaviors) တွေကျတော့ အလွန်မှုရှုပ်ထွေးပြီး နားလည်ရခက်ခဲပါတယ်။ ဒါကို နားလည်အောင် ကြိုးစား သင်ကြားပြီး မေတ္တာရှေ့ထားပြုစုရတဲ့ သူနာပြုအလုပ်ဟာ ဆရာဝန်တွေမတတ်နိုင်တဲ့ အလုပ်ပဲဖြစ်**
>
> ❑ **ကမ္ဘာပေါ်မှာ သူနာပြုစုခြင်း အတတ်ပညာသာ လျင်မြန်စွာ တိုးတက်နေပါတယ်။ လက်မှတ်ရ၊ ဘွဲ့ရ၊ မဟာဘွဲ့ရကနေ ပါရဂူအထိ သင်တန်းတွေဖွင့်လှစ်ပေးပြီး အဆင့်မြှင့်သင်ကြား ထားတဲ့ သူနာပြုတွေဟာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တွေလည်း အဆင်ပြေစေမယ့် (Hub) တွေဖြစ်လာ**

**ဆေးပညာမော်ဒယ်ကို သုံးခဲ့ကြ**

လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင်ကျော်က ဟစ်ပိုခရေးတီး(စ်)တို့၊ ဇီဝကတို့လက်ထက်က ဆေးပညာဆိုတာက ရောဂါရှာဖွေခြင်းနဲ့ ဆေးကုသခြင်းအဓိကဖြစ်ပါတယ်။ “အနာသိရင် ဆေးရှိတယ်” လိုပဲ ယုံကြည်ခဲ့ကြပါတယ်။ ဉာဏ်ပညာရှိ၊ သမာဓိရှိ၊ သစ္စာတည်တဲ့ သမားတော်ကြီးတစ်ဦးကို မှီခိုထားရတဲ့ ဆေးပညာမော်ဒယ် (Medical Model) ကို သုံးခဲ့ကြရပါတယ်။

ဆေးပညာတွေကို အခြေခံရာကနေ ကျန်းမာရေးနယ်ပယ် ကျယ်ပြန့်လာတာနဲ့အမျှ ကျန်းမာရေးလောကထဲမှ ကြီးစွာသော အပြောင်းအလဲတွေ ဖြစ်ခဲ့ဖြစ်ခဲ့ ဖြစ်လတ္တံ့ပါပဲ၊ ဒီအပြောင်းအလဲတွေနဲ့ လိုက်လျောညီထွေမယ့်အတွေးအခေါ်တွေ၊ မူဝါဒတွေ၊ ဖွဲ့စည်းပုံတွေ၊ ဥပဒေတွေ ပြောင်းလဲပေးကြရပါတယ်။

မြန်မာနိုင်ငံမှာဆိုရင်လည်း “မြန်မာနိုင်ငံဆေးကောင်စီဥပဒေ”ကို ပြင်ဆင်တဲ့ ဥပဒေအဖြစ် (၃-၄-၂၀၂၀) ရက်နေ့က ထုတ်ပြန်ထားခဲ့ရာမှ “ဆေးပညာ” ဆိုတဲ့ ဝေါဟာရရဲ့ အဓိပ္ပာယ်ကို ခေတ်မီအောင် သတ်မှတ်ခဲ့ပြီးဖြစ်တာကို သမားပျိုတို့ကအစ ကျန်းမာရေးလောကသားများသာမက မြန်မာနိုင်ငံသားများအားလုံး သိရှိထားကြဖို့ လိုအပ်ပါတယ်။

“ဆေးပညာဆိုသည်မှာ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ဝေဒနာသက်သာစေခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်စေခြင်း၊ သုတေသနပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အပါအဝင် အနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအားလုံးနှင့် သက်ဆိုင်သော ပညာရပ်ကို ဆိုသည်။”

လို့ ဥပဒေပုဒ်မ ၃ (က)မှာ ပြဋ္ဌာန်းထားပါတယ်။

အလွန်ကျယ်ပြန့်လာတဲ့ ကျန်းမာရေးဆိုင်ရာ သဘောထားတွေထဲက ဆိုင်ရာကဏ္ဍ ကလေးတွေကို ဆေးပညာဆိုသည်မှာလို့ရေးပြီး အဓိပ္ပာယ်ဖွင့်ဆိုထားတာဖြစ်လို့ ခေတ်မီပူးပေါင်းဆောင်ရွက်မှုမော်ဒယ်တွေ အပြုအမူပြောင်းလဲရေးဆိုင်ရာမော်ဒယ်တွေ မပါဝင်သေးပါဘူး။

သိပ္ပံပညာကို အားကိုးတဲ့ အနောက်တိုင်းဆေးပညာနဲ့ အသက်မွေးတဲ့ ဆရာဝန်တွေအနေနဲ့ ရောဂါဖြစ်စေတဲ့ပိုးတွေအကြောင်း ပိုသိလာလေလေ “ဆေးကု၍မရပါ” ဆိုတဲ့ ပိုးတွေ့ရောဂါ ဝေဒနာတွေကို ပိုပြီးသိလာကြရပါတယ်။ အခု ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးဆိုရင်လည်း အလွန်လျင်မြန်တဲ့ ဗီဇပြောင်းလဲမှုတွေကြောင့် ကမ္ဘာကြီးတစ်ခုလုံး ပြောင်းဆန်နေအောင် ခံနေရဆဲဖြစ်ပါတယ်။

ရောဂါတွေရှာမယ်၊ ဆေးတွေရှာပြီး ကုသမယ်ဆိုတာက သီအိုရီသဘောပါပဲ၊ ကျွန်တော်တို့အမှတ်တမဲ့ဖြစ်သွားတာက “ရောဂါ” နဲ့ “ဝေဒနာ” မတူဘူးဆိုတဲ့အချက်ပါပဲ။ ဆရာဝန်တွေဟာ ရောဂါကို ကုသနိုင်စွမ်းရှိလာပေမယ့် “ဝေဒနာ” တွေကို သက်သာပျောက်ကင်းစေဖို့ “သူနာပြုစုခြင်း အတတ်ပညာရှင်” တွေကို အားမကိုးလို့မရပါ။

**ကမ္ဘာပေါ်မှာ သူနာပြုစုခြင်း အတတ်ပညာသာ လျင်မြန်စွာတိုးတက်နေပါတယ်။ လက်မှတ်ရ၊ ဘွဲ့ရ၊ မဟာဘွဲ့ရကနေ ပါရဂူအထိ သင်တန်းတွေဖွင့်လှစ်ပေးပြီး အဆင့်မြှင့်သင်ကြားထားတဲ့ သူနာပြုတွေဟာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေလည်း အဆင်ပြေစေမယ့် (Hub) တွေ ဖြစ်လာ** ပါတယ်။

**တိုးတက်တဲ့နိုင်ငံတွေမှာတွေ့လာရ**

အဆင့်မြင့်တဲ့ ဆေးရုံကြီးတွေကို အခြေခံကအစ လည်ပတ်လှုပ်ရှားစေတာ သူနာပြုအဆင့်ဆင့်ပဲ ဖြစ်ပါတယ်။ တကယ်ကျတော့ ဆရာဝန်ကြီးတွေဟာ “ဧည့်သည်” တွေအဖြစ်၊ “အကြံပေး” တွေအဖြစ်၊ “လမ်းညွှန်”တွေအဖြစ်၊ အသုံးတော်ခံနေကြရပြီး တဖြည်းဖြည်း စက်ရုပ်တွေ၊ ရိုဘော့တွေက အနီးကပ် နေရာယူလာကြတာကို ကျန်းမာရေး ၄.၀” (Health 4.0)ခေါ်တဲ့ စတုတ္ထအဆင့် စက်မှုတော်လှန်ရေး (4”Industrial Revolution)အနေနဲ့ ပုံပေါ်လာတာကို တိုးတက်တဲ့နိုင်ငံတွေမှာ တွေ့လာရပါတယ်။

ရောဂါဖွေရှာရာမှာ ဘယ်လောက်ပဲတိုးတက်သည်ဖြစ်စေ၊ ဆေးစွမ်းလည်း ဘယ်လောက်ပဲ ထက်မြက်သည်ဖြစ်စေ၊ လူတွေရဲ့ ရှုပ်ထွေးလှတဲ့ အကြောင်းရင်းတွေကြောင့် ဖြစ်လာတဲ့ ဝေဒနာတွေကို ဘယ်စက်ရုပ်ကမှ သက်သာပျောက်ကင်းအောင် မလုပ်နိုင်ပါဘူး။

လူသားစစ်စစ်ဖြစ်တဲ့ “မေတ္တာရှင်သူနာပြု” တွေမပါဘဲ ဆေးလောကဟာ ရပ်တည်နိုင်စွမ်း မရှိပါဘူး။

“ငါမရှိရင်မဖြစ်ဘူး၊ ကျန်းမာရေးစနစ်ကြီး ပြိုလဲစေရမယ်”

ဆိုတဲ့ မာနမျိုးနဲ့ ကိုယ့်ကိုအားကိုးနေတဲ့ လူနာတွေကို၊ ပြုစုမှသက်သာရမယ့်ဝေဒနာရှင်တွေကို စွန့်ခွာကျောခိုင်းရက်သလား။ ကိုယ်တိုင်ကျောခိုင်းခဲ့ရုံမက တခြားသူတွေလိုပါ လူနာတွေကို စွန့်ခွာကြဖို့ ဆွဲခေါ်သင့်ပါသလား။

တကယ်တော့ ဆေးရုံတစ်ခုမှာ မရှိမဖြစ်ဟာ သူနာပြုတွေပါ။ တချို့ကျေးလက်က တိုက်နယ်ဆေးရုံတွေမှာ တာဝန်ကျဆရာဝန်တွေရောက်မလာလို့ သူနာပြုဆရာမကြီးတွေကပဲအုပ်ချုပ်ပြီး တတ်နိုင်သလောက်စောင့်ရှောက်ပေးနေရတာကို ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ဖူးပါတယ်။ ကျေးလက်ဒေသက ပုဂ္ဂိုလ်တွေကလည်း သူတို့ယုံကြည်တဲ့သူတွေထံ အသက်ကို အပ်နှံဖို့ ဝန်မလေးကြပါဘူး။

“မေတ္တာရှင်” “ကရုဏာရှင်”ကို လူတွေအသိအမှတ်ပြုကြတဲ့ဘဝလို ရယူချင်ရင်တော့ (ဓမ္မပဒ-၂၂၁)ထဲက ကျင့်စဉ်ကို လိုက်နာသင့်ပါတယ်။

“အမျက်ဒေါသကို စွန့်ရာ၏။ မာန်မာနကို ပယ်ရာ၏”တဲ့ ။

သူနာပြုမှာ ဒေါသတွေကပ်ငြိနေရင် လူနာတွေ ဝေဒနာတိုးမှာပါပဲ။

မာန်မာနတွေကပ်ငြိနေရင်လည်း ချေးကလူ၊ သေးကလူကအစ သန့်စင်လုပ်ကျွေးပြုစုရတဲ့ သူနာပြုဘဝမှာ ကြာရှည်မမြဲပါဘူး။

ဒါပေမယ့် သူနာပြုတွေ ကျင့်ကြံရခက်ခဲတဲ့ အလုပ်တစ်ခုတော့ရှိပါတယ်။

“သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏”ဆိုတဲ့ ဆင်းရဲဒုက္ခတို့ မကျရောက်ကြောင်း တရားကိုတော့ ကျင့်ကြံဖို့နည်းနည်းခက်ပါတယ်။

သူနာပြုတွေဟာ သံယောဇဉ်ကြီးကြပါတယ်။ ဒါ့ကြောင့် လုပ်ငန်းခွင်ရဲ့ စိတ်ဖိစီးလောင်ကျွမ်းမှု (Burn Out) ဖြစ်တတ်ပါတယ်။

ကိုဗစ်-၁၉ ကြောင့် စိတ်တွေဖိစီးလောင်ကျွမ်းခဲ့ပြီးပါပြီ။

အာဏာနိုင်ငံရေးက ကူးစက်လာတဲ့ ဒေါသမီး၊ မာနမီးတွေ ထပ်အလောင်မခံဘဲ ဘုရားရှင်ကိုယ်စား အားကိုးအားထားရာ “သူနာပြု”တွေ ဖြစ်စေလိုပါတယ်။

# ရန်ကုန်အရှေ့ပိုင်း(ဂန္ဒီ) ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသူများ၏ ရင်တွင်းစကားသံများ

**ရန်ကုန်အရှေ့ပိုင်း(ဂန္ဒီ) ပြည်သူ့ဆေးရုံကြီးတွင် အထူးကုပြင်ပလူနာဌာနအပါအဝင် အခြားသော သက်ဆိုင်ရာ ဆေးကုသမှုဌာနများ ပြန်လည်ဖွင့်လှစ်ကာ ပြင်ပလူနာ၊ အတွင်းလူနာများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ဖျားနာ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေးနှင့် အရိုးရောဂါဝေဒနာရှင်များအနေဖြင့် အထူးကုပြင်ပလူနာဌာနတွင် ၂၄ နာရီ လိုအပ်သည့် ဆေးဝါးကုသမှုများ ပြုလုပ်နိုင်ပြီဖြစ်ပြီး အရေးပေါ်ပြင်ပ လူနာဌာနကိုလည်း နံနက် ၈ နာရီမှ ညနေ ၄ နာရီ ထိ ရန်ကုန်အရှေ့ပိုင်း(ဂန္ဒီ)ပြည်သူ့ဆေးရုံကြီးတွင် ကုသပေးလျက်ရှိသည်။**

သို့ဖြစ်၍ ရန်ကုန်အရှေ့ပိုင်း(ဂန္ဒီ) ပြည်သူ့ဆေးရုံကြီးတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများနှင့် လူနာစောင့် များအား ဆေးကုသပေးမှုနှင့် စပ်လျဉ်းပြီး တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**သားဖွားမီးယပ်ဌာနတွင် လာရောက်ဆေးကုသမှုခံယူနေသည့် ဒေါ်သူဇာဝင်း၏ လူနာစောင့် ဒေါ်ဇာဇာထွန်း (ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်)**

ရန်ကုန်တိုင်းဒေသကြီး သာကေတ မြို့နယ်က လာတာပါ။ လူနာက ရိုးရိုးမမွေးနိုင်လို့ ခွဲမွေးဖို့ ဒီဆေးရုံကြီးကိုလာခဲ့တာပါ။ ဆေးရုံမှာ ကုန်ကျစရိတ် အခမဲ့ဆိုတော့ ဘာအခက်အခဲမှ မရှိပါဘူး။ မနေ့ကပဲ အောင်မြင်စွာခွဲမွေးပြီးတာပါ။ ဒီလို အခြေအနေမျိုးမှာ ဆေးရုံတွေပြန်ဖွင့်ပေးတာ အလွန်ဝမ်းသာပါတယ်။

**တီဘီရောဂါ ကုသရေးဌာနတွင် ဆေးကုသမှု ခံယူနေသည့် ကိုအောင်ဆန်းဦး (ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်)**

ကျွန်တော်က မြောက်ဥက္ကလာပမြို့နယ်မှာ နေပါတယ်။ တီဘီရောဂါနဲ့ ဒီကိုရောက်လာတာပါ။ ဆရာဝန်၊ ဆရာမတွေကလည်း တစ်ခုခုဆိုတာနဲ့ ဂရုစိုက်ပေးကြပါတယ်။ ဒီမှာက အဆင်ပြေပါတယ်။ ဆေးရုံကတော့ ဘယ်နေ့ဆင်းရမယ် မသိပါဘူး။ ဆေးစစ်ချက်တွေက မရသေးတဲ့အတွက်ပါ။ အပြင်ကနေ ဝယ်ရတဲ့ဆေးဝါးကုန်ကျစရိတ်တော့ ရှိပါတယ်။ ကျန်တဲ့ ဆေးဝါးတွေကတော့ မဝယ်ရပါဘူး။ ဆေးရုံက ပေးတာတွေလည်းရှိပါတယ်။ ဆေးရုံမှာ အချိန်ပြည့် ကြည့်ရှုပေးမယ့် ဆရာဝန်တွေ ရှိနေတာကိုက လူနာတွေအတွက် ကံကောင်းတာပါ။

**ဆီးချိုရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသည့် ဒေါ်ယဉ်မိုး (ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်)**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဉယျာဉ် မြို့တော်မှာ နေပါတယ်။ ဆီးချိုရောဂါဖြစ်လို့ လာပြတာပါ။ အရင်ကတော့ ဘယ်မှာပြရမှန်း မသိတာနဲ့ ပေ့ါပေ့ါပဲ နေခဲ့မိပါတယ်။ ခုတော့ အသိတစ်ယောက်ရဲ့ လမ်းညွှန်ပေးမှုနဲ့ ဒီဆေးရုံကို ရောက်လာခဲ့တာပါ။ ကုန်ကျစရိတ် တော်တော်များများက အခမဲ့ဆိုတော့ ကျွန်မတို့လို အခြေခံလူတန်းစားပြည်သူတွေအတွက် ဒီအချိန် ဒီကာလမှာ ဆေးရုံတွေပြန်ဖွင့်ပေးတာကို အတိုင်းမသိဝမ်းသာပါတယ်။

**သားဖွားမီးယပ်ဌာနတွင် မီးဖွားမည့် ဒေါ်လှိုင်လှိုင်မိုး၏မိခင် ဒေါ်စန်းရီ(ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်)**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၃)ရပ်ကွက်က လာတာပါ။ ကျွန်မကလူနာရဲ့မိခင်ပါ။ လူနာကိုတော့ ဒီနေ့ညနေမှာ ခွဲမွေးမှာပါ။ ဆရာဝန်တွေကလည်း ဂရုစိုက်ကြပါတယ်။ အခုတော့ မခွဲရသေးပါဘူး။ ခွဲမွေးရမယ်ဆိုတော့ ကုန်ကျစရိတ်တွေ မတတ်နိုင်ပါဘူး။ ဒါက ကိုယ့်ပြည်သူ့ဆေးရုံကြီးဆိုတော့ အကုန်အကျလည်း သက်သာတယ်။ ပစ္စည်းကိရိယာလည်း စုံလင်တယ်။ ဂန္ဒီပြည်သူ့ဆေးရုံကြီးကို အစစအရာရာ အားကိုးပြီးလာတာပါ။ လာတုန်းကတော့ ဆရာဝန်တွေများ ရှိပ့ါမလားဆိုပြီး အားငယ်စိတ်ဖြစ်မိတယ်။ ဒီကျတော့ ဆရာဝန်၊ ဆရာမတွေ ရှိတယ်။ လိုအပ်တာတွေလည်း စီစဉ်ပေးတဲ့အခါကျတော့ အားရှိတာပေ့ါ။ ဆေးရုံမှာက သူ့ဟာနဲ့သူ ဆရာဝန်တွေရှိတယ်။ ဆေးလာကုနေတဲ့ လူနာတွေ ရှိတယ်။ အခုကာလက ငွေရေးကြေးရေး အကျပ်အတည်းရှိတဲ့အချိန်ဆိုတော့ ပြည်သူ့ဆေးရုံတွေကပဲ အားကိုးစရာရှိတာပါ။

ယခုအခါ ရန်ကုန်အရှေ့ပိုင်း(ဂန္ဒီ) ပြည်သူ့ဆေးရုံကြီးသို့ တစ်နေ့လျှင် ပြင်ပလူနာ ဦးရေ ၆၀ ခန့် လာရောက်ပြသလျက်ရှိပြီး အတွင်းလူနာဦးရေ ၂၀ ခန့် တက်ရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း ဆေးရုံတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**စန္ဒာမိုး၊ လင်းလင်းထွန်း(ပြန်/ဆက်)**



ဒေါ်ဇာဇာထွန်း



ကိုအောင်ဆန်းဦး



ဒေါ်ယဉ်မိုး



ဒေါ်စန်းရီ

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက် (၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ပြုလုပ်

**နေပြည်တော် မေ ၂၃**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မေ ၂၂ ရက် ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ ဗထူး အားကစားကွင်း၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကိုနှင့် တိုင်းဒေသကြီး စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ်ဖြစ်သည့် ပြင်ဦးလွင် ခရိုင်အသင်းနှင့် မိတ္ထီလာ ခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။




**ပေးအပ်**

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် ဖလားဆုရရှိသည့် မိတ္ထီလာခရိုင် အသင်းတို့အား တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဖလားနှင့် ဆုများ အသီးသီးပေးအပ်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းဖြင့် မေ ၁၃ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပင်လောင်းမြို့နယ် လွဲကြီးကျေးရွာ ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**ပင်လောင်း မေ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာပြည်သူလူထုတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် သပြေကုန်းကျေးရွာအုပ်စု လွဲကြီးကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ကွန်ကရစ်လမ်းဖွင့်ပွဲကို အဆိုပါကျေးရွာ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးညီညီမင်းနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းတို့က လမ်းဖွင့်ပွဲ မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာမှ တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ကပြဖျော်ဖြေပေးသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို လည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်အောင်စိုးက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လက်ရှိ ဆောင်ရွက်ပေးနေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး ကျေးရွာ ပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ကျေးရွာတွင်း ကွန်ကရစ်လမ်းသည် အရှည်ပေ ၁၀၀၀၊ အလျား ၁၂ ပေ၊ ထုထည် ခြောက်လက်မဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုငွေကျပ် ၁၀ ဒသမ ၀၀ သန်းနှင့် ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၅ ဒသမ ၃၀ သန်း ကုန်ကျဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါလမ်းဖွင့်ပွဲသို့ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ အမှတ်(၁၂၂)တပ် အရာရှိများ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာ ရပ်မိရပ်ဖများ၊ ပြည်သူလူထုများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အတွေးအရေး

# ကလေးများကို ပျော်ရွှင်စွာ ကျောင်းတက်ခွင့်ပေးပါ

■ ဘောဘီချစ်

မေလ ၂၄ ရက်နေ့ဟာ ကိုဗစ် – ၁၉ ကပ်ဆိုးကြောင့် တစ်နှစ်တာလုံး ပိတ်ထားခဲ့ရတဲ့ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းစာသင်ကျောင်းတွေ ပုံမှန်စာသင်နှစ်အတိုင်း ပြန်ဖွင့်ဖို့ ကျောင်းအပ်လက်ခံတဲ့ ကျောင်းအပ်နှံရေး သီတင်းပတ်ရဲ့ ပထမနေ့ဖြစ်ပါတယ်။

မိဘတို့ လုပ်ဆောင်ရမယ့် ဝတ္တရားထဲမှာ “အတတ်သင်စေ” ဆိုတဲ့ ဝတ္တရားတစ်ခုလည်း ပါပါတယ်။ လက်ရှိကာလမှာ မိမိတို့ ကလေးငယ်တွေကို ကျောင်းအပ်နှံမယ့် မိဘတွေရှိသလို၊ ကျောင်းမအပ်ဘူးဆိုတဲ့ မိဘတွေလည်း ရှိနေပြန်ပါတယ်။

“ကျောင်းမအပ်ဘူး”ဆိုတဲ့ မိဘတွေကို လေ့လာကြည့်တဲ့အခါ နှစ်မျိုးနှစ်စားရှိနေတာ တွေ့ရပါတယ်။

ကိုယ်တိုင် စိတ်ခံစားချက်၊ နိုင်ငံရေးခံယူချက်အရ မိမိတို့ရဲ့ ရင်သွေးငယ်များကို ကျောင်းမအပ်ချင်တဲ့ မိဘတွေအနေနဲ့ ၎င်းတို့ကလေးငယ်တွေရဲ့ အနာဂတ်အတွက် ၎င်းတို့ဘာသာ ဆုံးဖြတ်နိုင်ပါတယ်။ ကိုယ့်ဆန္ဒအတိုင်း ကိုယ်လုပ်ကြတာဖြစ်တဲ့အတွက် ကျောင်းအပ်ခြင်း၊ မအပ်ခြင်းက ၎င်းတို့ သဘောဆန္ဒအရ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိပါတယ်။

သို့ပေမယ့် လူမှုကွန်ရက်စာမျက်နှာများပေါ်မှာ “ကျောင်းမတက်နဲ့ ကျောင်းထွက် ” ဆိုတဲ့ အရေးအသားတွေ၊ လူမှုရေးတိုက်ခိုက်တဲ့ စကားလုံးတွေ၊ ရန်ပြုမယ့် အမူအရာတွေအပြင် အခုဆို စာသင်ကျောင်းတွေကို ဖောက်ခွဲတိုက်ခိုက်တဲ့ ခြိမ်းခြောက်တဲ့အပြုအမူတွေ စတဲ့အကြောင်းအမျိုးမျိုးတွေကြောင့် မိမိတို့ကလေးတွေကို စာသင်ခန်းထဲမပို့ရဲတဲ့ မိဘတွေအတွက် တွေးမိရင် စိတ်မကောင်းဖြစ်မိတာ အမှန်ပါ။

ဒါနဲ့ပတ်သက်ပြီး ဒီမိုကရေစီကျင့်စဉ်အရ မတူကွဲပြားမှုတွေအပေါ် နားလည်မှုရှိဖို့၊ လူနည်းစုရဲ့ဆန္ဒကို အလေးထားဖို့နဲ့အတူ လူအများရဲ့ဆန္ဒကိုလည်း မပစ်ပယ်သင့်ဘူးလို့ ထင်မိပါတယ်။ ရန်ပြု၊ ခြိမ်းခြောက်၊ ပျက်စီးရာပျက်စီးကြောင်း ဥပဒေမဲ့လုပ်ရပ်တွေဟာ ဒီမိုကရေစီနဲ့ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာတွေပါ။

မိမိတို့ ကလေးငယ်တွေကို စာသင်ခန်းအတွင်း ပို့ချင်နေတဲ့ မိဘတွေကို အနှောင့်အယှက်ပြုတာ ဟန့်တားတာတွေ၊ သူတစ်ပါးအခွင့်အရေးကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်တာတွေ ဥပဒေမဲ့ လုပ်ဆောင်လာတဲ့သူတွေကို ထိရောက်တဲ့ အရေးယူတားမြစ်မှုတွေ လုပ်ဆောင်ဖို့လိုတယ်လို့ တွေးမိပါတယ်။

ပညာသင်ကြားရမယ့်အရွယ် ကလေးငယ်တွေကို ပညာသင်ကြားခွင့် ရပ်တန့်ပစ်စေတာဟာ ကလေးငယ်တွေရဲ့ အနာဂတ်ကို ဖျက်ဆီးပစ်တာနဲ့ တူပါတယ်။ ငယ်စဉ်အခါ ပညာရှာလို့ ဆိုထားတဲ့အတိုင်း ကုန်ဆုံးသွားမယ့် အချိန်တွေက ပြန်မရနိုင်တော့ပါဘူး။ ကလေးငယ်တစ်ဦးချင်းစီရဲ့ နစ်နာမှုမှသည် တိုင်းပြည်ရဲ့ အနာဂတ်ကိုပါ ထိခိုက်လာမှာ ဖြစ်ပါတယ်။

ပညာရေးဆိုတာ လူတစ်ဦးချင်းစီကို အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်တွေ ကောင်းအောင် ပြုပြင်ထိန်းကျောင်း လုပ်ဆောင်ပေးတဲ့အရာဖြစ်တဲ့အပြင် ဘဝမြင့်မားရေးအတွက်ပါ အထောက်အပံ့ပေးနိုင်တဲ့ အရာပါ။

ဒီနေရာမှာ စင်ကာပူ ခေါင်းဆောင်ကြီး လီကွမ်ယုရဲ့ ပညာရေးနဲ့ ပတ်သက်တဲ့ အဆိုအမိန့်တစ်ခုကို သွားသတိရမိပါတယ်။

“စစ်လက်နက်ပစ္စည်းနဲ့ တက်သိမ်းစရာမလိုပါဘူး၊ ပညာတတ်အောင်လုပ်သူ့ဟာသူ ကျွန်ခံလာလိမ့်မယ်” လို့ လီကွမ်ယုက ဆိုထားပါတယ်။

“ပညာရေးဆိုတာ ကမ္ဘာဆိုတဲ့ သော့ခလောက်ကို “ဂျောက်” ခနဲ ပွင့်သွားစေမယ့် သော့တံပဲ။ လွတ်လပ်မှုဆီသွားဖို့ ခရီးသွားလာခွင့်လက်မှတ်ပေါ့” လို့ နာမည်ကျော် အမျိုးသမီးကြီး Oprah Winfrey ကလည်း ဆိုထားပြန်ပါတယ်။

ဇွန်လ ၁ ရက်နေ့ ကျောင်းဖွင့်ချိန်ရောက်ရင် စာသင်ခန်းတွေထဲမှာ တူညီဝတ်စုံနဲ့ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်နေမယ့် ကလေးငယ်တွေအဖြစ် မြင်ချင်မိပါတယ်။ ကျောင်းအပ်နှံမယ့် မိဘတွေကို ကျောင်းအပ်နှံနိုင်အောင်၊ ကျောင်းတက်ချင်တဲ့ ကလေးတွေကို အေးချမ်းစွာ ကျောင်းတက်ခွင့်ရအောင် တာဝန်ရှိသူများနဲ့ ပညာရေးလိုလားအားပေးသူအားလုံးက တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းကူညီပေးကြစေလိုပါတယ်။

ပညာသင်ဖို့ ကျောင်းကို သွားကြမယ့် ကလေးငယ်တွေဟာ မကောင်းမှုလုပ်ဖို့သွားတာ မဟုတ်သလို တစ်စုံတစ်ဦးကို ထိခိုက်နာကျင်အောင် လုပ်နေကြတဲ့သူတွေလည်း မဟုတ်ပါဘူး ။ ဖြူစင်နုနယ်တဲ့ အပြစ်ကင်းတဲ့ ကလေးငယ်တွေပါ။ ကလေးငယ်တွေကို နိုင်ငံရေး အယူဝါဒများကြားက မြေစာပင်လေးများ မဖြစ်စေချင်ပါ။ ။

○ *ကျောဖုံးမှ*

ပထမဆုံးအကြိမ် ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲစဉ်တွင် အနိုင်ရရှိမှသာ ချန်ပီယံဖြစ်မည် ဖြစ်သည့်အတွက် အေတီမက်အသင်းသည် ပြီးခဲ့သည့် အိုဆာဆူနာအသင်းနှင့်ပွဲစဉ်မှ လူစာရင်းကို တစ်ဦးသာ အပြောင်းအလဲပြုလုပ်ပြီး အားထားရသည့် အော့ဘလက်၊ ထရစ်ပီယာ၊ ကော်ရဲရား၊ နီဂွက်ဇ်၊ ဆွာရက်ဇ်တို့ဖြင့် ပွဲထွက်လာခဲ့သည်။ ဗယ်လာဒိုလစ်အသင်းက ယနေ့ပွဲစဉ်မတိုင်မီ တန်းဆင်းရန် အဖြေထွက်ပေါ်ခဲ့ပြီးဖြစ်သော်လည်း အဓိက ကစားသမားအများစုဖြင့် အေတီမက်အသင်းကို ရင်ဆိုင်လာခဲ့သည်။

### သွင်းယူပေးနိုင်ခဲ့

ယနေ့ပွဲစဉ်တွင် ဦးဆောင်ဂိုးကို ဗယ်လာဒိုလစ်အသင်းက ရရှိခဲ့ပြီး ပွဲချိန် ၁၈ မိနစ်တွင် ပလာနိုက သွင်းယူပေးနိုင်ခဲ့သည်။ အေတီမက်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ကော်ရဲရားက သွင်းယူပေးနိုင်ခဲ့ပြီး အနိုင်ဂိုးကို ပွဲချိန် ၆၇ မိနစ်တွင် တိုက်စစ်မှူး ဆွာရက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။ ဆွာရက်ဇ်သည် ယခုနှစ်ရာသီတွင် အေတီမက်အသင်းအတွက် ပြိုင်ပွဲစုံ ၃၈ ပွဲတွင် ၂၁ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည်။ အခြားသော ရာသီပိတ်ပွဲစဉ် အသင်းကြီးများ၏ ရလဒ်တွင် ဘာစီလိုနာအသင်းက အီဘာအသင်းကို ဂရစ်ဇ်မန်း၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိပြီး အဆုံးသတ်နိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းက ဗီလာရီးရဲအသင်းကို ဘင်ဇီမာ၊ မိုဒရစ်တို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ရာသီပိတ်သိမ်းနိုင်ခဲ့သည်။

### မှတ်တမ်းတင်နိုင်

ချန်ပီယံလိဂ်ဝင်ခွင့်အဖြစ် အေတီမက်၊ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာနှင့် ဆီဗီလာအသင်းတို့ ရရှိခဲ့ပြီး ယူရိုပါလိဂ်ဝင်ခွင့်အဖြစ် ရီးရဲဆိုစီဒက်နှင့် ရီးရဲဘက်တစ်အသင်းတို့ ရရှိခဲ့သည်။ တန်းဆင်းသွားရသည့် အသင်းသုံးသင်းမှာ ဟူစကာ၊ ဗယ်လာဒိုလစ်၊ အီဘာအသင်းတို့ဖြစ်သည်။ ယခုနှစ်ရာသီ သွင်းဂိုးအများဆုံးသွင်းယူသူအဖြစ် မက်ဆီက ဂိုး ၃၀ ဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ ယခုနှစ်ရာသီ အိမ်ကွင်းဂိုးအပြတ်ဆုံးနိုင်ပွဲအဖြစ် အေတီမက်အသင်းက ဂရန်နာဒါအသင်းကို ခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး မှတ်တမ်းတင်နိုင်ခဲ့သည်။ ဂိုးအပြတ်ဆုံး အဝေးကွင်းနိုင်ပွဲအဖြစ် ဘာစီလိုနာအသင်းက ဆိုစီဒက်အသင်းကို ခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

အရှည်ကြာဆုံးနိုင်ပွဲဆက်မှုအဖြစ် အေတီမက်အသင်းက ရှစ်ပွဲဖြင့် မှတ်တမ်းဝင်ခဲ့ပြီး အရှည်ကြာဆုံး မရှုံးနိမ့်အောင် ကစားထားနိုင်သည့် အသင်းအဖြစ် ဘာစီလိုနာအသင်းက ၁၉ ပွဲဖြင့် မှတ်တမ်းဝင်ခဲ့သည်။ အရှည်ကြာဆုံး ရှုံးပွဲဆက်မှုအဖြစ် အီဘာအသင်းက ရှုံးပွဲ ငါးပွဲဖြင့် မှတ်တမ်းဝင်ခဲ့သည်။

**အောင်ဇော်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် မေ ၂၃

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ပုံမှန်နေထိုင်မှုဘဝပြန်လည်ရရှိစေရေးအတွက် တဖြည်းဖြည်းချင်း လျှော့ချလုပ်နေသည့် ဗြိတိန်

ကေကေစိုး

ပြီးခဲ့သည့်နှစ် စက်တင်ဘာလမှစ၍ ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ်အဖြစ် ကီရန်အတွက် ဇနီးသည်နှင့် ကလေးများကို လန်ဒန်တွင် ပွေ့ဖက်နိုင်ခြင်းဖြစ်သည်။

**နေအိမ်သို့ပြန်နိုင်ပြီ**

ဗြိတိန်အစိုးရက အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ကြေညာလိုက်သည့်အချိန်တွင် ကီရန်မှာ အပြင်းဖျားနေခဲ့ပြီး ဇနီးသည် အလုပ်ဆက်လုပ်နိုင်ရန်နှင့် ကလေးများကျောင်းသွားနိုင်ရေးအတွက် ကီရန်မှာ သီးခြားခွဲ၍ နေထိုင်ခဲ့ရသည်။ ယခုအခါ မေ ၁၇ ရက်မှစတင်ကာ ဗြိတိန်တွင် အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ဖြေလျှော့ပေးလိုက်ပြီဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကြောင့် ကီရန်ကဲ့သို့ မိသားစုနှင့် ခွဲနေရသူများ နေအိမ်သို့ပြန်နိုင်ပြီ ဖြစ်သည်။

**ကန့်သတ်မှုများဖြေလျှော့**

ပြည်သူများသည်လည်း စားသောက်ဆိုင်နှင့်ဘားတို့တွင် မိတ်ဆွေသူငယ်ချင်းတို့နှင့် ထိုင်နိုင်ပြီဖြစ်သည်။ ကျောင်းသားများအတွက်လည်း စာသင်ခန်းအတွင်း အုပ်စုလိုက် လေ့ကျင့်မှုများ ပြုလုပ်နိုင်ပြီဖြစ်သည်။ သို့သော်လည်း ကျွမ်းကျင်ပညာရှင်များကမူ သတိထားကြရန် တောင်းဆိုဆဲဖြစ်သည်။ အိန္ဒိယတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်မှု ဗြိတိန်တွင် ပျံ့နှံ့လာသော်လည်း ပိတ်ဆို့ကန့်သတ်မှုများကို ဖြေလျှော့ပေးခဲ့သည်။ မန်ချက်စတာ အပါအဝင် အခြားသောဒေသများတွင်လည်း ကိုဗစ်- ၁၉ ဆေးစစ်မှုများကို အရှိန်အဟုန်ဖြင့် ပြုလုပ်ပေးခဲ့သည်။ လန်ကာရှိုင်းယားမှ သမားတော်တစ်ဦးဖြစ်သူ ပရီတီရှုဂလာက ပြည်သူများ ကိုဗစ်-၁၉ ကူးစက်မှုအပေါ် သတိလက်လွတ်မနေကြရန် တိုက်တွန်းထားသည်။ ပြည်သူများအနေဖြင့် အကာအကွယ်များကို ဆက်လက်ကျင့်သုံးသွားရန် လိုအပ်ကြောင်း အထူးသဖြင့် ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုမှာ အထူးစိုးရိမ်စရာဖြစ်ကြောင်း စည်းကမ်းချက်များကို ဆက်လက်လိုက်နာရန် လိုအပ်ဆဲဖြစ်သည်ဟု ၎င်းက ပြောသည်။




လန်ဒန်တံတားအနီး ဘတ်စ်ကားမှတ်တိုင်တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားသူများကို တွေ့ရစဉ်။

**တိုက်တွန်းထား**

ပါးစပ်၊ နှာခေါင်းစည်း စနစ်တကျတပ်ဆင်ရန်၊ လူမှုဝေးကွာ အစီအမံများအတိုင်း ဆက်လက်နေထိုင်ရန်နှင့် မကြာခဏလက်ဆေးရန် တိုက်တွန်းထားသည်။ ကျန်းမာရေး အစီအမံများကို ဆက်လက်လိုက်နာခြင်းဖြင့် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တစ်ခု ဖြစ်လာနိုင်သည်ဟု ၎င်းကဆက်ပြောသည်။ တစ်နှစ်ကျော်ကြာ အသွားအလာပိတ်ဆို့ကန့်သတ်မှုအောက်တွင် နေထိုင်ခဲ့ရပြီး ပုံမှန်နေထိုင်မှုဘဝ ပုံစံပြန်လည်ရရှိရေးကြိုးပမ်းမှုကို ကြိုဆိုကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ယခင်နေထိုင်ခဲ့ရသည့် ကိုဗစ် -၁၉ ပိတ်ဆို့ကန့်သတ်မှုများအောက်သို့ မည်သူမျှ ပြန်သွားချင်မည်မဟုတ်ကြောင်းလည်း ရှုဂလာက ပြောသည်။

**ကူးစက်မှုမြန်**

အိန္ဒိယတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်မှု ဗြိတိန်တွင် ပျံ့နှံ့လာမည်ကိုလည်း စိုးရိမ်နေကြသည်။ ဗီဇပြောင်း ကိုဗစ် -၁၉ကြောင့် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုဖြေလျှော့မည့် အစီအစဉ်ကို အနှောင့်အယှက်အဟန့်အတားဖြစ်လာမည်ကိုလည်း မျှော်လင့်ထားပြီးသားဖြစ်သည်။ အိန္ဒိယတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်မှုပေါင်း ၂၃၂၃ ကို ဗြိတိန်တွင် တွေ့ရှိရပြီး အင်္ဂလန်အနောက်မြောက်ပိုင်းတွင်လည်း ကူးစက်ခံရသူပေါင်း ၄၈၃ ဦးကိုလည်း တွေ့လာရသည်ဟု ဗြိတိန်ကျန်းမာရေးဝန်ကြီး မက်ဟန်ကော့က ပြောသည်။ အိန္ဒိယတွင် တွေ့ရှိရသည့် ဗီဇပြောင်းမှာ ယင်းထက်ပို၍ ကူးစက်မှုမြန်မည်ဟုလည်း ရှုဂလာကပြောသည်။ ထို့ကြောင့် ထိတွေ့မိသူများအတွက် လျင်လျင်မြန်မြန် ကူးစက်ခံရဖွယ်ရှိသည်။

**တောမီးကဲ့သို့လျင်မြန်စွာကူးစက်**

လူငယ်များတွင်လည်း ကူးစက်မှုမြင့်ပြီး ကာကွယ်ဆေးမှာ ယင်းဗီဇပြောင်း ကိုဗစ်-၁၉တွင်လည်း အကျိုးသက်ရောက်မှုရှိမည်ဟု မျှော်လင့်ရသည်။ ထို့ကြောင့် လက်ရှိကူးစက်နေသည့် ဒေသတွင် နေထိုင်သူများအဖို့ သတိကြီးကြီးထားရန် လိုအပ်သည်ဟုလည်း ၎င်းက ဆက်ပြောသည်။ ကိုဗစ် -၁၉ ကာကွယ်ဆေးမှာ အိန္ဒိယတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ် - ၁၉ ကူးစက်မှုကို အကာအကွယ်ပေးနိုင်သည်ဟု ယုံကြည်မှုရှိကြောင်း ဗြိတိန် ကျန်းမာရေးဝန်ကြီးက ပြောသည်။ သို့သော် ကာကွယ်ဆေးမထိုးရသေးသူများကြားထဲတွင် အဆိုပါဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုမှာ တောမီးကဲ့သို့ လျင်မြန်စွာ ကူးစက်သည်ဟုလည်း ၎င်းက ဆက်ပြောသည်။

**လေဝင်လေထွက်ကောင်းအောင် ပြုလုပ်သင့်**

မေ ၁၇ ရက်မှစတင်ကာ ပြည်သူများ စားသောက်ဆိုင်အတွင်း ဆိုင်ထိုင်စားသောက်ခွင့်ရပြီ ဖြစ်သည်။ ထို့ကြောင့် စားသောက်ဆိုင်များနှင့် အရက်ဆိုင်များ ပြန်ဖွင့်ခွင့်ရပြီဖြစ်သည်။ ယင်းသို့ပြန်ဖွင့်ခွင့်ပေးရခြင်းမှာလည်း ဗြိတိန်နိုင်ငံ၏ စီးပွားရေးကို အထောက်အကူဖြစ်စေရန်အတွက်လည်း ဖြစ်သည်။ သို့သော်လည်း လေ့လာမှုများအရ ကိုဗစ် -၁၉ ကူးစက်မှုမှာ အခန်းပြင်ပထက် အခန်းအတွင်းပိုင်းတွင် ကူးစက်မှုပို၍ လျင်မြန်သည်ဟု သိရသည်။ အဆောက်အအုံ အတွင်းပိုင်းတွင် ကူးစက်မှုပို၍ဖြစ်နိုင်သဖြင့် လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ထားသင့်သည်။

> ▼ **မေ ၁၇ ရက်မှစတင်ကာ ပြည်သူများ စားသောက်ဆိုင်အတွင်း ဆိုင်ထိုင်စားသောက်ခွင့်ရပြီ ဖြစ်သည်။ ထို့ကြောင့် စားသောက်ဆိုင်များနှင့် အရက်ဆိုင်များ ပြန်ဖွင့်ခွင့်ရပြီဖြစ်သည်။ ယင်းသို့ ပြန်ဖွင့်ခွင့်ပေးရခြင်းမှာလည်း ဗြိတိန်နိုင်ငံ၏ စီးပွားရေးကို အထောက်အကူဖြစ်စေရန်အတွက်လည်း ဖြစ်သည်။ သို့သော်လည်း လေ့လာမှုများအရ ကိုဗစ်- ၁၉ ကူးစက်မှုမှာ အခန်းပြင်ပထက် အခန်းအတွင်းပိုင်းတွင် ကူးစက်မှုပို၍ လျင်မြန်သည်ဟု သိရသည်။ အဆောက်အအုံအတွင်းပိုင်းတွင် ကူးစက်မှုပို၍ ဖြစ်နိုင်သဖြင့် လေဝင် လေထွက်ကောင်းအောင် ပြုလုပ်ထားသင့်သည်**

**လုံခြုံစိတ်ချစေမည်**

စည်းကမ်း သတ်မှတ်ချက်များ ဖြေလျှော့ပေးလိုက်သည့် နောက်ထောင်နှင့်ချီသည့် ပြည်သူများသည် နိုင်ငံရပ်ခြားသို့ အားလပ်ရက်ခရီးထွက်ရန် ပြင်ဆင်နေကြပြီဖြစ်သည်။ ဆရာဝန်များက နိုင်ငံရပ်ခြားအားလပ်ရက် ခရီးထွက်ကြမည့်ပြည်သူများ တိုင်းပြည်ရပ်ခြားတွင်လည်း ကိုဗစ် -၁၉ ကို သတိရှိကြရန်နှင့် မိမိတို့တိုင်းပြည်အတွင်းသို့ ရောဂါပိုးများ ပြန်သယ်မလာမိစေရေး ဂရုပြုကြရန်လည်း တိုက်တွန်းပြောကြားထားသည်။ လေကြောင်းဖြင့် ခရီးသွားလာခြင်းကို သတိထားရန်လိုအပ်ကြောင်း စိုးရိမ်ရသည့်ဒေသမှ ပြန်လာသည့်သူများအနေဖြင့် အသွားအလာစောင့်ကြည့်ကန့်သတ်မှုခံယူရန်လည်း လိုအပ်သည်။ မိမိကိုယ်ကို ကာကွယ်ခြင်းဖြင့် အသိုက်အဝန်းတစ်ခုလုံးကို လုံခြုံစိတ်ချစေမည်ဖြစ်သည်။

**အတည်မပြုနိုင်သေး**

ပြည်သူများ အားလုံးအသွားအလာပိတ်ဆို့ကန့်သတ်မှု ကင်းဝေးပြီးပုံမှန်နေထိုင်မှုဘဝ ပြန်ရောက်လိုကြသည်။ ဗြိတိန်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်း အစီအစဉ်ကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုနှင့်ပတ်သက်၍မူ စိုးရိမ်နေရဆဲဖြစ်သည်။ အိန္ဒိယတွင်တွေ့ရှိရသည့် ဗီဇပြောင်းကိုဗစ် -၁၉ မှာ ကူးစက်မှုပို၍ လျင်မြန်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြသည်။ သို့သော်လည်း အစောပိုင်းကောက်ယူထားသည့် အချက်အလက်များအရ ကာကွယ်ဆေးမှာ အသုံးဝင်ဆဲဖြစ်သည်။ ကာကွယ်ဆေး၏ အကျိုးသက်ရောက်နိုင်မှု ပမာဏကိုမူ အတည်မပြုနိုင်သေးချေ။

**ဘက်ပေါင်းစုံမှ စဉ်းစားရန်လိုအပ်**

ဇွန်လ ၂၁ ရက်တွင် နောက်ထပ်ဖြေလျှော့ပေးမည့် အစီအစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်မှာ သေချာမှုရှိစေရေးအားလုံးက မျှော်လင့်ထားကြသည်။ ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် နောက်ထပ်ဖြေလျှော့ပေးမည့် အစီအစဉ်များ အလုပ်ဖြစ်ပါ့မလားဟု တွေးတောလာကြသည်။ နောက်ထပ်ဖြေလျှော့မှုများ ပြုလုပ်ရန် ဘက်ပေါင်းစုံမှ စဉ်းစားရန်လိုအပ်သည်ဟု ရှုဂလာက ပြောသည်။ ဗြိတိန်နိုင်ငံတွင် လူပေါင်း ၃၆ ဒသမ ၇ သန်းမှာ ကိုဗစ် -၁၉ ကာကွယ်ဆေး ပထမအကြော့ ထိုးပြီးဖြစ်သည်ဟု နောက်ဆုံးထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။ ဗြိတိန်နိုင်ငံတွင် ကာကွယ်ဆေးထိုးနှံပေးမှုကို တိုးတက်စွာ လုပ်ဆောင်ပေးနိုင်သော်လည်း စိုးရိမ်ရမည့် အခြေအနေကမူ မလွတ်သေးပေ။ ။

ကိုးကား- ဆင်ဟွာ

# မလေးရှားနိုင်ငံတွင် ကိုဗစ် - ၁၉ နောက်ထပ် စည်းကမ်းကန့်သတ်ချက်များ တင်းကျပ်

ကွာလာလမ်ပူ မေ ၂၃

**မလေးရှားနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၅၀၀၀၀၀ ရှိလာပြီဖြစ်သည့်အတွက် နောက်ထပ် စည်းကမ်းကန့်သတ်ချက်များကို တင်းကျပ်သွားမည်ဟု မလေးရှားအစိုးရက ကြေညာခဲ့သည်။**



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် သွားလာနေကြသူများကို တွေ့ရစဉ်။

မေ ၂၅ ရက်မှစတင်ကာ ပြည်သူ့ဝန်ထမ်း ၈၀ ရာခိုင်နှုန်း၊ ပုဂ္ဂလိကဝန်ထမ်း ၄၀ ရာခိုင်နှုန်းတို့မှာ နေအိမ်မှာသာအလုပ်လုပ်ကိုင်ရမည်ဟု ကိုဗစ်- ၁၉ စည်းကမ်းကန့်သတ်ချက်များ အကောင်အထည်ဖော်ရေးတွင် ပူးပေါင်းဆောင်ရွက်နေသည့် ကာကွယ်ရေးဝန်ကြီး အစ္စမေးလ်ဆာဘရီယာကို့ဘ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အခြားသော ကန့်သတ်မှုများတွင် ဈေးဆိုင်များ ဖွင့်ချိန်ကန့်သတ်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးတွင် တင်ဆောင်နိုင်မှုဝန်ကို လျှော့ချခြင်းတို့ ပါဝင်သည်။ မလေးရှားနိုင်ငံတွင် မေ ၂၂ ရက်က ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၆၃၂၀ ထပ်မံတွေ့ရှိခဲ့သည်။

ထို့ကြောင့် တိုင်းပြည်အနှံ့ ကိုဗစ်- ၁၉ ကူးစက်ခံရသူ စုစုပေါင်းမှာ ၅၀၅၁၁၅ ဦး ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ကိုဗစ် - ၁၉ နှင့် ဆက်စပ်ပြီး နောက်ထပ်သေဆုံးသူ ၅၀ ကျော် ထပ်တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာလည်း ၂၁၉၉ ဦးရှိသည်။

ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ၄၄၉၂၃၄ ဦး ရှိသည့်အတွက် ၈၈ ဒသမ ၉ ရာခိုင်နှုန်း ပြန်လည် ကျန်းမာလာခြင်း ဖြစ်သည်။

လက်ရှိအချိန်တွင် ရောဂါဖြစ်ပွားဆဲ ၅၃၆၈၂ ဦး ရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၆၅၂ ဦးရှိသည်။ အသက်ရှူအထောက်အကူပြုကိရိယာ အသုံးပြုရသူ ၃၇၀ ရှိသည်ဟု သိရသည်။

ဆင်ဟွာ



# ထိုင်းနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၃၀၅၂ ဦး ထပ်မံတွေ့ရှိ

ဘန်ကောက် မေ၂၃

ထိုင်းနိုင်ငံတွင် မေ ၂၂ ရက်က ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၃၀၅၂ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု တရားဝင်ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။ ထိုင်းနိုင်ငံသည် ကိုဗစ်- ၁၉ ကူးစက်မှု အဆိုးရွားဆုံး အခြေအနေကို ထိန်းချုပ်နိုင်ရေး ရုန်းကန်ကြိုးစားလျက်ရှိသည်။

နောက်ထပ် ကူးစက်မှုများတွင် နိုင်ငံရပ်ခြားမှ ကူးစက်ခံရသူ ၄၁ ဦးရှိပြီး ဒေသတွင်းကူးစက်ခံရသူ ၃၀၁၁ ဦး ရှိသည်ဟု သိရသည်။ ၎င်းတို့ထဲတွင် အကျဉ်းထောင်အတွင်း ကူးစက်ခံရသူ ၆၀၅ ဦး ရှိသည်ဟု ကိုဗစ်- ၁၉ ရောဂါ အခြေအနေများဆိုင်ရာ စီမံခန့်ခွဲမှုစင်တာက ပြောသည်။ ဒေသတွင်း ကူးစက်မှုများမှာ ဘန်ကောက်မြို့တွင် အဖြစ်များပြီး မကြာသေးမီက စုံစမ်းတွေ့ရှိခဲ့သည့် အစုလိုက် ကူးစက်မှု၊ အကျဉ်းထောင်အတွင်း ကူးစက်မှုနှင့် ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း ကူးစက်မှုများမှ ဖြစ်သည်ဟု ကိုဗစ် -၁၉ ရောဂါအခြေအနေများဆိုင်ရာ စီမံခန့်ခွဲမှုစင်တာက ပြောသည်။

ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၂၄ ဦးတိုးလာပြီး စုစုပေါင်း သေဆုံးသူဦးရေ ၇၅၉ ဦးရှိသည်ဟု သိရသည်။ မေ ၂၁ ရက်တွင် တိုင်းပြည်အတွင်း လူပေါင်း ၂ ဒသမ ၈ သန်းကျော်ကို ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပေးပြီး ဖြစ်သည်။

ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူအရေအတွက်မှာ ၉၆၀၀၀၀ ရှိပြီး တစ်ကြိမ်ထိုးပြီးသူဦးရေမှာ ၁ ဒသမ ၈ သန်းကျော် ရှိသည်ဟု သိရသည်။

ဆင်ဟွာ

# ဂျာမနီနိုင်ငံ ဘာလင်တွင် အကန့်အသတ်ဖြင့် ပြတိုက်များနှင့် အနုပညာပြခန်းများ ပြန်ဖွင့်ခွင့်ပေး

ဘာလင် မေ ၂၃

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ခြောက်လနီးပါးပိတ်ထားခဲ့ရသည့် ဘီယာဆိုင်များကို ပြန်ဖွင့်ခွင့်ပေးပြီဟု သိရသည်။ ကိုဗစ်- ၁၉ ကူးစက်မှု အခြေအနေမှာ ယခင်လောက်ဆိုးရွားမှုမရှိဘဲ အခြေအနေကောင်းမွန်လာသည့်အတွက် ပြန်ဖွင့်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

စားသောက်ဆိုင်များမှာ နိုဝင်ဘာလမှစတင်ကာ ပိတ်ထားရခြင်းဖြစ်ပြီး ပါဆယ်စနစ်ဖြင့်သာရောင်းချခွင့်ပေးခဲ့သည်။ မေ ၂၁ ရက်က ဘီယာဆိုင်များကို ပြန်ဖွင့်ခွင့်ပေးပြီးနောက် ဘီယာဆိုင်များတွင် အပေါင်းအသင်းများ၊ မိသားစုဝင်များနှင့်လာရောက်လည်ပတ်သူများဖြင့်စည်ကားနေသည်ကို တွေ့မြင်ရသည်။ နေ့စဉ်ကူးစက်မှုများ လျော့ကျလာပြီး ဆိုင်များ ပြန်ဖွင့်ခွင့်ရသည့်အတွက် ဝမ်းသာမိသည်ဟု အမျိုးသားတစ်ဦးက ပြောသည်။

လာရောက်စားသောက်သူများသည် ၂၄ နာရီအတွင်း ဆေးစစ်ထားသည့် ကိုဗစ် -၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်သို့မဟုတ် ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်တို့ကိုပြသရန် လိုအပ်သည်။ အဓိကပြတိုက်ကြီးများနှင့် အနုပညာပြခန်းများကိုလည်း ပြန်ဖွင့်ခွင့်ပေးခဲ့သော်လည်း အရေအတွက်ကိုမူ ကန့်သတ်ထားသည်။ ပြတိုက်နှင့် အနုပညာပြခန်းများသို့ လာရောက်မည့်သူများသည် ကိုဗစ်-၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်ပြသရန် လိုအပ်သည်။

ဂျာမနီနိုင်ငံအတွင်း လူဦးရေ ၁၀ သန်းကျော်ကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။ အစိုးရအနေဖြင့်လည်း ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများနှင့် ဆေးစစ်ပေးမှုတို့ကို အရှိန်အဟုန်ဖြင့် လုပ်ကိုင်ပေးလျက်ရှိပြီး ဖြေလျှော့မှုများ တဖြည်းဖြည်းချင်း လုပ်ဆောင်သွားရန် စီစဉ်ထားသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် - ၁၉ကြောင့် တစ်ရက်အတွင်း သေဆုံးသူ ၁၃၂ ဦးရှိ

ဂျကာတာ မေ ၂၃

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင် မေ ၂၁ ရက်အတွင်း ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၅၂၉၆ ဦး တွေ့ရှိခဲ့ပြီး သေဆုံးသူမှာလည်း ၁၃၂ ဦး ရှိခဲ့သည်ဟု သိရသည်။

ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် မေ ၂၂ ရက်က ကူးစက်ခံရသူပေါင်း ၁၇၆၉၉၄၀ ရှိပြီး သေဆုံးသူစုစုပေါင်းမှာ ၄၉၂၀၅ ဦး ရှိလာသည်ဟု အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ဆေးရုံမှ ဆင်းသွားသူအရေအတွက် ၃၃၅၃ ဦး ထပ်တိုးလာရာ ပြန်လည်ကျန်းမာလာသူပေါင်း ၁၆၂၉၄၉၅ ဦး ရှိလာပြီဟုသိရသည်။ ကိုဗစ်-၁၉ မှာ ပြည်နယ်ပေါင်း ၃၄ ခု တွင် ပျံ့နှံ့နေပြီဖြစ်သည်။

ဆင်ဟွာ

# ပါကစ္စတန်တွင် အသက် ၃၀ မှ ၃၉ နှစ် အသက်အုပ်စုများအတွက် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံမှု စတင်



ကရာချိမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးနှံပေးမှုကို တွေ့ရစဉ်။

အစ္စလာမ်မာဘတ် မေ ၂၃

ပါကစ္စတန်နိုင်ငံတွင် မေ ၂၂ ရက် က အသက် ၃၀မှ ၃၉နှစ်ကြား အသက်အုပ်စုများကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံမှု စတင်ပြီဟု သိရသည်။

ပါကစ္စတန်နိုင်ငံတွင် အသက် ၄၀ နှင့် အထက်များကို ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပေးပြီး ဖြစ်သည်။

အမျိုးသားကွပ်ကဲရေးနှင့် လုပ်ငန်းစင်တာ၏ ပြောကြားချက်အရ မေ ၂၂ ရက် နံနက်ပိုင်းအထိ တိုင်းပြည်အတွင်း လူပေါင်း ၄၉၅၆၈၃၅ ဦးကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးပြီး ဖြစ် သည်။ ၎င်းတို့ထဲမှ ၁၁၉၃၄၄၁ ဦး မှာ နှစ်ကြိမ် ကာကွယ်ဆေးထိုးပြီးဖြစ်သည်။

မေ ၂၁ ရက်တွင် နောက်ထပ် ရောဂါကူးစက်ခံရသူ ၄၀၀၇ ဦး ရှိခဲ့သည်ဟု အမျိုးသားကွပ်ကဲရေးနှင့် လုပ်ငန်းစင်တာက ပြောသည်။ တိုင်းပြည် အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်မှာ ကိုဗစ်- ၁၉ အဆိုးရွားဆုံး ကူးစက်ခံရသည့်နေရာဖြစ်ပြီး ပန်ဂျပ်ပြည်နယ်တွင် ကူးစက်ခံရ သူပေါင်း ၃၃၃၀၅၇ ဦးရှိသည်။

တောင်ပိုင်း ဆင်းဒ်ပြည်နယ်တွင်လည်း ကိုဗစ် -၁၉ ကူးစက် ခံရသူပေါင်း ၃၀၆၇၀၇ ဦးရှိ သည်။

ဆင်ဟွာ

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၆ ဦး တွေ့ရှိ

## (၂၃-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၂-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆၇၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၁၀,၇၄၇) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၂၃၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၁၉၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၃-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲ နမူနာစုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁၃၇) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၄) ခု | – |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၈) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၉) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၅၈) ခု | (၂) ဦး |
| **စုစုပေါင်း** | (၆၇၈) ခု | (၆) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၂၃-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၈၈၂၄၄၉ | ၂၇၄၇၁၂၄၂ | ၆၀၃၈၇၇ |
| ၂။ | အိန္ဒိယ | ၂၆၅၃၀၁၃၂ | ၂၃၄၂၅၄၆၇ | ၂၉၉၂၉၆ |
| ၃။ | ဘရာဇီး | ၁၆၀၄၇၄၃၉ | ၁၄၄၆၂၄၃၂ | ၄၄၈၂၉၁ |
| ၄။ | ပြင်သစ် | ၅၅၉၃၉၆၂ | ၅၁၉၅၇၈၁ | ၁၀၈၅၂၆ |
| ၅။ | တူရကီ | ၅၁၇၈၆၄၈ | ၅၀၁၃၁၁၁ | ၄၆၀၇၁ |
| ၆။ | ရုရှား | ၅၀၀၁၅၀၅ | ၄၆၁၇၇၆၂ | ၁၁၈၄၈၂ |
| ၇။ | ဗြိတိန် | ၄၄၆၀၄၄၆ | ၄၂၉၉၈၈၉ | ၁၂၇၇၁၆ |
| ၈။ | အီတလီ | ၄၁၈၈၁၉၀ | ၃၇၇၉၂၉၃ | ၁၂၅၁၅၃ |
| ၉။ | ဂျာမနီ | ၃၆၅၃၀၁၉ | ၃၃၉၇၁၀၀ | ၈၇၉၆၀ |
| ၁၀။ | စပိန် | ၃၆၃၆၄၅၃ | ၃၃၅၆၂၇၂ | ၇၉၆၂၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၃ - ၅ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၇၅၂၂၀ | ၁၆၃၃၀၄၅ | ၄၉၃၂၈ |
| ဖိလစ်ပိုင် | ၁၁၇၉၈၀၂ | ၁၁၀၉၂၂၆ | ၁၉၉၅၁ |
| မလေးရှား | ၅၁၂၀၉၁ | ၄၅၂၈၂၁ | ၂၂၄၈ |
| မြန်မာ | ၁၄၃၂၃၄ | ၁၃၂၁၉၄ | ၃၂၁၆ |
| ထိုင်း | ၁၂၉၅၀၀ | ၈၄၅၃၅ | ၇၇၆ |
| စင်ကာပူ | ၆၁၈၂၄ | ၆၁၂၇၇ | ၃၂ |
| ကမ္ဘောဒီးယား | ၂၅၂၀၅ | ၁၇၇၀၁ | ၁၇၆ |
| ဗီယက်နမ် | ၅၂၁၇ | ၂၇၂၁ | ၄၂ |
| လာအို | ၁၈၀၁ | ၁၀၇၄ | ၂ |
| ဘရူနိုင်း | ၂၃၅ | ၂၂၄ | ၃ |

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၃

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များ အလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့ မဲဆမိတ်ကျောင်းတိုက် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ညောင်နှစ်ပင်ကျောင်းတိုက်နှင့် ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ သီရိမင်္ဂလာသိပ္ပံကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ Covid-19 ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ မန်ဆူဘုရားကြီးကျောင်းတိုက်မှ သံဃာတော်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။



ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ ညောင်နှစ်ပင်ကျောင်းတိုက်ရှိ သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ မေလ ၂၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၈၃၅၂၀ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၁၄၆၃၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၄၁၆၉၇ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၉၂၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၁၀၅၂ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မိုးနဲမြို့နယ် | ၃၁ | ၂၈၀၁၇ | ၂၉၀၀၀ | ၁၆၉၈ | ၇၂ | ၁၅၈၂ |
| ၂ | သိန္နီမြို့နယ် | ၆၀ | ၃၈၇၁၉ | ၃၅၃၈၁ | ၄၇၇၉ | ၁၇၄ | ၂၉၆၈ |
| ၃ | ကျောက်မဲမြို့နယ် | ၉၉ | ၁၁၈၀၉၅ | ၈၆၁၆၄ | ၁၄၇၇၉ | ၇၂၆ | ၁၀၇၂၄ |
| ၄ | နောင်ချိုမြို့နယ် | ၈၁ | ၁၀၅၄၂၆ | ၈၉၆၅၀ | ၇၇၅၃ | ၇၈၂ | ၁၀၅၅၄ |
| ၅ | မိုးမိတ်မြို့နယ် | ၆၈ | ၄၇၉၃၇ | ၃၇၁၄၇ | ၅၈၇၃ | ၅၇ | ၂၆၄၈ |
| ၆ | မဘိမ်းမြို့နယ် | ၄၄ | ၃၂၉၁၈ | ၂၄၃၅၂ | ၃၆၀၉ | ၅၈ | ၁၇၂၀ |
| ၇ | မက်မန်းမြို့နယ် | ၄၃ | ၁၁၆၀၈ | ၁၂၉၄၁ | ၃၂၀၆ | ၅၉ | ၈၅၆ |
| | စုစုပေါင်း | ၄၂၆ | ၃၈၃၅၂၀ | ၃၁၄၆၃၅ | ၄၁၆၉၇ | ၁၉၂၈ | ၃၁၀၅၂ |



မဘိမ်းမြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှုမှတ်တမ်း ဓာတ်ပုံ။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၄၂၆ ရုံ၊ စုစုပေါင်းထုတ်ယူ ရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၄၁၂၉၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ် ဖြတ်ပိုင်းများမှာ ၂၇၁၅၁၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၉၇၇၈၊ မြေပြင်လက်ကျန် ၁၆၇၇၂၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၅၄၂၀ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၃၃၆၆ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မိုးနဲမြို့နယ် | ၃၁ | ၃၁၃၈၃ | ၂၂၄၄၅ | ၈၉၃၈ | ၈၉၁၅ | ၅၁ | ၂၈ |
| ၂ | သိန္နီမြို့နယ် | ၆၀ | ၄၃၇၂၄ | ၂၇၁၅၅ | ၁၆၅၆၉ | ၁၆၁၃၈ | ၁၇၃၀ | ၁၂၉၉ |
| ၃ | ကျောက်မဲမြို့နယ် | ၉၉ | ၁၄၄၈၂၂ | ၇၀၄၆၄ | ၇၄၃၅၈ | ၇၄၁၀၅ | ၁၂၀၇ | ၉၅၄ |
| ၄ | နောင်ချိုမြို့နယ် | ၈၁ | ၁၁၄၀၁၄ | ၇၉၁၃၂ | ၃၄၈၈၂ | ၃၄၄၄၂ | ၆၅၀ | ၂၁၀ |
| ၅ | မိုးမိတ်မြို့နယ် | ၆၈ | ၅၅၆၇၀ | ၃၅၃၃၈ | ၂၀၃၃၂ | ၁၉၆၅၅ | ၉၈၂ | ၃၀၅ |
| ၆ | မဘိမ်းမြို့နယ် | ၄၄ | ၃၇၀၇၁ | ၂၇၅၅၂ | ၉၅၁၉ | ၉၅၃၆ | ၃၅၇ | ၃၇၄ |
| ၇ | မက်မန်းမြို့နယ် | ၄၃ | ၁၄၆၁၁ | ၉၄၃၁ | ၅၁၈၀ | ၄၉၃၃ | ၄၄၃ | ၁၉၆ |
| | စုစုပေါင်း | ၄၂၆ | ၄၄၁၂၉၅ | ၂၇၁၅၁၇ | ၁၆၉၇၇၈ | ၁၆၇၇၂၄ | ၅၄၂၀ | ၃၃၆၆ |

၆။ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၆၈၈၈၅ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၄၁၆၉၇ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ **“အခန်း(၆) မဲစာရင်းပြုစုခြင်း”**ပါ ပုဒ်မ **၁၅ (ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်း တစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်း မရှိစေရ”** ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၉၂၈ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၃၁၀၅၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ မိုးနဲမြို့နယ်၊ နားခံကျေးရွာအုပ်စု မဲရုံအမှတ်(၂)၏ မဲစာရင်းအမှတ်စဉ် (၆၈၇) တွင် ဒေါ်နန်းနွေး၏ မွေးသက္ကရာဇ်မှာ ၁၉–၁၂–၂၀၀၂ ဖြစ်၍ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်သေးသော်လည်း မဲစာရင်းတွင် ထည့်သွင်းထားသဖြင့် အဆိုပါ မဲဆန္ဒရှင်မှာ ဆန္ဒမဲ ပေးထားကြောင်းစစ်ဆေးတွေ့ရှိရသည်။ **[အသက် ၁၈ နှစ် မပြည့်သေးသူအား ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၁ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၉။ သိန္နီမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အသုံးပြုထားသည့် မြို့နယ်ကြိုတင်မဲ လက်ခံဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ မဲဆန္ဒရှင်လက်မှတ် စသည့်အချက်များ ရေးသွင်းထားခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

၁၀။ နောင်ချိုမြို့နယ်၊ လုံဝယ်ကျေးရွာအုပ်စု မဲရုံအမှတ်(၂)၏ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်မဲလက်မှတ်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အပ်နှံသည့်အိတ်ကြီးတွင် ထည့်သွင်း၍ အပ်နှံထားခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးသည့် ၆-၅-၂၀၂၁ ရက်နေ့ ၁၃:၀၀ နာရီအချိန်မှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြား လာရောက်အပ်နှံကြောင်း စိစစ်တွေ့ရှိရပါသည်။ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအချို့သည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲ ကျင်းပပြီး နောက်ပိုင်းမှသာ ပြန်လည်အပ်နှံထားရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၁။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က) တွင် "မဲစာရင်း၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုး၍ အတည်ပြုထားသော သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ မဲစာရင်း နှစ်စုံကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မဲဆန္ဒနယ်အလိုက် စုစည်းရမည်။" ဟု ပြဋ္ဌာန်းထားသော်လည်း မိုးမိတ်မြို့နယ်၊ ကျေးရွာအုပ်စု ၂၁ အုပ်စုနှင့် မဘိမ်းမြို့နယ်၊ ကျေးရွာအုပ်စု ၄ အုပ်စုတို့၏ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)များတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားခြင်း မရှိကြောင်း စိစစ်တွေ့ရှိရသည်။

၁၂။ မက်မန်းမြို့နယ်၊ ဝမ်စလောင်းကျေးရွာအုပ်စု မဲရုံအမှတ်(၁)၏ မဲစာရင်း၌ ပါဝင်နေသူများဖြစ်သည့် ဦးဒါယေလှ နှင့် ဦးယားဘို၊ ဆွတ်ဝိုးကျေးရွာအုပ်စု မဲရုံအမှတ်(၃)၏ မဲစာရင်း၌ ပါဝင်နေသည့် ဦးအိုက်ကျန့်တို့သည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်သေးသော်လည်း မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းထားပြီး အဆိုပါ မဲဆန္ဒရှင် ၃ ဦးမှာ ဆန္ဒမဲပေးထားကြောင်း စစ်ဆေးတွေ့ရှိရသည်။ **[အသက် ၁၈ နှစ်မပြည့်သေးသူ မဲဆန္ဒရှင် ၃ ဦးအား ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၃ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၁၃။ မက်မန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက် မဲရုံအမှတ်(၁)တွင် ထပ်တိုးမဲဆန္ဒရှင် ၃ ဦးအား နောက်ဆက်တွဲ မဲစာရင်းပြုစုခြင်းညွှန်ကြားချက်များနှင့်အညီ ပြုစုခြင်းမရှိဘဲ မဲစာရင်းပုံစံ(၁) စာအုပ်တွင် လက်ရေးဖြင့် ရေးသွင်း၍ ကြိုတင်ဆန္ဒမဲပေးခွင့်ပြုထားကြောင်း စစ်ဆေးတွေ့ရှိရသည်။ **[လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၁ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၁၄။ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၂၇၂၄၂၅ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၂၇၁၅၁၇ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၉၀၈ စောင် လျော့နည်းအသုံးပြုထားခြင်း၊

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၅၄၂၀ စောင် ပျောက်ဆုံးနေခြင်း၊

( ဂ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၃၃၆၆ စောင် တွေ့ရှိရခြင်း၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း/လက်ကျန်ဆန္ဒမဲလက်မှတ်များကိုရွေးကောက်ပွဲ ကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံခြင်း၊

( င ) ရပ်ကွက်/ ကျေးရွာအုပ်စုအချို့၏ မဲစာရင်းများ၌ ရွေးကောက်ပွဲနေ့တွင် အသက် ၁၈ နှစ် မပြည့်သေးသူများပါဝင်နေပြီး ယင်းတို့အား ဆန္ဒမဲပေးခွင့်ပြုထားခြင်း၊



မိုးမိတ်မြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှုမှတ်တမ်း ဓာတ်ပုံ။

( စ ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က) ပါအတိုင်း မဲဆန္ဒရှင် စာရင်းပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားမှုမရှိခြင်း၊

(ဆ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း။

( ဇ ) ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

( ဈ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ည) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ခြင်း၊

( ဋ ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၅။ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲ လက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## အသက် ၁၈ နှစ် မပြည့်သေးသူအား ဆန္ဒမဲပေးခွင့်ပြု ထားသည့် မဲစာရင်းပုံစံ(၁) ၁ စောင်

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ...................လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)
ရှမ်းပြည်နယ်၊ လွှတ်တော်မဲဆန္ဒနယ်အမှတ်( )

မိုးနဲမြို့နယ်

မဲဆန္ဒရှင်ပေါင်း(၉၉၂)ဦး-ကျား(၄၆၁)ဦး-မ(၅၃၁)ဦး

မဲရုံအမှတ် ( ၂ )၊ (အမက(လွန်) စက်တော် မဲရုံ) ၊ နားခံ ကျေးရွာအုပ်စု

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၆၈၁ | ဒေါ်နန်းဖောင်း | မ | ၁၉-၀၆-၁၉၈၂ | ၁၃/မနန(နိုင်)၀၃၀၇၇၄ | ဦးလုံးတာ | ဒေါ်ပါစော | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၀ | |
| ၆၈၂ | ဦးစန္ဒ | ကျား | ၀၁-၁၂-၁၉၇၂ | ၁၃/မနန(နိုင်)၀၁၄၆၁၄ | ဦးဆောနွိ | ဒေါ်ပါနု | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၁ | |
| ၆၈၃ | ဒေါ်နန်းမန် | မ | ၁၃-၀၄-၁၉၈၀ | ၁၃/မနန(နိုင်)၀၃၂၀၇၄ | ဦးလုံးစိန္တ | ဒေါ်ပါလှ | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၁ | |
| ~~၆၈၄~~ | ~~ဒေါ်နန်းလှ~~ | ~~မ~~ | ~~၀၄-၀၈-၁၉၃၉~~ | MNI၀၁၂၁၉၄ | ဦးလုံးဝိဆာ | ဒေါ်ပါစိန် | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၁ | |
| ၆၈၅ | ဦးစိုင်းအေး | ကျား | ၀၇-၀၆-၁၉၇၈ | ၁၃/မနန(နိုင်)၀၂၈၉၄၆ | ဦးစိတ္တ | ဒေါ်နန်းလှ | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၁ | |
| ၆၈၆ | ဦးစိုင်းဆွမ် | ကျား | ၁၆-၀၂-၁၉၉၇ | ၁၃/မနန(နိုင်)၀၃၅၀၇၄ | ဦးစန္ဒ | ဒေါ်နန်းမန် | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၁ | |
| ၆၈၇ | ဒေါ်နန်း နွေး | မ | ၁၉-၁၂-၂၀၀၂ | ၁၃/မနန(နိုင်)၀၃၇၇၂၅ | ဦးစန္ဒ | ဒေါ်နန်းမန် | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၁ | |
| ၆၈၈ | ဦးစိုင်းစိတ္တ | ကျား | ၁၂-၀၁-၁၉၈၁ | ၁၃/မနန(နိုင်)၀၁၇၆၀၄ | ဦးယန္ဒ | ဒေါ်ပါဆိုင် | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၂ | |
| ၆၈၉ | ဒေါ်နန်းကြွယ် | မ | ၀၇-၀၈-၁၉၈၀ | ၁၃/မနန(နိုင်)၀၂၄၁၃၃ | ဦးလုံးနိမ် | ဒေါ်ပါဖောင် | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၂ | |
| ၆၉၀ | ဒေါ်ပါဖောင် | မ | ၀၃-၀၃-၁၉၆၅ | ၁၃/မနန(နိုင်)၀၀၅၉၉၅ | ဦးလုံးတိ | ဒေါ်ပါနု | မရ-၂၊ ဝမ်ယေးကျေးရွာ၊ ၀၉၃ | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ - 69/100

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

**မိုးနဲမြို့နယ်၊ နားခံကျေးရွာအုပ်စု မဲရုံအမှတ် (၂) ၏ မဲစာရင်းအမှတ်စဉ် (၆၈၇) တွင် ဒေါ်နန်းနွေး၏ မွေးသက္ကရာဇ်မှာ ၁၉- ၁၂- ၂၀၀၂ ဖြစ်၍ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်သေးသော်လည်း မဲစာရင်းတွင် ထည့်သွင်းထားသဖြင့် အဆိုပါ မဲဆန္ဒရှင်မှာ ဆန္ဒမဲပေးထားကြောင်း စစ်ဆေးတွေ့ရှိ**

## အသက် ၁၈ နှစ် မပြည့်သေးသူ မဲဆန္ဒရှင် ၃ ဦးအား ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၃ စောင်

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)
ရှမ်းပြည်နယ် ၊ မက်မန်းလွှတ်တော်မဲဆန္ဒနယ်

မြို့နယ်အမည် - မက်မန်း

မဲဆန္ဒရှင်ပေါင်း (၁၈၃) ဦး - ကျား (၉၃) ဦး - မ (၉၀) ဦး

မဲရုံအမှတ် ( ၃ ) (ယောင်လိုင်းရွာ) ၊ဆွတ်ဝိုးအုပ်စု

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးအိုက်ကြမ်း | ကျား | ၃၁.၁၂.၁၉၇၁ | မရှိပါ | ဦးအိုက်ကော် | ဒေါ်နှိုင်းခမ်း | မရ – ၃ ၊ယောင်လိုင်းရွာ၊ ၀၀၁ | |
| ၂ | ဒေါ်အီအွမ် | မ | ၃၁.၁၂.၁၉၅၄ | ၁၃/ပယန(နိုင်)၀၀၃၇၁၃ | ဦးခမ်းလုံ | ဒေါ်အီမရပ် | မရ – ၃ ၊ယောင်လိုင်းရွာ၊ ၀၀၁ | |
| ၃ | ဒေါ်အီထွမ်း | မ | ၃၁.၁၂.၁၉၇၄ | မရှိပါ | ဦးဆိုင်လူ | ဒေါ်အီအွမ် | မရ – ၃ ၊ယောင်လိုင်းရွာ၊ ၀၀၁ | |
| ၄ | ဒေါ်အီကျင် | မ | ၁၅.၆.၂၀၀၁ | ၁၃/ပယန(နိုင်)၀၁၇၁၂၆ | ဦးအိုက်ကျင် | ဒေါ်အီထွမ်း | မရ – ၃ ၊ယောင်လိုင်းရွာ၊ ၀၀၁ | |
| ၅ | ဦးအိုက်ကျန့် | ကျား | ၂၀.၁၁.၂၀၀၂ | မရှိပါ | ဦးအိုက်ကျင် | ဒေါ်အီထွမ်း | မရ – ၃ ၊ယောင်လိုင်းရွာ၊ ၀၀၁ | |
| ၆ | ဦးကွမ်းရှဲန် | ကျား | ၃၁.၁၂.၁၉၅၄ | မရှိပါ | ဦးနန္ဒ | ဒေါ်နန်းဆန် | မရ – ၃ ၊ယောင်လိုင်းရွာ၊ ၀၀၂ | |
| ၇ | ဒေါ်အီထွမ်း | မ | ၃၁.၁၂.၁၉၆၄ | ၁၃/ပယန(နိုင်)၀၁၄၄၃၀ | ဦးနန္ဒ | ဒေါ်အီမလူ | မရ – ၃ ၊ယောင်လိုင်းရွာ၊ ၀၀၂ | |
| ၈ | ဦးအိုက်ချမ်း | ကျား | ၇.၁၀.၁၉၈၆ | ၁၃/ပယန(နိုင်)၀၀၈၀၉၆ | ဦးကွမ်းရှဲန် | ဒေါ်အီထွမ်း | မရ – ၃ ၊ယောင်လိုင်းရွာ၊ ၀၀၂ | |
| ၉ | ဒေါ်အီနေ | မ | ၂၃.၆.၁၉၉၅ | ၁၃/ပယန(နိုင်)၀၁၃၄၃၁ | ဦးကွမ်းရှဲန် | ဒေါ်အီထွမ်း | မရ – ၃ ၊ယောင်လိုင်းရွာ၊ ၀၀၂ | |
| ၁၀ | ဦးထီးပါး | ကျား | ၅.၇.၁၉၆၉ | ၁၃/ပယန(နိုင်)၀၀၈၃၇၈ | ဦးလုံးယို | ဒေါ်အီလွတ် | မရ – ၃ ၊ယောင်လိုင်းရွာ၊ ၀၀၃ | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ - 1/19

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)
ရှမ်းပြည်နယ်၊ မက်မန်းမဲဆန္ဒနယ်

မြို့နယ်အမည် - မက်မန်း

မဲဆန္ဒရှင်ပေါင်း (၄၂၅) ဦး - ကျား (၂၁၆) ဦး - မ (၂၀၉) ဦး

မဲရုံအမှတ် ( ၁)( ဝမ်စလောင်းရွာ ) ၊ဝမ်စလောင်းအုပ်စု

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၉၁ | ဦးယောနန်ဆန် | ကျား | ၂၁.၃.၁၉၉၆ | ၁၃/ပယန(နိုင်)၀၁၃၇၃၈ | ဦးကျထီး | ဒေါ်နာယော် | မရ – ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၂ | ဦးကျအူရှဲ | ကျား | ၅.၆.၁၉၆၉ | ၁၃/ပယန(နိုင်)၀၀၃၉၂၇ | ဦးခမ်းမတ် | ဒေါ်နာခါး | မရ – ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၃ | ဒေါ်နာကော | မ | ၁.၂.၁၉၇၇ | ၁၃/ပယန(နိုင်)၀၀၇၅၃၅ | ဦးခါးအောင် | ဒေါ်နာကေဂျ | မရ – ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၄ | ဒေါ်နာရှဲမွေး | မ | ၂၀.၁.၂၀၀၁ | မရှိပါ | ဦးကျညီး | ဒေါ်နာကော် | မရ – ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၅ | ဒေါ်နာတီး | မ | ၁၃.၁၀.၁၉၉၅ | ၁၃/ပယန(နိုင်)၀၀၀၅၇၀ | ဦးခမ်းဆာ | ဒေါ်နာအီ | မရ – ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၆ | ဒေါ်နာကော် | မ | ၂.၄.၁၉၉၆ | မလုပ်ရသေးပါ | ဦးကျကျား | ဒေါ်နာစီးကျို | မရ – ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၇ | ဦးဒါယေလှ | ကျား | ၂၀.၁၁.၂၀၀၂ | | ဦးကျစော | ဒေါ်နာထီး | မရ – ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၈ | ဦးမင်းထွန်း | ကျား | ၅.၂.၁၉၉၆ | ၁၃/ပယန(နိုင်)၀၄၆၂၁၃ | ဦးခမ်းမတ် | ဒေါ်နာခါး | မရ – ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၉၉ | ဦးစတဲဖာနီ | ကျား | ၂၀.၆.၁၉၉၄ | ၁၃/ကတန(နိုင်)၁၄၅၉၀၃ | ဦးကျထီး | ဒေါ်နာဖ | မရ – ၁ ၊ဝမ်စလောင်းရွာ ၊၀၂၄ | |
| ၁၀၀ | ဦးကျထီး | ကျား | ၂.၁၁.၁၉၉၀ | ၁၃/ပယန(နိုင်)၀၀၈၅၆၅ | ဦးအိုကြူ | ဒေါ်နာမူး | မရ – ၁ ၊ဝမ်စလောင်းရွာ ၊၀၂၅ | |

ရှမ်းပြည်နယ် အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့် အထက် ပါဝင်နေသူ ၁၉၂၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၃၁၀၅၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့် ညီညွတ်ခြင်း မရှိသော မှားယွင်းမှုများကို တွေ့ရှိရ

■ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၆၈၈၈၅ ဦး ပိုမိုများပြားနေ

■ သိန္နီမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အသုံးပြုထားသည့် မြို့နယ်ကြိုတင်မဲ လက်ခံ ဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ မဲဆန္ဒရှင်လက်မှတ် စသည့်အချက်များ ရေးသွင်းထားခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိ

■ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မက်မန်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရ

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)
ရှမ်းပြည်နယ်၊ မက်မန်းမဲဆန္ဒနယ်

မြို့နယ်အမည် - မက်မန်း
မဲရုံအမှတ် ( ၁)( ဝမ်စလောင်းရွာ ) ၊ဝမ်စလောင်းအုပ်စု

မဲဆန္ဒရှင်ပေါင်း (၄၂၅) ဦး - ကျား (၂၁၆) ဦး - မ (၂၀၉) ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၄၁ | ဦးကျလယ် | ကျား | ၂၂.၂.၁၉၆၂ | ၁၃/ပယန(နိုင်)၀၀၄၇၀၀ | ဦးကျဆိုးဘို | ဒေါ်နာဖ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၇ | |
| ၄၂ | ဒေါ်နားဆာ | မ | ၂.၂.၁၉၇၂ | ၁၃/ပယန(နိုင်)၀၁၁၂၀၅ | ဦးကျလား | ဒေါ်နာဆွေ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၇ | |
| ၄၃ | ဒေါ်နာယော် | မ | ၁၅.၁၁.၁၉၉၂ | ၁၃/ပယန(နိုင်)၀၁၀၂၈၆ | ဦးကျလယ် | ဒေါ်နားဆာ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၇ | |
| ၄၄ | ဦးယားဘို | ကျား | ၃၀.၁၂.၂၀၀၂ | ၁၃/ပယန(နိုင်)၀၁၆၉၆၇ | ဦးကျလယ် | ဒေါ်နားဆာ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၇ | |
| ၄၅ | ဒေါ်နာဆီး | မ | ၁.၅.၁၉၆၄ | | ဦးကျဖွေ | ဒေါ်နားယော် | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၈ | |
| ၄၆ | ဒေါ်နာလိုး | မ | ၅.၇.၁၉၇၉ | ၁၃/ပယန(နိုင်)၀၁၀၄၉၃ | ဦးအယ်ဆား | ဒေါ်နာဆီး | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၈ | |
| ၄၇ | ဒေါ်နာကြား | မ | ၁.၉.၁၉၇၅ | - | ဦးကျရဲ | ဒေါ်နားဖူး | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၈ | |
| ၄၈ | ဦးကျဖ | ကျား | ၄.၆.၂၀၀၂ | - | ဦးအဲကျို | ဒေါ်နာထော | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၈ | |
| ၄၉ | ဦးစိပို (ကြိုတင်) | ကျား | ၁၂.၆.၁၉၆၉ | ၁၃/ပယန(နိုင်)၀၀၆၄၀၅ | ဦးကျတဲ | ဒေါ်နာဝေါ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၉ | |
| ၅၀ | ဒေါ်နာဟဲ (ကြိုတင်) | မ | ၉.၁၂.၁၉၆၉ | ၁၃/ပယန(နိုင်)၀၁၀၄၉၅ | ဦးကျဖွေ | ဒေါ်နာဖွေ | မရ - ၁ ၊ဝမ်စလောင်းရွာ ၊၀၃၉ | |

ဝမ်ဆလောင်းကျေးရွာအုပ်စုရွေးကောက်ပွဲ...
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ - 15/45

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအချို့ သည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်ဆန္ဒမဲ လက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းမှသာ ပြန်လည်အပ်နှံထားရှိကြောင်း စစ်ဆေးတွေ့ရှိရ

## လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲ ပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၁ စောင်

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)
ရှမ်းပြည်နယ်၊ မက်မန်းမြို့နယ်မဲဆန္ဒနယ်

မြို့နယ်အမည် - မက်မန်းမြို့
မဲရုံအမှတ် ( ၁ )၊ အမှတ်(၂)ရပ်ကွက်

မဲဆန္ဒရှင်ပေါင်း (၉၁) ဦး - ကျား (၄၉) ဦး - မ (၄၂) ဦး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၀၂ | ဦးမင်းမင်းမောင် | ကျား | ၁.၁၂.၁၉၇၆ | ၅/မမန(နိုင်)၀၄၄၆၀၄ | ဦးသောင်းညွန့် | ဒေါ်နီ | မရ-၁၊ အမှတ်(၂)ရပ်ကွက်၊ ၀၄၇ | (ကြိုတင်မဲ) |
| ၀၃ | ဦးခန့်စည်သူ | ကျား | ၁၃.၅.၂၀၀၀ | ၅/မမန(နိုင်)၁၀၇၁၀၆ | ဦးမင်းမင်းမောင် | ဒေါ်ဆွေဆွေသန်း | မရ-၁၊ အမှတ်(၂)ရပ်ကွက်၊ ၀၄၇ | (ကြိုတင်မဲ) |
| ၀၄ | ဒေါ်နာတီး | မ | ၅.၁.၁၉၉၅ | ၁၃/မရန(နိုင်)၀၄၂၆၅၁ | ဦးကျမော် | ဒေါ်နာဟယ် | | (ကြိုတင်မဲ) |
| ၀၅ | ဒေါ်နာယော် | မ | ၄.၅.၁၉၉၃ | ၁၃/ပယန(နိုင်)၀၇၁၂၂၄ | ဦးထားမူ | ဒေါ်ယာပ | | (ကြိုတင်မဲ) |
| ၀၆ | ဦးကျော်မင်းဝင်း | ကျား | ၂၁.၉.၁၉၈၇ | ၁၃/ဆဆန(နိုင်)၀၅၂၇၇၉ | ဦးဝင်းသိန်း | ဒေါ်မေးမေးမြ | | (ကြိုတင်မဲ) |

အမှတ်(၂)ရပ်ကွက် ... ကော်မရှင်အဖွဲ့ခွဲ

စာမျက်နှာ - 11/362

အတွင်းရေးမှူး
အမှတ်(၂)ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

မက်မန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက် မဲရုံအမှတ်(၁)တွင် ထပ်တိုးမဲဆန္ဒရှင် ၃ ဦးအား နောက်ဆက်တွဲ မဲစာရင်းပြုစုခြင်း ညွှန်ကြားချက်များနှင့်အညီ ပြုစုခြင်းမရှိဘဲ မဲစာရင်း ပုံစံ(၁) စာအုပ်တွင် လက်ရေးဖြင့် ရေးသွင်း၍ ကြိုတင်ဆန္ဒမဲပေး ခွင့်ပြုထားကြောင်း စစ်ဆေးတွေ့ရှိရ

# ၂၀၂၀-၂၁ ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီး မန်ယူ၊ လီဗာပူး၊ ချယ်ဆီး ချန်ပီယံလိဂ်ဝင်ခွင့်ရ

၂၀၂၀-၂၀၂၁ ပရီမီယာလိဂ် ရာသီပိတ်ပွဲစဉ်များကို မေ ၂၃ ရက် ညပိုင်းက ပွဲစဉ်အားလုံးတစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားခဲ့သည်။ ရာသီပိတ်ပွဲစဉ်မတိုင်မီ မန်စီးတီးအသင်းက ပရီမီယာလိဂ်အမှတ်ပေးဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး မြို့ခံပြိုင်ဘက် မန်ယူအသင်းက ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့သည်။ မန်စီးတီးအသင်းသည် ယခုနှစ်တွင် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သောကြောင့် နည်းပြ ဂွါဒီယိုလာ မန်စီးတီးအသင်းသို့ ရောက်ရှိလာပြီးနောက်ပိုင်း သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ယနေ့ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များအနက် ရင်ခုန်စိတ်လှုပ်ရှားစရာပွဲစဉ်များအဖြစ် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်နှစ်နေရာအတွက် ယှဉ်ပြိုင်ကစားခဲ့ကြသည့် ချယ်ဆီး၊ လက်စတာ၊ လီဗာပူးအသင်းတို့ပွဲစဉ်က စိတ်လှုပ်ရှားစရာအဖြစ် ရှိနေသည်။ လီဗာပူးအသင်းသည် ရာသီပိတ်ပွဲစဉ်တွင် ပဲလေ့စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့သည်။ ချယ်ဆီးအသင်းက ဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ၆၇ မှတ်ဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့သည်။ လက်စတာအသင်းက စပါးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ၆၆ မှတ်သာရရှိသည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ခဲ့သည်။ ယူရိုပါလိဂ်ဝင်ခွင့်ကို လက်စတာနှင့် ဝက်စ်ဟမ်းအသင်းတို့ ရရှိခဲ့သည်။

ယခုနှစ်ရာသီတွင် ရလဒ်များ ဆိုးရွားနေသည့် ဖူလ်ဟမ်၊ ဝက်စ်ဘရွန်း၊ ရှက်ဖီးလ်အသင်းတို့ ချန်ပီယံရှစ်သို့ တန်းဆင်းခဲ့ရသည်။ ယခုနှစ်ရာသီဂိုးအများဆုံးသွင်းယူသူအဖြစ် ဟယ်ရီကိန်းက ၂၃ ဂိုးဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ အိမ်ကွင်းဂိုးအပြတ်ဆုံးနိုင်ပွဲအဖြစ် မန်ယူအသင်းက ဆောက်သမ်တန်အသင်းကို ကိုးဂိုးပြတ် အနိုင်ရရှိခဲ့ပြီး မှတ်တမ်းတင်နိုင်ခဲ့သည်။ အဝေးကွင်းဂိုးအပြတ်ဆုံးနိုင်ပွဲမှာ ခရစ္စတယ်ပဲလေ့စ်အသင်းကို လီဗာပူးအသင်းက ခုနစ်ဂိုးပြတ် အနိုင်ရရှိခဲ့ပြီး မှတ်တမ်းတင်နိုင်ခဲ့သည်။ အရှည်ကြာဆုံးနိုင်ပွဲဆက်မှုအဖြစ် မန်စီးတီးအသင်းက ၁၅ ပွဲဖြင့် မှတ်တမ်းတင်နိုင်ခဲ့ပြီး အရှည်ကြာဆုံး မရှုံးနိမ့်အောင်ကစားထားနိုင်သည့်အသင်းအဖြစ် မန်စီးတီးအသင်းက ၁၉ပွဲဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ ရှက်ဖီးလ်အသင်းက အရှည်ကြာ ဆုံးရှုံးပွဲဆက်မှု ရှစ်ပွဲဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။

**အောင်ဇော်**



၂၀၂၀-၂၀၂၁ ရာသီ ပရီမီယာလိဂ်အမှတ်ပေးဖလားကို ဆွတ်ခူးပြီးနောက် မန်စီးတီးအသင်းသားများ အောင်ပွဲခံနေစဉ်။




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ဒေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၁၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၆၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၅၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၁၁၁၀ | ၁၀၁၀၁၀၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀ | ၃၆၁ | ၁၂၄၉၂၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၂၅ | ၁၉၅၀၀၀ |
| FPB | ၁၉၀၀၀ | ၁၈၅၀၀ | ၇၇၉ | ၁၄၄၁၄၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၀ | ၂၈၀၀၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၉၉ | ၂၈၇၁၀၀ |

ညီညီ - စုစည်းသည်

# အားကစားပုံမှန်ပြုလုပ်ခြင်းဟာ ကိုဗစ်-၁၉ ကူးစက်မှုနဲ့ အသက်ဆုံးရှုံးမှုကို လျော့ကျစေနိုင်

**တက္ကသိုလ် မောင်ရှုပ**



အမြန်လမ်းလျှောက်ခြင်းဖြင့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နေကြစဉ်။

တစ်ရက်ကို မိနစ် ၃၀၊ ရက်သတ္တ တစ်ပတ်မှာ မိနစ် ၁၅၀ ကိုယ်လက်လှုပ်ရှား အားကစားပုံမှန်ပြုလုပ်သူတွေဟာ ကိုဗစ်-၁၉ ကူးစက်နိုင်ခြေနဲ့ အသက်ဆုံးရှုံးနိုင်ခြေကို နည်းပါးစေပြီး ကိုယ်လက်လှုပ်ရှား အားကစား ပုံမှန်ပြုလုပ်ခြင်းဖြင့် သင့်ခန္ဓာကိုယ်ရှိ ကိုယ်ခံစွမ်းအားဆဲလ်တွေဟာ ခန္ဓာကိုယ်တစ်ခုလုံးကို လှည့်လည်အကာအကွယ်ပေးဖို့ အခွင့်အလမ်း ပိုမိုရရှိစေပြီး ကူးစက်ရောဂါကို တိုက်ဖျက်ပေးနိုင်ပါသည်ဟု အင်္ဂလန်နိုင်ငံထုတ် Sky News သတင်းစာမှာ ဧပြီလ ၂၄ ရက်နေ့က ဖော်ပြပါရှိတဲ့ ဆောင်းပါးကိုဖတ်ပြီး ဒီဆောင်းပါးလေးရေးချင်စိတ် ပေါ်လာပါတယ်။ ဆောင်းပါးမှာ အဓိကဖော်ပြထားတာက ကိုယ်လက်လှုပ်ရှားအားကစား ပုံမှန်ပြုလုပ်ခြင်းဟာ ကိုဗစ်-၁၉ ကူးစက်နိုင်ခြေနဲ့ အသက်ဆုံးရှုံးနိုင်ခြေကို လျော့ကျစေတဲ့အချက် ဖြစ်ပါတယ်။ အခုဆိုရင် ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ နိုင်ငံအများအပြားမှာ ထိုးနှံနေကြပြီဖြစ်ပေမယ့် ကိုဗစ်-၁၉ ကူးစက်ရောဂါဟာ ကမ္ဘာအနှံ့ ဆက်လက်ပြန့်ပွားနေဆဲ ဖြစ်ပါတယ်။ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ဟာ ကမ္ဘာအနှံ့ရှိ ပြည်သူပေါင်း ၁၄၇ သန်းကျော်ကို ကူးစက်ခဲ့ပြီး လူပေါင်း ၃ သန်းကျော် အသက်ဆုံးရှုံးခဲ့ပြီး ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ရောဂါဟာ ဆက်လက်ကူးစက်နေဆဲဖြစ်ပြီး လူသားတွေရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေဆဲဖြစ်တာကြောင့် ဒီဆောင်းပါးပါ အချက်တွေဟာ အထောက်အကူပြုစေမယ်လို့ ယုံကြည်တဲ့အတွက် ဘာသာပြန်ဆို ဖော်ပြလိုက်ပါတယ်။

### ကိုယ်လက်လှုပ်ရှားအားကစားပုံမှန်ပြုလုပ်သင့်

ကိုဗစ်-၁၉ နဲ့ အားကစားဆက်နွှယ်မှုနဲ့ပတ်သက်ပြီး ပထမဆုံးပြုလုပ်တဲ့ သုတေသနကို အင်္ဂလန်နိုင်ငံ စကော့တလန်မှာရှိတဲ့ Glasgow Caledonian University- GCU က ဦးဆောင်ပြီး နိုင်ငံတကာက သုတေသနပညာရှင်တွေ ပါဝင်တဲ့ သုတေသနအဖွဲ့က ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သုတေသနရလဒ်တွေအရ တစ်ရက်ကို နာရီဝက်၊ တစ်ပတ်မှာ ငါးရက်၊ တစ်နည်းအားဖြင့် ရက်သတ္တ တစ်ပတ်မှာ မိနစ် ၁၅၀ အချိန်ပေးပြီး အားကစား ပုံမှန်ပြုလုပ်ခြင်းဟာ ကိုဗစ်-၁၉ ကူးစက်နိုင်ခြေကို ၃၁ ရာခိုင်နှုန်း လျော့နည်းစေသလို ကိုဗစ်-၁၉ ကူးစက်ခံရပါကလည်း အသက်ဆုံးရှုံးနိုင်ခြေကို ၃ ပုံ ၁ ပုံ လျော့ကျနိုင်စေတယ်လို့ ဖော်ပြထားပါတယ်။ လုပ်ဆောင်သင့်တဲ့ အားကစားတွေကတော့ အမြန်လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်းနဲ့ အခြားကိုယ်ခန္ဓာဖွံ့ဖြိုးစေတဲ့ အားကစားလှုပ်ရှားမှုတွေဖြစ်ပါတယ်။ ဒီလိုကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးရဲ့ ထိရောက်မှုစွမ်းရည်ကိုလည်း ၄၀ ရာခိုင်နှုန်း ပိုမိုထိရောက်စေတယ်လို့ သုတေသနရလဒ်တွေက ဖော်ပြနေပါတယ်။

### အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေး

GCU က သုတေသနပညာရှင်အဖွဲ့ရဲ့ ခေါင်းဆောင် ပါမောက္ခ Sebastien Chastin က ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းဟာ လူ့ခန္ဓာကိုယ်ရှိ ကိုယ်ခံစွမ်းအားစနစ်ရဲ့ ကနဦးခံစစ်အားကို သန်မာအားကောင်းလာစေပြီး ကိုယ်ခံစွမ်းအားဆဲလ်တွေ စုစည်းနိုင်စွမ်းကိုလည်း မြင့်မားလာစေတယ်လို့ ပြောကြားခဲ့ပါတယ်။ ပါမောက္ခ Sebastien Chastin က ကိုယ်လက်လှုပ်ရှား အားကစား ပုံမှန်ပြုလုပ်ခြင်းဟာ ကူးစက်ရောဂါ ကူးစက်ခြင်းကနေ အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်ကြောင်း ဒီသုတေသနရလဒ်က အတည်ပြုနိုင်ခဲ့တဲ့အတွက် (ပြည်သူတွေ လိုက်နာဆောင်ရွက်ကြမယ်ဆိုရင်) အခုပြန့်ပွားနေတဲ့ ကိုဗစ်-၁၉ ကူးစက်မှုနဲ့ အသက်ဆုံးရှုံးမှု နှုန်းထားတွေကို လျော့ကျသွားစေနိုင်မယ်လို့ သူက ပြောပါတယ်။

### တက်တက်ကြွကြွနေထိုင်

သူကဆက်လက်ပြီး ဒီသုတေသနရလဒ်ကနေ အဓိကသတင်းစကားပါးလိုတာက ပြည်သူတွေအနေနဲ့ ကိုယ်လက်လှုပ်ရှား အားကစား ပုံမှန်ပြုလုပ်ပြီး တက်တက်ကြွကြွ နေထိုင်ပါ။ ဒီလိုနေထိုင်ခြင်းဟာ သင့်ရဲ့ ပုံမှန်ကျန်းမာရေးအပြင် စိတ်ခံစားမှုကိုလည်း အားကောင်းလာစေမှာ ဖြစ်သလို ကိုယ်ခံစွမ်းအားကိုလည်း တိုးမြင့်လာစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု မခံယူခင်မှာ ရက်သတ္တ ၁၂ ပတ်လောက် ကိုယ်ခန္ဓာကြံ့ခိုင်ရေး အားကစားလှုပ်ရှားမှုတွေ လုပ်ဆောင်ခဲ့မယ်ဆိုရင် ကာကွယ်ဆေးရဲ့ ကိုယ်ခံစွမ်းအားကိုလည်း ၂၀ ရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းအထိ ပိုမိုထိရောက်စေမယ်လို့ ပြောကြားခဲ့ပါတယ်။ သို့သော်လည်း သင့်အနေနဲ့ အားကစားလှုပ်ရှားမှုကို ပုံမှန်လုပ်ဆောင်သွားမယ်လို့ ခံယူချက်ရှိရှိနဲ့ ဆောင်ရွက်ဖို့လိုအပ်ပြီး မိမိနေ့စဉ်ဘဝရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဖြစ်လာစေရေး အားထုတ်သွားဖို့ လိုအပ်ပါတယ်လို့လည်း သူကဖြည့်စွက် ပြောဆိုပါတယ်။

### အားကစားဆိုင်ရာ ဆေးပညာဂျာနယ်မှာ ဖော်ပြခဲ့

ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းဟာ ကျန်းမာရေးကို အထောက်အကူ ပြုစေတယ်ဆိုတာ အားလုံးသိရှိကြပြီးဖြစ်ပါတယ်။ သို့သော် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းနဲ့ ကိုဗစ်-၁၉ ကူးစက်ရောဂါဆက်စပ်မှုနဲ့ ပတ်သက်တဲ့ သုတေသနကတော့ ဒါဟာ ပထမဆုံး ထွက်ပေါ်လာတာဖြစ်ပါတယ်။ ဒီသုတေသနကို နိုင်ငံတကာက ထင်ရှားတဲ့ ကိုယ်ခံစွမ်းအားနဲ့ ဆေးပညာရှင်တွေပါဝင်တဲ့ သုတေသနအဖွဲ့က ၁၉၈၀ ပြည့်နှစ်ကနေ ၂၀၂၀ ပြည့်နှစ် ဧပြီလအထိ ကမ္ဘာအနှံ့က သုတေသနပြု ထုတ်ဝေထားတဲ့ ကိုယ်ခံစွမ်းအားဆိုင်ရာ စာတမ်းပေါင်း ၁၆၆၉၈ စောင်အပေါ် စနစ်တကျ ပြန်လည်ဆန်းစစ်လေ့လာခဲ့ကြတာဖြစ်ပြီး သုတေသနရလဒ်ကိုတော့ ဗြိတိန်နိုင်ငံ အားကစားဆိုင်ရာ ဆေးပညာဂျာနယ်မှာ ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ အလားတူ အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယား ပြည်နယ်က ကိုဗစ်-၁၉ ကူးစက်ခံရတဲ့ လူပေါင်း ၅၀၀၀၀ နီးပါးကို လေ့လာဆန်းစစ်သုတေသနပြုချက်တွေအရ ကိုယ်လက်လှုပ်ရှား အားကစား ပုံမှန်ပြုလုပ်သူတွေဟာ အထူးကြပ်မတ်ကုသဆောင် ရောက်ရှိခြင်း၊ အသက်ဆုံးရှုံးခြင်းအထိ ဖြစ်နိုင်ခြေ နည်းပါးတာကို တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် "အာရောဂျံ ပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုတဲ့ ဆိုရိုးစကားနဲ့အညီ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံဖို့ လိုအပ်သလို တစ်ချိန်တည်းမှာပဲ ကိုယ်လက်လှုပ်ရှားအားကစား ပုံမှန်ပြုလုပ်ကြခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ်လည်း အမြဲကာကွယ်စောင့်ရှောက်နေကြဖို့ လိုအပ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

ဒီသုတေသနရလဒ်ကနေ အဓိကသတင်းစကားပါးလိုတာက ပြည်သူတွေအနေနဲ့ ကိုယ်လက်လှုပ်ရှားအားကစား ပုံမှန်ပြုလုပ်ပြီး တက်တက်ကြွကြွ နေထိုင်ပါ။ ဒီလိုနေထိုင်ခြင်းဟာ သင့်ရဲ့ ပုံမှန်ကျန်းမာရေးအပြင် စိတ်ခံစားမှုကိုလည်း အားကောင်းလာစေမှာဖြစ်သလို ကိုယ်ခံစွမ်းအားကိုလည်း တိုးမြင့်လာစေမှာဖြစ်ပါတယ်။ ။

ရည်ညွှန်း

(၁) COVID-19: Regular exercise may cut COVID-19 death risk by a third, major study finds by Russell Hope(Sky News)

(၂) Regular exercise can reduce your risk of a severe COVID-19 case by Claire Bugos (Verywell Health)

- **အားကစား ပုံမှန်ပြုလုပ်ခြင်းဟာ ကိုဗစ်-၁၉ ကူးစက်နိုင်ခြေနဲ့ အသက်ဆုံးရှုံးနိုင်ခြေကို လျော့ကျစေတဲ့အချက်ဖြစ်**
- **သုတေသနရလဒ်တွေအရ တစ်ရက်ကို နာရီဝက်၊ တစ်ပတ်မှာ ၅ ရက်၊ တစ်နည်းအားဖြင့် ရက်သတ္တ တစ်ပတ်မှာ မိနစ် ၁၅၀ အချိန်ပေးပြီး အားကစား ပုံမှန်ပြုလုပ်ခြင်းဟာ ကိုဗစ်-၁၉ ကူးစက်နိုင်ခြေကို ၃၁ ရာခိုင်နှုန်း လျော့နည်းစေသလို ကိုဗစ်-၁၉ ကူးစက်ခံရပါကလည်း အသက်ဆုံးရှုံးနိုင်ခြေကို ၃ ပုံ ၁ ပုံ လျော့ကျနိုင်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ အောင်အောင်မင်း | ပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ်၊ အမရပူရမြို့နယ် | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါက်တာ ကြည်သူမြင့် | ပါမောက္ခ၊ နည်းပညာတက္ကသိုလ် (မှော်ဘီ)၊ မှော်ဘီမြို့ | မကွေးမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါက်တာ ယဉ်ယဉ်ဝင်း | ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ် | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဦးလှမျိုး | ကထိက၊ ဒဂုံတက္ကသိုလ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် | ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဦးအောင်ကျော်စိုး | ကထိက၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ ထန်းတပင်မြို့နယ် | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်သီသီသန်းမြင့် | ကထိက၊ မုံရွာပညာရေးဒီဂရီကောလိပ်၊ မုံရွာမြို့ | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါက်တာ စန်းရွှင် | ကထိက၊ ပခုက္ကူတက္ကသိုလ်၊ ပခုက္ကူမြို့ | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါက်တာ ဖွေးဖွေးအောင် | ကထိက၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မုံရွာမြို့ | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဦးပြည့်ဖြိုးဟန် | လက်ထောက်ကထိက၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ ထန်းတပင်မြို့နယ် | တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်သန္တာလွင် | လက်ထောက်ကထိက၊ စက်မှုလက်မှုသိပ္ပံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် | သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ခင်နှင်းမူ (အထက်တန်းသူနာပြု) | ပျဉ်းမနား ပြည်သူ့ဆေးရုံ | တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်စိုးစိုးနှင်း (အထက်တန်းသူနာပြု) | ကော့ကပ် တိုက်နယ်ဆေးရုံ | ဇလွန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်အေးမြတ်ရတနာမိုး (အထက်တန်းသူနာပြု) | မြိတ် ပြည်သူ့ဆေးရုံ | သရက်ချောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်အိဖြိုးသန္တာလှိုင် (သူနာပြု) | ဝေါ ပြည်သူ့ဆေးရုံ | ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်အေးသီတာကျော် (သူနာပြု) | မြစ်ကျိုး တိုက်နယ်ဆေးရုံ | ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်စိုးစိုးသက် (သူနာပြု) | မြိတ် ပြည်သူ့ဆေးရုံ | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဦးအယ်လ်ဆန်းအောင် (သူနာပြု) | နမ့်စန် ပြည်သူ့ဆေးရုံ | နမ့်စန်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၈ | ဒေါ်အိမွန်ငြိမ်း (သူနာပြု) | ကော့သောင်း ပြည်သူ့ဆေးရုံ | ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်အိအိရှိန် (သူနာပြု) | မြိတ် ပြည်သူ့ဆေးရုံ | ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်ဥမ္မာခိုင် (သူနာပြု) | ပေါင်းလောင်း တိုက်နယ်ဆေးရုံ | လှိုင်ဘွဲ့မြို့၊ ကယားပြည်နယ် | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# အကြမ်းဖက်ခြင်း သင်နှင့်အနီးဆုံးမှာ

## ကနောင်



၂၀၀၉ ခုနှစ်တုန်းက လန်ဒန်တံတားပေါ်မှာ လူအုပ်ထဲကို ဗင်န်ကားတစ်စီး အရှိန်နဲ့ မောင်းဝင်လာခဲ့ပါတယ်။ လူတွေ အံ့အားသင့်လို့မှ မဆုံးခင် စက္ကန့်ပိုင်းအတွင်းမှာ ကားအတွင်းက လူသုံးယောက် ခုန်ထွက်လာခဲ့ပြီး တွေ့မြင်သမျှလူတွေကို ဓားနဲ့လိုက်ထိုးပါတယ်။ အပြစ်မဲ့ပြည်သူတွေဟာ ကြောက်လန့်တကြား ထွက်ပြေးကြနဲ့ မိနစ်ပိုင်းအတွင်း ငရဲပွက်သလို ဖြစ်ခဲ့ရပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ရှစ်မိနစ်အတွင်း ရောက်လာခဲ့ပြီး အကြမ်းဖက်သူတွေကို အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပါတယ်။

အကြမ်းဖက်မှုဖြစ်စဉ်တိုင်းမှာ ဘယ်လို နောက်ကွယ်အကြောင်းတရား၊ ဘယ်လိုခံစားချက်ကြောင့်ဖြစ်ဖြစ် လုပ်ဆောင်တယ်ဆိုဦးတော့ အပြစ်မဲ့ပြည်သူအများ ထိခိုက်ကြရ၊ ထိတ်လန့်ကြောက်ရွံ့ကြရတယ်ဆိုရင် လုံခြုံရေးတာဝန်ယူထားရတဲ့သူတွေက ခွင့်လွှတ်ပေးကြမှာ မဟုတ်သလို ကမ္ဘာတစ်ဝန်းလုံးက ကမ္ဘာသားအားလုံးကလည်း ခွင့်လွှတ်ပေးကြမှာ မဟုတ်ပါဘူး။

### အကြမ်းဖက်လုပ်ရပ်တွေကို လက်သင့်မခံ

အကြမ်းဖက်ခြင်း (Terrorism) ဆိုတာရဲ့ မူရင်းစာလုံးဖြစ်တဲ့ Terror ဆိုတာ ထိတ်လန့်ကြောက်ရွံ့ခြင်းကနေ ဆင်းသက်လာတာပဲဖြစ်ပြီး ထိတ်လန့်ကြောက်ရွံ့စရာကောင်းတဲ့ဝါဒ တစ်နည်းအားဖြင့် အကြမ်းဖက်ခြင်းဆိုတာ အကြောက်တရားကနေ နိုင်ငံရေး အခြေအနေတစ်ရပ်ကို ပြောင်းလဲတဲ့ စစ်ဗျူဟာတစ်ရပ်လို့ ဆိုကြပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ပဲရစ်အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၃၀ သေဆုံးခဲ့ရသလို ၂၀၁၂ ခုနှစ် အစ္စရေးမှာ ပါလက်စတိုင်း အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုကြောင့် တစ်နှစ်အတွင်း လူ ၄၅၀ ကျော် သေဆုံးခဲ့ရဖူးပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုတွေထဲမှာ မမေ့နိုင်စရာကောင်းတဲ့ ၉/၁၁ အကြမ်းဖက်မှုကတော့ စံချိန်တင်ပြီး လူ ၃၀၀၀ လောက် သေဆုံးခဲ့ကြရတယ်။

❄ **အကြမ်းဖက်မှုဖြစ်စဉ်တွေကို လေ့လာကြည့်မယ်ဆိုရင် နောက်ကွယ်ကနေ ဖောက်ခွဲရေးအတတ်ပညာတွေ၊ ငွေကြေးတွေ ပံ့ပိုးပြီး ဒေသအနှံ့မှာ အကြမ်းဖက်မှုဖြစ်စဉ်တွေကို ပြုလုပ်လာကြပါတယ်။ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းတွေဟာ နေရာအနှံ့အပြားမှာ ဖမ်းဆီးရမိနေပြီး မီးရှို့မှုဖြစ်စဉ်တွေ၊ ဗုံးကွဲမှုဖြစ်စဉ်တွေဟာ ပြည်သူတွေ မကြားချင်၊ မမြင်ချင်ဆုံး မြင်ကွင်းတွေ ဖြစ်လာနေရပါပြီ။ သို့သော် ပြည်သူအချို့ကတော့ ဒီဖြစ်ရပ်အားလုံးကို အစအဆုံးမမြင်နိုင်ဘဲ ဒါက တပ်မတော်နဲ့ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ ပတ်သက်သူတွေ၊ သူတို့ရဲ့ အုပ်ချုပ်ရေးယန္တရားနဲ့ သက်ဆိုင်သူတွေကိုပဲ ပစ်မှတ်ထားတယ်၊ မိမိတို့ ပြည်သူတွေကို မထိခိုက်ဘူးဆိုပြီး မှိုင်းတိုက်ထားသမျှ ကိုယ်နဲ့မဆိုင်သကဲ့သို့ ခွဲခြားမြင်နေကြသေးတာကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့နေရပါတယ်**

အဲဒီလို ကမ္ဘာကျော်အကြမ်းဖက်မှု ဖြစ်ရပ်တွေဟာ ကမ္ဘာသားအားလုံးရဲ့ စိတ်အစဉ်ကို နှစ်အတော်ကြာအောင် လွှမ်းမိုးနေခဲ့ပါတယ်။ နှိုင်းယှဉ်ပြရရင် ပုံမှန်စစ်ဖြစ်တဲ့အနေအထား စစ်ပွဲတစ်ပွဲမှာ အပြန်အလှန် ထိုးစစ်ဆင်နွှဲတဲ့ ပမာဏနဲ့ဆိုရင် အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုကြောင့် သေဆုံးရတဲ့လူဦးရေက မပြောပလောက်ပေမယ့် လူသားတွေရဲ့ စက်ဆုပ်မုန်းတီးတဲ့စိတ်၊ ကြောက်ရွံ့သွေးပျက်ရတဲ့စိတ်တွေကတော့ စစ်ပွဲတွေထက် အကြမ်းဖက်လုပ်ရပ်က အဆများစွာ ပိုပြီးခံစားရစေတယ်ဆိုတာပါပဲ။ အကြမ်းဖက်ခံရတဲ့ မြေပြင်မှာရှိတဲ့ လူသားတိုင်းဟာ မြင်ရ၊ တွေ့ရ၊ ခံစားရတဲ့အခါ ရုပ်ပိုင်းဆိုင်ရာထက် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုက ပိုပြီးများတဲ့အတွက် အကြမ်းဖက်မှုကို စက်ဆုပ်ကြလေ့ရှိပါတယ်။

အကြမ်းဖက်လုပ်ရပ်တွေကို တစ်ကမ္ဘာလုံးက လက်သင့်မခံကြပါဘူး။ အထူးသဖြင့် ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းကြတဲ့ နိုင်ငံတိုင်းမှာ လူ့အခွင့်အရေးကို လေးစားလိုက်နာကြပြီး လူ့ဘောင်ကောင်းကျိုး၊ အများအကျိုး Common Good ကို ရဖို့ အများဆန္ဒနဲ့အညီ ဆောင်ရွက်လေ့ရှိကြပါတယ်။ အဲဒါတွေကို ထိန်းညှိပေးတာကတော့ ဥပဒေဖြစ်ပါတယ်။ ဥပဒေတွေကို လေးစားလိုက်နာရင်း နိုင်ငံကြီးသားပီသတာဟာ ဒီမိုကရေစီပဲဖြစ်ပါတယ်။

ဒီမိုကရေစီနဲ့ဆန့်ကျင်ပြီး ပြည်သူကိုထိခိုက်နစ်နာအောင် အကြမ်းဖက်ဝါဒီတွေက လုပ်ဆောင်ပြီဆိုရင်လည်း မည်သူကမျှ ခွင့်လွှတ်လေ့မရှိသလို ဥပဒေအရ၊ နိုင်ငံရေးမူဝါဒတွေအရ ပြင်းပြင်းထန်ထန် အင်တိုက်အားတိုက် နှိမ်နင်းလေ့ရှိပါတယ်။ ဥပမာအားဖြင့် ဒီမိုကရေစီဦးဆောင်နိုင်ငံတစ်ခုမှာ ရဲစခန်းကို အကြမ်းဖက်သမားတွေက အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်တယ်ဆိုရင် ဘယ်လိုရလဒ်နဲ့ ကြုံရမလဲဆိုတာ လေ့လာကြည့်ရင် သိနိုင်ပါတယ်။

မိမိတို့နိုင်ငံမှာတော့ အကြမ်းဖက်မှုဖြစ်စဉ်တွေ၊ တိုင်းပြည် မငြိမ်မသက်မှုတွေ မဖြစ်အောင် နိုင်ငံတကာ ပဋိပက္ခနှိမ်နင်းတဲ့ဆောင်ရွက်မှုနည်းစဉ်အတိုင်း အဆင့်လိုက် လုပ်ဆောင်တာကိုတောင် မတရားအကြမ်းဖက်ပါတယ်ဆိုပြီး အစိုးရနဲ့ လုံခြုံရေးတာဝန်ရှိသူတွေကို မဟုတ်မမှန် ပြန်လည်စွပ်စွဲ ပြစ်တင်နေကြတာကိုလည်း မြင်တွေ့ရပါတယ်။

### အကြမ်းဖက်ခြင်းကနေ နိုင်ငံရေးအဖြေရှာမှု

လက်ရှိမိမိတို့နိုင်ငံရဲ့ အနေအထားကို အားလုံးအသိပဲဖြစ်ပါတယ်။ မဲစာရင်းမသမာမှုကနေစခဲ့တဲ့ ရလဒ်အဖြစ် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခေတ္တထိန်းသိမ်းစောင့်ရှောက်နေပြီး ရည်မှန်းဦးတည်တဲ့ လမ်းကြောင်းကတော့ ပွင့်လင်းမြင်သာမှုရှိစွာနဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြီး နည်းမှန် လမ်းမှန်နဲ့ အနိုင်ရရှိတဲ့ပါတီကို ပြည်သူ့ဆီ အစိုးရတစ်ရပ်အဖြစ် ပြန်လည်အပ်နှံပေးမှာပဲ မဟုတ်ပါလား။ ဒါတွေအားလုံးဟာ နိုင်ငံရဲ့ အသက်ဖြစ်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့တာပဲဖြစ်ပါတယ်။

မိမိတို့နိုင်ငံရဲ့ နိုင်ငံရေးအလှည့်အပြောင်းတစ်ကွေ့ကို ဖြတ်သန်းနေရချိန် သုံးလတာကာလမှာ ပြည်တွင်းရေးကို နိုင်ငံတကာက ဝင်ရောက်ပါဝင်ဖို့၊ Responsibility to Protect (R2P) ဝင်ရောက်ဖို့ စသည်ဖြင့် ဦးဆောင်မျှော်လင့်ပြီး ပြည်သူကို မှိုင်းတိုက်ကြသူတွေ၊ အခွင့်အရေးတစ်ရပ်လို သဘောထားပြီး မိမိမကျွမ်းကျင်တဲ့ နိုင်ငံရေးလောကအတွင်း ဝင်ရောက်ခြေဆန့်ကြသူတွေ၊ သူများယောင်တိုင်း၊ မြှောက်ပေးတိုင်း ဝမ်းသာအားရနဲ့ ပြည်တွင်းကို နိုင်ငံခြားစစ်တပ်တွေ ထောင်းလမောင်းကြေအောင် လာရောက်ဖို့ ကြိုဆိုကြသူတွေလည်း ရှိလာပါတယ်။ R2P မဖြစ်နိုင်တော့တဲ့အခါ ပြည်တွင်းက လူငယ်တွေကို တိုက်ကြခိုက်ကြဖို့ မြှောက်ပင့်ပေးလာကြပြန်ပါတယ်။

အကြမ်းဖက်မှုဖြစ်စဉ်တွေကို လေ့လာကြည့်မယ်ဆိုရင် နောက်ကွယ်ကနေ ဖောက်ခွဲရေးအတတ်ပညာတွေ၊ ငွေကြေးတွေ ပံ့ပိုးပြီး ဒေသအနှံ့မှာ အကြမ်းဖက်မှုဖြစ်စဉ်တွေကို ပြုလုပ်လာကြပါတယ်။ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းတွေဟာ နေရာအနှံ့အပြားမှာ ဖမ်းဆီးရမိနေပြီး မီးရှို့မှုဖြစ်စဉ်တွေ၊ ဗုံးကွဲမှုဖြစ်စဉ်တွေဟာ ပြည်သူတွေ မကြားချင်၊ မမြင်ချင်ဆုံး မြင်ကွင်းတွေ ဖြစ်လာနေရပါပြီ။ သို့သော် ပြည်သူအချို့ကတော့ ဒီဖြစ်ရပ်အားလုံးကို အစအဆုံး မမြင်နိုင်ဘဲ ဒါက တပ်မတော်နဲ့ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ ပတ်သက်သူတွေ၊ သူတို့ရဲ့ အုပ်ချုပ်ရေးယန္တရားနဲ့ သက်ဆိုင်သူတွေကိုပဲ ပစ်မှတ်ထားတယ်၊ မိမိတို့ပြည်သူတွေကို မထိခိုက်ဘူးဆိုပြီး မှိုင်းတိုက်ထားသမျှ ကိုယ်နဲ့ မဆိုင်သကဲ့သို့ ခွဲခြားမြင်နေကြသေးတာကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့နေရပါတယ်။

### အကြမ်းဖက်ခြင်းတွင် သူ့ဘက်ကိုယ့်ဘက်မရှိတော့

တိုင်းပြည် တည်ငြိမ်အေးချမ်းမှုမရှိတဲ့အခါ အရင်ဆုံးခံစားရမှာက မိမိတို့ပြည်သူတွေပဲ ဖြစ်ပါတယ်။ ဘယ်နေရာသွားသွား လုံခြုံမှုမရှိတော့ဘူးလို့ ခံစားရနေတာဟာ တိုင်းပြည်ရဲ့ကံဆိုးမှုပဲမဟုတ်ပါလား။ ဒေသန္တရလက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲတဲ့အခါ ဒါက လက်ရှိအစိုးရကို ထောက်ခံသူလား၊ ဒါက လေလှိုင်းပေါ်က အစိုးရအမည်ခံ အကြမ်းဖက်အဖွဲ့ကို ထောက်ခံသူလား ခွဲခြားထိခိုက်စေမှာတော့ မဟုတ်ပါဘူး။ အနီးအနားမှာရှိတဲ့ ကျား မ မရွေး၊ ကလေး လူကြီး မရွေး၊ ဘာသာမရွေး၊ လူမျိုးမရွေး၊ ဝါဒီမရွေး လူသားအားလုံးအတွက် အန္တရာယ်ရှိတာကတော့ အတူတူပဲဖြစ်ပါတယ်။

**နိုင်ငံတကာကသတ်မှတ်ထားတဲ့ အကြမ်းဖက်မှုတွေ အမျိုးမျိုးရှိတာမှာ အစွန်းရောက်အမျိုးသားရေးဝါဒနဲ့ အခြေခံဝါဒီတွေအပေါ်မှာ ဇာစ်မြစ်ခံထားတဲ့ အကြမ်းဖက်မှု (အမုန်းတရားနဲ့ အမုန်းစကားတွေ၊ ပြည်သူကို အဆိပ်ခတ်ထားတဲ့ သတင်းအမှားတွေ ပါဝင်ပါတယ်)နဲ့ မှန်ကန်မှုမရှိတဲ့ မျိုးချစ်စိတ်၊ အမျိုးသားရေးသမိုင်း၊ အမျိုးသားရေးစာပေနဲ့ ဒဏ္ဍာရီဖန်တီးမှုတွေမှာ ခိုင်ခိုင်မြဲမြဲအခြေစိုက်ထားတဲ့ အကြမ်းဖက်မှုတွေက အဆိုးရွားဆုံးနဲ့ အပြစ်မဲ့ပြည်သူကို ဒဏ်ရာအပေးဆုံးလို့ ထင်မြင်မိပါတယ်။**

*စာမျက်နှာ ၂၃ သို့*

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံ စိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေ ခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာ ဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသည် နယ်စပ်ဒေသများအတွက် တန်ဖိုးရှိသည့် ဝန်ထမ်းကောင်းများကို လေ့ကျင့်မွေးထုတ်ပေးနေ

**မြစ်ကြီးနား မေ ၂၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ် (စစ်ကိုင်း) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)တို့အတွက် ကချင်ပြည်နယ်သင်တန်းသားရွေးချယ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁)ကို မေ ၂၁ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်သင်တန်းသား ရွေးချယ်ရေး ကော်မတီနာယက၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ တက္ကသိုလ်နှင့် ဒီဂရီ ကောလိပ်များသည် နယ်စပ်ဒေသများနှင့် ခက်ခဲသည့်ဒေသများအတွက် တန်ဖိုးရှိသည့် ဝန်ထမ်းကောင်းများကို လေ့ကျင့်မွေးထုတ် ပေးနေကြောင်း၊ ထို့ကြောင့် ဒီနေ့ပြည်နယ်အတွင်းမှာရှိသည့် တိုင်းရင်းသား လူငယ်များကို တက်ရောက်နိုင်ရေးအတွက် အရည်အချင်းကိုက်ညီသည့် သင်တန်းသားများကို ရွေးချယ် စေလွှတ်နိုင်ရေး ဆွေးနွေးစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်သင်တန်းသား ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်လင်းအောင်က ပြည်နယ် သင်တန်းသား ရွေးချယ်ရေး ကော်မတီ ဖွဲ့စည်းထားရှိမှုနှင့် နယ်စပ်ဒေသများအထိ သင်တန်းသားလျှောက်လွှာများ ဖြန့်ဝေခေါ်ယူနိုင်ရေးအတွက် ပညာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ကော်မတီတွဲဖက်အတွင်းရေးမှူး(၂) ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက တက္ကသိုလ်၊ ဒီဂရီကောလိပ်များအတွက် ပြည်နယ်အတွင်းမှ သင်တန်းသားခေါ်ယူမည့် အစီအစဉ်များနှင့် အရည်အချင်း သတ်မှတ်ချက်များကိုလည်းကောင်း ကော်မတီ တွဲဖက်အတွင်းရေးမှူး (၁) ပြည်နယ်ပညာရေးမှူးက ခရိုင်၊ မြို့နယ်များအလိုက် သင်တန်းသားလျှောက်လွှာများ ဖြန့်ဝေခေါ်ယူ ဆောင်ရွက်မည့် အစီအစဉ်များနှင့် ရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်ရာတွင် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တို့ကို ရှင်းလင်းတင်ပြကြသည်။




ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နယ်စပ်ဒေသနှင့် ခက်ခဲသော ဒေသများရှိ တိုင်းရင်းသားလူငယ်များ တက်ရောက်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရေး၊ ရွေးချယ်ရေး ကော်မတီဝင်များ အနေဖြင့် မိမိတို့ဒေသ၊ မိမိတို့ပြည်နယ်အတွက် ကြိုးစားဆောင်ရွက်ကြမည့် လူငယ်များ ရွေးချယ်ပေးနိုင်ရေးနှင့် လိုအပ်သည့် ထောက်ပံ့မှုများမြန်ဆန်စွာ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး တို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းသည်။ **ပြည်နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၂၂ မှ*

အကြမ်းဖက်တိုက်ခိုက်တာဟာ သူတို့မှာ လုံလောက်တဲ့အင်အား မရှိတာကြောင့် ပါဝါမျှခြေ(Balance of Power)ကို အကြမ်းဖက်နည်းနဲ့ ပြောင်းလဲဖို့ ကြိုးပမ်းကြတာဖြစ်တယ်လို့ နိုင်ငံရေးသုတေသီတွေက ဆိုထားကြပါတယ်။ နိုင်ငံတကာမှာ အကြမ်းဖက်မှုတွေကို နှိမ်နင်းရင်း ခြေကျုံမိတဲ့ အစိုးရတွေရှိပြီး နိုင်ငံရေးအပြောင်းအလဲတွေ ဖန်တီးပေး လိုက်နိုင်တာမျိုး ရှိခဲ့တာကြောင့် အကြမ်းဖက်မှုကို အသုံးတည့်တယ်လို့ ထင်မြင်ကြသူတွေလည်း ရှိပါတယ်။ ဒါပေမယ့် အကြမ်းဖက်မှုတွေကြောင့် တိုင်းပြည် မရှုနိုင် မကယ်နိုင် ဆင်းရဲတွင်းက မတက်နိုင်တဲ့ ချွတ်ခြုံကျနိုင်ငံတွေ ဖြစ်လာရတဲ့ သာဓကတွေကိုလည်း လေ့လာသင့်ပါတယ်။ သေဆုံးသွားခဲ့ရှာပြီဖြစ်တဲ့ ပါလက်စတိုင်းအမျိုးသား ကဗျာဆရာ မာမတ်ဒါဝစ်က သူ့ရဲ့ကမ္ဘာကျော်ကဗျာတွေထဲမှာ ဂါဇာမှာရှိတဲ့ ဟားမတ်စ်နဲ့ ဖာတာတို့ အကြမ်းဖက် တိုက်ခိုက်ခဲ့ကြတာကို "လမ်းပေါ်ထွက်ပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေကြခြင်း"လို့ မြည်တမ်းပြီး ကဗျာဖွဲ့ဆိုခဲ့ဖူးပါတယ်။

## အကျည်းတန်စွာမဖြေရှင်းလိုပါ

**ဘယ်လိုနိုင်ငံရေးစနစ်ဖြစ်ဖြစ်၊ ဘယ်လိုရည်ရွယ်ချက်နဲ့ဖြစ်ဖြစ်၊ ဘယ်လိုယုံကြည်ချက်နဲ့ဖြစ်ဖြစ် အကြမ်းဖက်ခြင်းကို လုပ်လို့မရပါဘူး။ လူမျိုးတူတိုင်း၊ ဘာသာတူတိုင်း၊ အယူဝါဒတူတိုင်း၊ ခံယူချက်တူတိုင်း အကြမ်းဖက်သမားတွေကို ထောက်ခံပေးလို့မဖြစ်ပါဘူး။ ဒါဟာ နိုင်ငံတကာက အကြမ်းဖက်သူတွေကို သတ်မှတ်ထားတဲ့အမြင်ပဲဖြစ်သလို အထူးသဖြင့်တော့ ဒီမိုကရေစီနိုင်ငံတွေမှာ အကြမ်းဖက်သူဟာ နိုင်ငံရဲ့ အဓိကရန်သူ၊ ကမ္ဘာ့ရန်သူအဖြစ် အကြမ်းဖက်ဝါဒကို အပြင်းအထန် ရှုတ်ချလေ့ရှိပါတယ်။**

**▲ ဘယ်လိုနိုင်ငံရေးစနစ်ဖြစ်ဖြစ်၊ ဘယ်လိုရည်ရွယ်ချက်နဲ့ဖြစ်ဖြစ်၊ ဘယ်လိုယုံကြည်ချက်နဲ့ဖြစ်ဖြစ် အကြမ်းဖက်ခြင်းကို လုပ်လို့မရပါဘူး။ လူမျိုးတူတိုင်း၊ ဘာသာတူတိုင်း၊ အယူဝါဒတူတိုင်း၊ ခံယူချက်တူတိုင်း အကြမ်းဖက်သမားတွေကို ထောက်ခံပေးလို့မဖြစ်ပါဘူး။ ဒါဟာ နိုင်ငံတကာက အကြမ်းဖက်သူတွေကို သတ်မှတ်ထားတဲ့အမြင်ပဲဖြစ်သလို အထူးသဖြင့်တော့ ဒီမိုကရေစီနိုင်ငံတွေမှာ အကြမ်းဖက်သူဟာ နိုင်ငံရဲ့ အဓိကရန်သူ၊ ကမ္ဘာ့ရန်သူအဖြစ် အကြမ်းဖက်ဝါဒကို အပြင်းအထန် ရှုတ်ချလေ့ရှိပါတယ်**

ပြည်သူတွေ စိတ်နှလုံးထိခိုက်အောင်၊ မလုံခြုံအောင် အကြမ်းဖက်မှုတွေကိုလည်း နိုင်ငံတကာမှာ အစိုးရတွေက ထိထိရောက်ရောက် နှိမ်နင်းရင်းနဲ့ တိုင်းပြည်နဲ့ ပြည်သူကို လုံခြုံမှုပေးလေ့ရှိပါတယ်။ အဲဒီအခါမှာ လူသားချင်း စာနာထောက်ထားတယ်ဆိုတဲ့ စကားရပ်က လွဲလို့ နိုင်ငံတကာဆီကလည်း ဘာမှ ထပ်ရလာနိုင်မှာမဟုတ်သလို ရှုပ်ထွေးပြီး အကျည်းတန်နေတဲ့ ပြည်တွင်းနိုင်ငံရေးအခြေအနေဆိုပြီး မျက်နှာလွှဲသွားဖို့သာရှိတယ်ဆိုတာကို ပြည်သူတွေ သတိချပ်စေလိုလှပါပြီ။

ပြည်သူတွေအနေနဲ့ တိုင်းပြည်ဆူပူအောင်၊ မငြိမ်မသက်ဖြစ်အောင်၊ မိမိတို့ အများပြည်သူတွေ စိုးရိမ်ထိတ်လန့်မှုတွေဖြစ်အောင် အကြမ်းဖက်သူတွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ အကြမ်းဖက်လုပ်ရပ် အားလုံးကို ဝိုင်းဝန်းဆန့်ကျင်ကြခြင်းဖြင့် အနာဂတ် နိုင်ငံတော်ကြီး အကျည်းမတန်ရအောင် ထိန်းသိမ်းပေးကြဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း။ ။

# ရန်ကုန်မြို့ အခြေခံပညာကျောင်းများ တောင်းဆိုချက်ပေါ်မူတည်ကာ YPTC စံပြကျောင်းကားများ ထပ်မံဖြည့်ဆည်းပေးမည်

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YPTC) အနေဖြင့် လာမည့် ဇွန် ၁ ရက်မှစတင်ကာ ဖွင့်လှစ်မည်ဖြစ်သော ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းမှ အခြေခံကျောင်းများ၏ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ကျောင်းကော်မတီရေးရာ အဖွဲ့များ၏ ကျောင်းကားလိုအပ်ချက်အပေါ် မူတည်၍ တောင်းဆိုလာပါက စံပြကျောင်းကားများကို ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း YPTC ရုံးချုပ်မှ သိရသည်။

"လာမယ့်ပညာသင်နှစ် ကျောင်းကားတွေ ပြေးဆွဲပေးမှုအပေါ်မှာ တချို့ ကျောင်းသားမိဘတွေက ကျောင်းကားတွေနဲ့ ပတ်သက်ပြီး စိုးရိမ်နေကြတာတွေ ကျွန်တော်တို့လည်း ကြားပါတယ်။ ကျောင်းကားတွေ အဆင်ပြေအောင် ပြေးဆွဲပေးမှာပါ။ ကျောင်းကားတွေ အရင်လို ပုံမှန်မပျက် အေးချမ်းစွာ ပြေးဆွဲပေးဖို့လည်း ကျောင်းတွေအနေနဲ့ စီစဉ်ထားပြီးဖြစ်မှာပါ။ အရင်ပညာသင်နှစ်တွေကလည်း လိုအပ်တဲ့ ကျောင်းတွေကို ကျွန်တော်တို့အနေနဲ့ စံပြကားအဖြစ် ဖြည့်ဆည်းပြေးဆွဲပေးခဲ့ပါတယ်။ ဒီနှစ်မှာလည်း ကျောင်းတွေရဲ့ တောင်းဆိုမှုအရ လိုအပ်ရင် လိုအပ်သလို ကျွန်တော်တို့ အနေနဲ့ ကျောင်းကားတွေကို ဖြည့်ဆည်းပြေးဆွဲပေးဖို့ စီစဉ်ထားပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီ (YPTC) မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးမှ ကျောင်းသားကျောင်းသူများ ယခင်ပညာသင်နှစ်များကလည်း အဆင်ပြေပြေ ကျောင်းတက်ပညာသင်ကြားနိုင်ရေး YPTC အနေဖြင့် သက်ဆိုင်ရာ ကျောင်းတာဝန်ရှိသူများနှင့် ညှိနှိုင်းကာ စံပြကျောင်းကားများအဖြစ် ဝင်ရောက်ပြေးဆွဲဖြည့်ဆည်း ဆောင်ရွက်ပေးသည်များရှိသည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု ကော်မတီ (YPTC) အနေဖြင့် စံပြကျောင်းကား ၉၀ ကျော် ဖြည့်ဆည်းပြေးဆွဲပေးကာ ဝန်ဆောင်ခကိုလည်း အမြတ်အစွန်း ယူဆောင်ခြင်းမရှိဘဲ လူမှုရေးလုပ်ငန်းစဉ်တစ်ရပ် (CSR)အနေဖြင့်သာ ဝန်ဆောင်မှုပေးခြင်းဖြစ်ကြောင်း သိရသည်။

YPTC အနေဖြင့် ယခင်နှစ်များနည်းတူ ယခုနှစ်တွင်လည်း အခြေခံကျောင်းများ လိုအပ်ချက်အပေါ်မူတည်ကာ ပြေးဆွဲပေးမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ စံပြကျောင်းကားများအဖြစ် ဝန်ဆောင်မှုပေးရန် စီစဉ်လျက်ရှိသည်။ YPTC ကျောင်းကားများတွင် ကျောင်းသားများလုံခြုံရေးအတွက် လုံခြုံရေးကင်မရာများ တပ်ဆင်ပေးထားခြင်း၊ အကူယာဉ်မယ် ထည့်ပေးခြင်း၊ မိဘများ မိုဘိုင်းဖုန်း ဖွင့်လိုက်သည်နှင့် မိမိကျောင်းသား ဘယ်နေရာ ရောက်နေပြီဆိုသည့် တည်နေရာညွှန်ပြသော စနစ်ပါရှိခြင်း စသည့် ခေတ်စနစ်နှင့်အညီ အဆင့်မြင့်နည်းစနစ်များ တပ်ဆင်အသုံးပြုထားကြောင်း သိရသည်။



ရန်ကုန်မြို့အတွင်း အခြေခံပညာကျောင်းများ၌ ဝန်ဆောင်မှုပေးခဲ့သော ကျောင်းကားတစ်စီးကို တွေ့ရစဉ်။

အဆိုပါ စံပြကျောင်းကားများကို ပြီးခဲ့သော ပညာသင်နှစ်တွင် ကမာရွတ် (TTC)၊ ရန်ကင်း (TTC)။ မရမ်းခြံ အထက (၂) မရမ်းကုန်း၊ အထက(၁) လသာ၊ အထက (၂) လသာ၊ အထက(၂) စမ်းချောင်း၊ သဃ်န်းကျွန်း (TTC)၊ အထက(၂) မြောက်ဥက္ကလာပ၊ အမက (၄၆) ရွှေပေါက်ကံ စသည့် ကျောင်းပေါင်း ၉၀ ကျော်ကို စံပြကျောင်းကားများအဖြစ် ပြေးဆွဲပေးသည်။ ယခု ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင်လည်း အခြေခံကျောင်းများမှ လိုအပ်ချက်နှင့်အညီ တောင်းဆိုမှုများ ရှိလာပါက YPTC အနေဖြင့် စံပြကျောင်းကား ၁၀၀ ကျော် ဖြည့်ဆည်းပေးရန် စီစဉ်ထားပြီဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# မြိတ်ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာ၊ အထူးကုပြင်ပလူနာနှင့် အတွင်းလူနာများအား ကျန်းမာရေးစောင့်ရှောက်မှု ကုသပေးလျက်ရှိ

**မြိတ် မေ ၂၃**



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပြည်သူ့ဆေးရုံ၌ပြည်သူလူထုအား ပြင်ပလူနာဌာန၊ အထူးကုပြင်ပလူနာဌာနနှင့် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူရမည့် ဝေဒနာရှင်များကို ဆေးရုံအုပ်ကြီး၊ အထူးကု ဆရာဝန်ကြီးများ၊ လက်ထောက် ဆရာဝန်နှင့် သူနာပြုများဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိသည်။ **(ယာပုံ)**

"လောလောဆယ်က ဝန်ထမ်းအခြေအနေ၊ ဆေးရုံအခြေအနေနဲ့ မနက် ၈ နာရီကနေ ညနေ ၆ နာရီအထိ အတွင်းလူနာရော ပြင်ပလူနာကိုပါ လက်ခံပြီး ကုသပေးနေပါတယ်။ အတွင်းလူနာတွေကို ညနေ ၆ နာရီကနေ မနက် ၈ နာရီအထိ တပ်မတော်ဆေးရုံက ကူညီဆောင်ရွက်ပေးနေပါတယ်။ အဓိကတော့ အရေးပေါ်ခွဲစိတ်တာ၊ သားဖွားမီးယပ်၊ အရိုးနဲ့ ပတ်သက်တာ၊ ထိခိုက်ဒဏ်ရာရတာတွေကို ဆောင်ရွက်ပေးနေပါတယ်။ အထူးကုအားလုံးစုံနေပြီဖြစ်တဲ့အတွက် ပုံမှန်အတိုင်း ပြန်ပြီးတော့ ကျန်းမာရေး စောင့်ရှောက်မှု ပေးနေပြီဖြစ်ပါတယ် " ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

ပြည်သူ့ဆေးရုံမှ ပြင်ပလူနာများကို ဧပြီ ၁ ရက်မှစတင်၍ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ပြင်ပလူနာများ လက်ခံကုသပေးပြီး မေ ၁၀ ရက်မှ စတင်ကာ အတွင်းလူနာများ လက်ခံကုသပေးလျက်ရှိရာ အတွင်းလူနာ စုစုပေါင်း ၄၀ ကျော်ရှိကြောင်း၊ လက်ရှိတွင် ခန့်ထားသည့်ဝန်ထမ်းအင်အား သုံးပုံတစ်ပုံသာ တာဝန်ထမ်းဆောင်လျက်ရှိသည့်အတွက် ဝန်ထမ်းအင်အား တိုးလာပါက ကြည့်ရှု စောင့်ရှောက်မှုအချိန် တိုးလာမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို ခုတင် ၂၀၀ ဆေးရုံတွင်သာ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆေးရုံအုပ်ကြီးထံမှ သိရသည်။

ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုများအဖြစ် ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ အရိုးအကြော၊ စိတ်ကျန်းမာရေး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့်ခံတွင်းရောဂါ ဝေဒနာရှင်များကို ခွဲစိတ်ခြင်း၊ ဓာတ်မှန်အပါအဝင် ဆေးပညာအထူးကု၊ အထူးကုဆရာဝန်ကြီးများနှင့် လက်ထောက်ဆရာဝန်၊ သူနာပြုများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြင်ပလူနာဌာနကို နေ့စဉ် ဖွင့်လှစ်လျက်ရှိကာ အထူးကု ပြင်ပလူနာဌာနကို နေ့ရက်များအလိုက် ဖွင့်လှစ်၍ ပြည်သူ့ဆေးရုံတွင် ကုသပေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး ( ပြန်/ဆက် )**

# မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**မြစ်သား မေ ၂၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် အရေးမဆိုကျေးရွာနှင့် မယ်ညိုကျေးရွာ နှစ်ရွာတို့တွင် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို မေ ၂၂ ရက်တွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးသည်။

မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေများဖြင့် အရေးမဆိုကျေးရွာတွင် လေးလက်မ အဝီစိစက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အလျား ၅ ပေ၊ အကျယ် ၅ ပေ၊ အမြင့် ၇ ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ နှစ်လက်မပိုက် အရှည်ပေ ၃၈၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မူလခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၁၂ သန်းဖြင့်လည်းကောင်း၊ မယ်ညိုကျေးရွာတွင် အလျားပေ ၃၀၀၊ အကျယ်ပေ ၂၀၊ အမြင့် ၁၆ ပေနှင့် အလျားပေ ၂၀၊ အကျယ် ၃၈ ပေ၊ အမြင့် ၅ ပေရှိ ရေလှောင်တည်ဆောက်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၀၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက မတ်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအချိန်တွင် လုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးကိုကိုအောင်က ပြောသည်။

**စိုးမိုးကျော်**

# လပွတ္တာမြို့နယ်နှင့် ပြင်စလူမြို့ ဧရိယာအတွင်းရှိ ငါးဖမ်းကွက်များအား (ပထမအကြိမ်) ဈေးပြိုင်တင်ဒါ စနစ်ဖြင့်ရောင်းချ

**လပွတ္တာ မေ ၂၃**

၂၀၂၁-၂၀၂၂ လုပ်ငန်းရာသီအတွက် လပွတ္တာမြို့နယ်နှင့် ပြင်စလူမြို့ ဧရိယာအတွင်းရှိ ငါးဖမ်းကွက်များအား (ပထမအကြိမ်) ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို မေ ၂၀ ရက်က ရွှေနဒီခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးသော်ထွန်းဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်းက တင်ဒါစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး လပွတ္တာမြို့နယ်နှင့် ပြင်စလူဧရိယာအတွင်းရှိ ငါးဖမ်းကွက် (၁၂၁) ကွက်ကို ပွင့်လင်းမြင်သာစွာ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသည်။ ကျန်ငါးဖမ်းကွက်များကို သတ်မှတ်ရက်များတွင် ဆက်လက်ရောင်းချမည်ဖြစ်ကြောင်းနှင့် အခမ်းအနားကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးမှုနှင့် သုတေသနပြုလုပ်ဆောင်ရွက်နိုင်ရေး အခြေအနေ

ငါးလုပ်ငန်းဦးစီးဌာန

**ကျောက်ပုစွန်မွေးမြူနိုင်သည့်နည်းစနစ်**

ကျောက်ပုစွန်ကို သဘာဝမှဖမ်းဆီးခြင်းကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအတော်များများ၌ လုပ်ဆောင်လျက်ရှိကြပြီး အထူးသဖြင့် အရှေ့တိုင်းအစားအစာများတွင် ကျောက်ပုစွန်မှာ ထင်ပေါ်ကျော်ကြားသည်။ သဘာဝမှ ကျောက်ပုစွန်များကို အလွန်အကျွံ ဖမ်းဆီးမှုများကြောင့် သဘာဝ ရေသယံဇာတများ အများအပြားသေကျေပျက်စီး၍ ကျောက်ပုစွန်ဈေးနှုန်းကို မြင့်တက်စေသည်။ ယခုဆိုလျှင် နိုင်ငံအချို့ရှိ ကုမ္ပဏီကြီးများတွင် ကျောက်ပုစွန်သားပေါက်(Post larval stage-pueruli) အဆင့်မှ စီးပွားဖြစ်ရောင်းဝယ်သော အရွယ်အထိ ဖော်စပ်ထားသော အစာများကျွေး၍ မွေးမြူနိုင်သည့်နည်းစနစ် ဖွံ့ဖြိုးလာပြီဖြစ်သည်။


အင်ဒို-ပစိဖိတ်ဒေသတွင် ကျောက်ပုစွန် (Spiny lobster, Panulirus sp) မျိုးစိတ်များစွာကို တွေ့ရှိနိုင်ပြီး အမေရိကန်ကျောက်ပုစွန်နှင့် မတူဘဲ ၎င်းတွင် အစာသားကောင်(Prey)များကို ခွဲခြေနိုင်ရန်နှင့် ရန်သူအား ကာကွယ်နိုင်မည့် သန်မာတုတ်ခိုင်သော လက်မများ မပါရှိပါ။ ၎င်းအစား Spiny Lobster ကျောက်ပုစွန်၌ ရှည်လျားသော နှာမောင်းတံ ပိုင်ဆိုင်ထားပြီး ထိုနှာမောင်းဖြင့် ၎င်း၏သားကောင်နှင့် အန္တရာယ်များကို ဖွေ့ယမ်းရန် အသုံးပြုသည်။

**ကမ္ဘာတစ်ဝန်း ကျောက်ပုစွန်ဈေးကွက်**

အင်ဒို-ပစိဖိတ်ဒေသတွင်း၌ ကျောက်ပုစွန်ကို ရေငုပ်သမားများက ဖမ်းယူကြပြီး ပိုက်လှောင်အိမ်ဖြင့်ထည့်လှောင်၍ ပင်လယ်ရေထဲတွင် ထားကာ ဂျပန်၊ ထိုင်ဝမ်၊ ရုန်ဟိုင်းနှင့် ဟောင်ကောင် ဈေးကွက်များသို့ အရှင် တင်ပို့ရောင်းချကြသည်။ ဒေသအပြင်ဘက်များတွင်မူ အဓိကအားဖြင့် ကျောက်ပုစွန်ကို ဩစတြေးလျနှင့် ကဲရစ်ဘီယန်ဒေသများ၌ တွေ့ရှိနိုင်သည်။ ကျောက်ပုစွန် ဈေးကွက်လိုအပ်ချက် မြင့်မားခြင်းသည် အကျိုးအမြတ်များသော ဈေးကွက်ကို ဖြစ်စေသည်။ ထို့ကြောင့် အရှေ့တောင်အာရှဒေသရှိ ကျောက်ပုစွန်များရှိသော အဓိကနေရာများတွင် သဘာဝမှ အလွန်အကျွံဖမ်းဆီးမှုကြောင့် သယံဇာတများ လျော့နည်းခဲ့ပြီး အခြားဒေသများတွင်လည်း မျိုးသုဉ်းမှုအန္တရာယ်က ခြိမ်းခြောက်လျက်ရှိသည်။

**ကျောက်ပုစွန်သယံဇာတများ ထိန်းသိမ်းရေး**

ကမ္ဘာတစ်ဝန်း ကျောက်ပုစွန် ဖမ်းဆီးထုတ်လုပ်မှုမှာ တန်ချိန်ပေါင်း ၇၇၀၀၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ရှိသည်။ အဆိုပါထုတ်လုပ်မှုမှ တန်ချိန်ပေါင်း ၃၈၀၀၀ မှာ ကဲရစ်ဘီယန်ဒေသရှိ သဘာဝမှ ဖမ်းဆီးသော ကျောက်ပုစွန်များဖြစ်သည်။ ကဲရစ်ဘီယန်ဒေသရှိ များစွာသောကျွန်းများ၏ အဓိကစီးပွားရေးအကျိုးအမြတ်ကို ကျောက်ပုစွန်များ ပြည်ပတင်ပို့ခြင်းမှ ရရှိသည်။ သဘာဝ၌ ကျောက်ပုစွန်များနေထိုင်ရာ နေရာများ လျော့နည်းလာခြင်းနှင့်အတူ ပျက်စီးစေသောငါးဖမ်းနည်းဖြင့် ကျောက်ပုစွန်များ အလွန်အကျွံ ဖမ်းဆီးခြင်းတို့ကဲ့သို့ လူကြောင့်ဖြစ်သော သဘာဝကျောက်ပုစွန် သယံဇာတများ လျော့ကျစေမှုများသည် လက်ရှိ ကျောက်ပုစွန်ဈေးကွက် ရေရှည်တည်တံ့ရေးကို ခြိမ်းခြောက်လာပြီဖြစ်သည်။ ကဲရစ်ဘီယန်ဒေသတွင် အထက်ဖော်ပြပါ လုပ်ဆောင်ချက်များကြောင့် ကျောက်ပုစွန်ဖမ်းဆီးသည့်လုပ်ငန်းမှာ ကျဆင်းလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးကာ ငါးလုပ်ငန်းကဏ္ဍမှရရှိသော အခွန်အခများလည်း ကျဆင်းလျက်ရှိသည်။



ပြည်ပဈေးကွက်ရောင်းတန်းဝင် ကျောက်ပုစွန်များ။

ကျောက်ပုစွန်သယံဇာတများ ပြန်လည်ဖြစ်တည်လာရန်အတွက် ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာစေခြင်းဖြစ်သော တီထွင်ဖန်တီးထားသည့် နည်းလမ်းများဖြင့် မွေးမြူထုတ်လုပ်ပြီး သဘာဝသို့ ကျောက်ပုစွန်သားပေါက်များ လွှတ်ပေးခြင်းဖြင့် ကျောက်ပုစွန်များ ပြန်လည်ပေါများလာမည်ဟု ယုံကြည်ပါသည်။ ယခုအခါ ကျောက်ပုစွန် သယံဇာတထိန်းသိမ်းရေး အစီအမံများဖြစ်သော ဖမ်းဆီးသည့်အရွယ်ကို ကန့်သတ်ထားခြင်းနှင့် ဥဆောင် ကျောက်ပုစွန်အမများ ဖမ်းဆီးခြင်းကို တားမြစ်ခြင်းတို့ လုပ်ဆောင်လာကြပြီဖြစ်သည်။

ကျောက်ပုစွန် အလွန့်အကျွံ ဖမ်းဆီးထုတ်လုပ်ခြင်းကို ကာကွယ်နိုင်မည့် နောက်ထပ်နည်းလမ်းတစ်ရပ်မှာ ကျောက်ပုစွန်များကို စီးပွားဖြစ် မွေးမြူထုတ်လုပ်နိုင်သည့် မွေးမြူရေးနည်းပညာရပ်များ ဖွံ့ဖြိုးလာစေရေးဖြစ်သည်။ အချို့သော သုတေသနနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များမှ စီးပွားဖြစ်မကျတကျ(Semi-Commercial) အတိုင်းအတာအထိ ကျောက်ပုစွန်သားပေါက်(Post-larvae)နှင့် သက်ငယ်ကောင်များကို ဈေးကွက်ဝင်အရွယ်အထိ မြေပြင်ပေါ်ရှိ ရေရှင်စနစ်ကန်များ (Land-based raceway)နှင့် တီထွင်ဖန်တီးထားသည့် ပင်လယ်ရေမွေးကန်များဖြင့် မွေးမြူနိုင်သည့် နည်းပညာများ ဖွံ့ဖြိုးလာပြီဖြစ်သည်။

**ရှုပ်ထွေးသော ဘဝစက်ဝန်း**

သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အားထုတ်ကြိုးပမ်းမှုကြောင့် အနုစိတ်လွန်းသော ကျောက်ပုစွန်သားဖောက်ခြင်းနှင့် မွေးမြူခြင်း နည်းပညာများ တိုးတက်ဖွံ့ဖြိုးလာသော်လည်း သားဖောက်ရုံမှ စီးပွားဖြစ်အတိုင်းအတာ ထုတ်လုပ်နိုင်သည်အထိ မဖြစ်လာသော အကြောင်းတစ်ရပ်မှာ ကျောက်ပုစွန်၏ ဘဝစက်ဝန်းသည် ရှုပ်ထွေးသောကြောင့်ဖြစ်သည်။ ဥမှပေါက်ခါစ သားလောင်းငယ်(phyllosoma)သည် အလွန်သေးငယ်၍ ထိုးဖောက်မြင်နိုင်သည့် ပင့်ကူကဲ့သို့ဖြစ်ပြီး အဆိုပါသားလောင်းအဆင့်၌ သွင်ပြင်ရုပ်ခန္ဓာပြောင်းလဲသည့် အဆင့် ၁၁ ဆင့်ရှိ၍ ၁၇ ကြိမ်အထိ အခွံလဲသည်။

ကျောက်ပုစွန်သားပေါက်များကို သဘာဝမှ ဝိုင်းချုပ်ပိုက်၊ အထူးပုံစံပြုလုပ်ထားသော မြုံးနှင့် ရေငုပ်သမားများဖြင့် ဖမ်းဆီးကြသည်။ သဘာဝမှဖမ်းဆီးရယူသော ကျောက်ပုစွန်သားပေါက်များကို မွေးမြူရန်အတွက် လေးစင်တီမီတာမှ ခြောက်စင်တီမီတာအထိ အရွယ်များကို ကြိုက်နှစ်သက်ကြပြီး ဗီယက်နမ်နိုင်ငံ၌ မေလမှ နိုဝင်ဘာလအကြား ဖမ်းဆီးရမိသော ကျောက်ပုစွန်သားပေါက်များမှာ ငါးစင်တီမီတာမှ ခုနစ် စင်တီမီတာအထိ ရှိကြကာ ကျန်ရှိသောလများ၌ ဖမ်းဆီးရရှိသော ကျောက်ပုစွန်သားပေါက်များမှာ နှစ်စင်တီမီတာထက် သေးငယ်ကြသည်။ ကျောက်ပုစွန်ကို သားပေါက်အရွယ်မှ ဈေးကွက်ဝင်အရွယ်ဖြစ်သော တစ်ကီလိုဂရမ်အရွယ်အထိ မွေးမြူချိန်မှာ ၁၂ လမှ ၂၄ လအထိ ကြာမြင့်တတ်သည်။ ဂျပန်နိုင်ငံနှင့် နယူးဇီလန်နိုင်ငံတွင် သားလောင်းငယ်အဆင့်မှ သားပေါက်အရွယ်အထိ မွေးမြူခြင်းမှာ အောင်မြင်မှုရရှိခဲ့သော်လည်း အလွန်နည်းပါးသော အရေအတွက် အတိုင်းအတာအထိသာ ထုတ်လုပ်နိုင်သည်။

**သားပေါက်အရွယ်များကို စုဆောင်းမွေးမြူခြင်း**

သားဖောက်ခြင်းနည်းပညာများ စီးပွားဖြစ်အတိုင်းအတာအထိ အောင်မြင်နိုင်ရေး နှစ်ပေါင်းများစွာ ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေသေးသည်။ သို့သော် ကူးခတ်သွားလာနိုင်ပြီဖြစ်သော ကျောက်ပုစွန်သားပေါက်အရွယ်များကို သဘာဝ၌ တွေ့ရှိနိုင်သည်ဖြစ်၍ ဖမ်းဆီးစုဆောင်း မွေးမြူကြသည်။ အဆိုပါသားပေါက်များသည် ပုံမှန်အားဖြင့် အခြားသော ပင်လယ်ရေသတ္တဝါများ၏အစာများ ဖြစ်ကြပြီး အလွန်နည်းပါးသော ရာခိုင်နှုန်းပမာဏ(၃ ရာခိုင်နှုန်းခန့်)သာ ၎င်းတို့၏ သဘာဝနေထိုင်ရာနေရာဖြစ်သည့် ပင်လယ်ကြမ်းပြင်အောက် ကျောက်ဆောင်ပေါ်သို့ ရောက်ရှိရှင်သန် နေထိုင်နိုင်ကြသည်။ အဆိုပါ ကျောက်ပုစွန်သားပေါက်များကို ဖမ်းဆီးသည့်နည်းပညာများ ဖွံ့ဖြိုးလာသဖြင့် သဘာဝအလျောက် ရှင်သန်နှုန်းထက် သာလွန်မြင့်မားသော ဖမ်းဆီးရယူသည့် သားပေါက်များမှ စီးပွားဖြစ်အရွယ်အထိ မွေးမြူထုတ်လုပ်လာနိုင်ကြသည်။ ဖန်တီးမွေးမြူပြီး မျိုးရင့်မည့်အရွယ်ရောက်သော ကျောက်ပုစွန်များကို ပင်လယ်ပြင်သို့ ပြန်လွှတ်ပေးခြင်းဖြင့် ကျောက်ပုစွန် သယံဇာတများပြန်လည်ဖြစ်တည်စေရန် မျိုးစိုက်ထည့်ပေးခြင်းသည် သယံဇာတ ထိန်းသိမ်းစောင့်ရှောက်သော အစီအမံတစ်ရပ်ဖြစ်ပြီး သဘာဝ၌ ကျောက်ပုစွန်သယံဇာတများ လျင်လျင်မြန်မြန် ပြန်လည်ဖြစ်တည်စေနိုင်လိမ့်မည်ဖြစ်သည်။

ယနေ့ချိန်ခါတွင် ကျောက်ပုစွန်မွေးမြူသည့် တစ်ခုတည်းသော နည်းလမ်းမှာ သဘာဝမှ သားပေါက်အရွယ်(Post-Larva or Puerulli) များကို စုဆောင်းရယူခြင်းဖြင့်သာ မွေးမြူနိုင်ကြသည်။ ဤအချက်သည်ပင် ကျောက်ပုစွန် စီးပွားဖြစ်မွေးမြူထုတ်လုပ်ရန်အတွက် အတွေးသက်သက်သာဖြစ်စေသော အကြောင်းအချက် ဖြစ်နေသည်။ သဘာဝမှ ကျောက်ပုစွန်သားလောင်းများ ရရှိနိုင်မှုမှာ ပုံသေမျှော်မှန်းမရရှိနိုင်ဘဲ ဒေသခံရေလုပ်သားများ၏ လွဲမှားသော နားလည်သဘောပေါက်မှုကြောင့် ကျောက်ပုစွန်သားလောင်း(Pueruli) များကို သဘာဝမှ စုဆောင်းခြင်းသည် ရင်းနှီးမြှုပ်နှံမှု နည်းသော်လည်း ပြောင်းပြန်အကျိုးသက်ရောက်စေခြင်း ဖြစ်သည်။ ကျောက်ပုစွန် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာရေးအတွက် နောက်ထပ် အဓိကအခက်အခဲတစ်ရပ်မှာ ကြီးထွားနှုန်းကောင်းစေမည့် ဖော်စပ်စာများ ထုတ်လုပ်နိုင်မည့် နည်းပညာလိုအပ်ခြင်းနှင့် လက်ခံနိုင်လောက်သည့် အတိုင်းအတာအထိ အစာဖိုးကုန်ကျစရိတ်များကို လျှော့ချနိုင်ရေးဖြစ်သည်။

**ကျောက်ပုစွန်အစာ**

လက်ရှိအချိန်အထိ ကျောက်ပုစွန်ပမာဏ အနည်းငယ်မျှသာ မွေးမြူသောလုပ်ငန်းများသည် သဘာဝအစာဖြစ်သော ငါးသေးငါးနုတ်များ၊ ခုံး၊ ကမာ၊ ယောက်သွားများကို အဓိကအစာအဖြစ် အားထားနေရသည်။ အဆိုပါနည်းမှာ ပမာဏအနည်းငယ် မွေးမြူခြင်းဆိုလျှင် အကျိုးအမြတ် ရရှိနိုင်သော်လည်း ပမာဏ တိုးတက်ထုတ်လုပ်လိုပါလျှင် သဘာဝအစာများ၏ဈေးနှုန်း မြင့်မားလာခြင်းနှင့် ရာသီကာလများ၌ လုံလောက်သော သဘာဝအစာပမာဏ မရရှိနိုင်သဖြင့် ပမာဏ အများအပြား မွေးမြူထုတ်လုပ်နိုင်ရေး ဖြစ်နိုင်ခြေနည်းသည်။ ထို့ကြောင့် သင့်လျော်သော အစာဖော်စပ်ထုတ်လုပ်သည့် နည်းပညာများ ဖွံ့ဖြိုးလာစေခြင်းဖြင့် ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်းကို နှစ်ပတ်လည်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ကျောက်ပုစွန်များ၏ သင့်လျော်သော အစာအသုံးချနိုင်မှုနှင့် အစာကျန်များကြောင့် ပတ်ဝန်းကျင်ရေထုညစ်ညမ်းစေနိုင်မှုကို လျှော့ချနိုင်မည့် နည်းပညာများလည်း ယခုအခါ ဖွံ့ဖြိုးလာပြီဖြစ်သည်။

*စာမျက်နှာ ၂၆ သို့*

**မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်အလိုက် ကျောက်ပုစွန်(အရှင်) တင်ပို့မှုစာရင်း**

| စဉ် | ဘဏ္ဍာနှစ် | ပုံမှန်ကုန်သွယ်ရေး | | နယ်စပ်ကုန်သွယ်ရေး | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | မက်ထရစ် တန်(ရိုးရိုး) | အမေရိကန် ဒေါ်လာ(သန်း) | မက်ထရစ် တန်(ရိုးရိုး) | အမေရိကန် ဒေါ်လာ(သန်း) | မက်ထရစ် တန်(ရိုးရိုး) | အမေရိကန် ဒေါ်လာ(သန်း) |
| ၁။ | ၂၀၁၆-၂၀၁၇ | ၁၅၄.၄၁၈ | ၃.၃၆၇ | ၁၂.၁၉၅ | ၀.၂၆၆ | ၁၆၆.၆၁၃ | ၃.၆၃၃ |
| ၂။ | ၂၀၁၇-၂၀၁၈ | ၁၄၄.၃၀၈ | ၃.၁၇၈ | ၃၃.၈၀၃ | ၀.၇၄၃ | ၁၇၈.၁၁၂ | ၃.၉၂၁ |
| ၃။ | ၂၀၁၈-၂၀၁၉ | ၁၆၈.၁၉၆ | ၄.၂၀၅ | ၅၃.၆၇၄ | ၁.၁၈၁ | ၂၂၁.၈၇၀ | ၅.၃၈၆ |
| ၄။ | ၂၀၁၉-၂၀၂၀ | ၁၀၆.၀၉၃ | ၂.၆၁၇ | ၃၆.၈၇၈ | ၀.၇၂၆ | ၁၄၂.၉၇၁ | ၃.၃၄၃ |
| ၅။ | ၂၀၂၀-၂၀၂၁ ဧပြီလအထိ | ၉၅.၉၇၁ | ၁.၉၄၆ | | | ၉၅.၉၇၁ | ၁.၉၄၆ |

*စာမျက်နှာ ၂၅ မှ*

သဘာဝမှ ကျောက်ပုစွန်သားပေါက်များကို ဖမ်းဆီးစုဆောင်း ရယူသော လက်ရှိနည်းလမ်းများမှာ သုတေသနအတွက် ရည်ရွယ်ပြီး ပုံစံထုတ်ထားသော ရေမြုပ်လှောင်ကန်ပုံစံ Witham collectors ကဲ့သို့သော စနစ်များကို အခြေခံထားသည်။ စီးပွားဖြစ် ဖမ်းဆီး စုဆောင်း ရယူသောနည်းစနစ်များသည် လက်ရှိအချိန်၌ မလိုအပ်ဘဲ အခြားသော ရေသတ္တဝါများကို ဖမ်းမိနိုင်မှု အနည်းဆုံးဖြစ်စေပြီး သင့်တင့်သော ဖမ်းဆီးမှုကို ဖြစ်စေနိုင်သည့် နည်းစနစ်များ ဖွံ့ဖြိုးလာပြီဖြစ်သည်။ ကဲရစ်ဘီယန်ဒေသတွင် ခရုသင်းကဲ့သို့ ခရုကြီးများ၏ ဘေးထွက်ပစ္စည်းများကို ကျောက်ပုစွန်၏အစာအဖြစ် အသုံးပြု မွေးမြူကြပြီး ခရုကြီးများ ဖမ်းဆီးထုတ်လုပ်သည့် ရာသီလွန်ကာလများ တွင် ဖော်စပ်ထုတ်လုပ်သော အစာတောင့်များကျွေး၍ မွေးမြူကြသည်။

**သင့်လျော်သောနေရာ ရွေးချယ်ခြင်း**

ကျောက်ပုစွန်မွေးမြူထုတ်လုပ်ရန် သင့်လျော်သောနေရာ ရွေးချယ်ရန် အောက်ဖော်ပြပါ အချက်များကို လိုက်နာသင့်ပါသည်-

(က) ဒေသဆိုင်ရာအစိုးရမှ သင့်လျော်သော စီးပွားရေးနှင့် နိုင်ငံရေး ဆိုင်ရာ အထောက်အပံ့ အကူအညီ ရရှိနိုင်ခြင်း၊
( ခ ) ခရုအသား ဘေးထွက်ပစ္စည်းများ ရရှိနိုင်ခြင်း၊
( ဂ ) ပတ်ဝန်းကျင်ရှိ ကျွန်းများမှ ကျောက်ပုစွန်သားပေါက်(Pueruli) များ ရရှိနိုင်ခြင်း၊
(ဃ) သင့်လျော်သော ဆိပ်ကမ်းနှင့် လေကြောင်းလိုင်းများ ဆက်သွယ်မှုရရှိနိုင်ခြင်း၊
( င ) ကျောက်ပုစွန်မွေးမြူခြင်းဆောင်ရွက်ရန် အထောက်အပံ့ဖြစ်စေမည့် ကုန်းမြေနှင့် ကမ်းလွန်အခြေအနေများရှိခြင်း။

သဘာဝပတ်ဝန်းကျင် ဒီရေရောက်တောများ၊ ပင်လယ်မြက်ခင်းများနှင့် ၎င်းတို့ကို မှီတင်းနေထိုင်ကြသော ပင်လယ်ငါးများနှင့် ရေသတ္တဝါများကို မထိခိုက်စေဘဲ ဒေသခံပြည်သူများ၏ စီးပွားရေး လုပ်ငန်းများကို ဟန်ချက်ညီစေမည့် နည်းလမ်းများဖြင့် ဒေသခံ ရေလုပ်သားများနှင့် ၎င်းတို့၏ နောင်လာနောက်သားများ စဉ်ဆက်မပြတ် အကျိုးဖြစ်စေမည့် ကျောက်ပုစွန်သားပေါက်များကို ဖမ်းဆီး စုဆောင်း မွေးမြူပြီး သိသာသောအရေအတွက်ရှိသည့် ကျောက်ပုစွန်မျိုးအမများကို သဘာဝပင်လယ်ရေပြင်ထဲသို့ မျိုးစိုက်ထည့်ပေး၍ ကျောက်ပုစွန် မဖမ်းဆီးရသည့်နေရာများ သတ်မှတ်ကာကွယ်ခြင်းဖြင့် ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်း ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။

**ဗီယက်နမ်၏ ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်း**

အာဆီယံဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ၌ ကျောက်ပုစွန်မွေးမြူခြင်း စီးပွားဖြစ်အောင်မြင်သော နိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။ ဗီယက်နမ် ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်း တွင် သဘာဝသားပေါက်များ ဖမ်းဆီးမွေးမြူခြင်းကို အဓိက ဆောင်ရွက်ကြသည်။ မွေးမြူထိန်းသိမ်းထားသော အခြေအနေမှ သားဖောက်ခြင်း လုပ်ငန်းမှာ ခက်ခဲလှသော နည်းပညာများကြောင့် သားဖောက် ထုတ်လုပ်သည့် ကျောက်ပုစွန်သားပေါက်များ မရရှိနိုင်သေးပေ။ ဗီယက်နမ်နိုင်ငံသည် လက်ရှိအချိန်တွင် အထူးသဖြင့် Panulirus ornatus မျိုး ဖြစ်သော ထိပ်တန်းမျိုးကို တစ်နှစ်လျှင် တန်ချိန် ၁၆၀၀ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၂၀ ကျော်ဖိုး တင်ပို့လျက်ရှိသည်။ အဆိုပါ အောင်မြင်မှုများ ကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် ကျောက်ပုစွန်သားပေါက်များ ဖမ်းဆီး စုဆောင်းခြင်းလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး ဗီယက်နမ်နိုင်ငံထက် ကျောက်ပုစွန်သားပေါက် စုဆောင်းရရှိနိုင်မှု ၁၀ ဆမှ အဆ ၂၀ အထိ ရရှိနိုင်သည်။ သို့သော် အင်ဒိုနီးရှားနိုင်ငံ၌ ကျောက်ပုစွန် အသားတိုးမွေးမြူခြင်းမှာ အစိုးရ၏ မူဝါဒ၊ မွေးမြူသူများ၏ အသိပညာ ဗဟုသုတ နည်းပါးမှုနှင့် ကျွမ်းကျင်မှုနည်းပါးခြင်းတို့ကြောင့် သိသိသာသာ တိုးတက်မှုမရှိပါ။ အင်ဒိုနီးရှားနိုင်ငံတွင် ဖမ်းဆီးရရှိသော ကျောက်ပုစွန်မျိုးမှာ Panulirus homarus မျိုးဖြစ်ပြီး Panulirus ornatus မျိုးကဲ့သို့ ထုတ်လုပ်မှုကောင်းသော်လည်း ဈေးရရှိမှုနည်းသည်။

သဘာဝအတိုင်း ကျောက်ပုစွန်သားပေါက်များ အများအပြား ထူးထူးခြားခြားရရှိနေခြင်းသည် သင့်လျော်သောအခြေအနေများ စုစည်း ရှိနေသော သတ်သတ်မှတ်မှတ်နေရာများ ရှိနေခြင်းကြောင့်ဖြစ်ကာ ကမ်းခြေအနီး၌ ကျောက်ပုစွန်သားပေါက် အများအပြား တစ်စု တစ်စည်းတည်းရှိနေရန် ဖန်တီးပေးသကဲ့သို့ဖြစ်နေသည်။ ထိုကဲ့သို့ ကျောက်ပုစွန်သားပေါက် တစ်စုတစ်စည်းတည်း ရရှိနိုင်သော နေရာများမှာ ဗီယက်နမ်နိုင်ငံ၌ မြောက်ပိုင်းကမ်းခြေ၏ ဗဟိုနေရာနှင့် အင်ဒိုနီးရှားနိုင်ငံ၌ တောင်ပိုင်းကမ်းခြေ၏ ဗဟိုနေရာတို့ ဖြစ်သည်။ အဆိုပါနေရာများ၌ ကျောက်ပုစွန်သားပေါက်များသည် အခြေချနေထိုင်မည့်နေရာများ မလုံလောက်မှုနှင့် သားစားငါးများကြောင့် သဘာဝအရ သေဆုံးမှုများလည်း မြင့်မားကြသည်။ အဆိုပါ ကျောက်ပုစွန် သားပေါက်များကို တာဝန်သိ ဖမ်းဆီးစုဆောင်းခြင်းသည် တန်ဖိုးရှိသော သယံဇာတအရင်းအမြစ်တစ်ရပ် ဖြစ်လာစေပြီး ကမ်းရိုးတန်းဒေသရှိ ပြည်သူများအတွက် ဆင်းရဲမှုလျှော့ကျစေသော အကျိုးအမြတ်လည်း ဖြစ်စေသည်။ ကျောက်ပုစွန်သားလောင်းများသည် ၎င်းတို့ အခြေချ နေထိုင်မည့် သင့်လျော်သောကမ်းခြေများသို့ ကူးခတ်လာကြသဖြင့် ဈေးမကြီးဘဲ တီထွင်ဖန်တီးထားသော ထိရောက်သည့်ဖမ်းဆီးနည်း စနစ်များ ပေါ်ထွန်းလာပြီဖြစ်သည်။

**စီးပွားရေးနှင့် လူမှုရေး အကျိုးရလဒ်များ**

ဗီယက်နမ်နိုင်ငံတွင် ဖမ်းဆီးစုဆောင်းရရှိသော ကျောက်ပုစွန် သားပေါက်များကို ရေလုပ်သားများက ရောင်းဝယ်ဖောက်ကားသူများ ထံ ရောင်းချကြပြီး ၎င်းတို့က သားပေါက်ပြုစုကြမည့် မွေးမြူသူများထံ ပြန်လည်ရောင်းချသည်။ ကျောက်ပုစွန်သားပေါက် ပြုစုမွေးမြူကြသူ များသည် သေးငယ်သော ရေအောက်မြုပ်သည့် လှောင်အိမ်များဖြင့် ထည့်သွင်းမွေးမြူကြပြီး အစာအနေဖြင့် လတ်ဆတ်သောကဏန်းများ၊ ယောက်သွားများနှင့် ငါးများ ကျွေးကြသည်။ ကျောက်ပုစွန် သက်ကြီး ကောင် အရွယ်ငယ်(Advanced juvenile lobsters)များကို ကြီးမား သော ရေပေါ်လှောင်အိမ်များဖြင့် မွေးမြူသူများထံသို့ တစ်ဖန်ရောင်းချ ကြသည်။ အရင်းအနှီးနည်းနည်းဖြင့် ကုန်ကျစရိတ်သက်သာသော လုပ်ငန်းဖြစ်ပြီး တန်ဖိုးမြင့်မားသောထုတ်ကုန်ကို ထုတ်လုပ်ခြင်းဖြစ်၍ ဤလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ကြသူများသည် စီးပွားရေးနှင့် လူမှုရေး အကျိုးရလဒ်များ ရရှိကြသည်။

ဗီယက်နမ်နိုင်ငံ၏ ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်းတွင် များစွာသော ကျန်းမာရေးနှင့် ရောဂါဘေးအန္တရာယ်များ ထိခိုက်မှုရှိကြသော်လည်း ကောင်းမွန်သော အစာအာဟာရနှင့် မွေးမြူပြုစုနည်းပညာများ ဖြင့် ထိရောက်စွာ စီမံခန့်ခွဲ မွေးမြူနိုင်ကြပြီဖြစ်သည်။ တရုတ်နိုင်ငံမှ ကျောက်ပုစွန် ဈေးကွက်လိုအပ်ချက်သည် ဖြည့်တင်းပေးနိုင်မှုထက် များစွာ ကျော်လွန်အားကောင်းလျက်ရှိသည်။ ကျောက်ပုစွန် မွေးမြူ ထုတ်လုပ်နိုင်မှုများ တိုးတက်ကောင်းမွန်လာသော်လည်း ဈေးနှုန်းကျ ဆင်းမှုနည်းပြီး အနည်းငယ်မျှသာ ထိခိုက်မှုဖြစ်စေသည်။ အာရှဒေသ တွင်းရှိ အခြားသော ဖွံ့ဖြိုးဆဲတိုင်းပြည်များ၌ အပူပိုင်းကျောက်ပုစွန် မွေးမြူရေး လုပ်ငန်းမှာ ကောင်းမွန်သော အလားအလာများရှိနေပြီး အဆိုပါနေရာများ၌ သားပေါက်များ ရရှိနိုင်မှု၊ သင့်လျော်သော မွေးမြူသည့်နေရာရှိမှုနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် အတော်အသင့်နည်းပါးခြင်းသည် ကောင်းမွန်သောအချက်များ ဖြစ်သည်။ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံများသာမက ဒေသတွင်း၌ ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်း များ ဖွံ့ဖြိုးလာမည်ဟု မျှော်မှန်းရသည်။

**မြန်မာနိုင်ငံ၏ ကျောက်ပုစွန်ဈေးကွက်**

မြန်မာနိုင်ငံ၌ ကျောက်ပုစွန်ကို ကမ်းရိုးတန်းဒေသများဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌ ဖမ်းဆီးစုဆောင်းကြပြီး ယာယီ သိုလှောင်မွေးမြူ၍ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ အရှင် တင်ပို့ရောင်းလေ့ရှိသည်။ မြန်မာနိုင်ငံရှိ ဖမ်းဆီးစုဆောင်းကြသော ကျောက်ပုစွန်မျိုးများ မှာ Panulirus versicolor နှင့် Panulirus polyphagus မျိုးများဖြစ်ပြီး ဈေးကွက်ဝင်အရွယ် သက်ကြီးကောင်များကို တနင်္သာရီတိုင်းဒေသကြီး နှင့် ရခိုင်ပြည်နယ်တို့၌ ဖမ်းဆီးစုဆောင်း၍ အရှင်တင်ပို့ကြသည်ကို တွေ့ရသည်။ မွန်ပြည်နယ် ကမ်းခြေများရှိကျောက်ဆောင်ပေါများသော ကမ်းခြေများတွင် အရွယ်ငယ်(Juvenile)များကိုလည်း ဖမ်းဆီးရရှိနိုင် ကြောင်း သိရသည်။ မြန်မာနိုင်ငံမှ ကျောက်ပုစွန်(အရှင်)များကို ပြည်ပ ဈေးကွက်များသို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စုစုပေါင်းတန်ချိန် ၉၅ ဒသမ ၉၇၁ တန် (တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်းကျော်ဖိုး) တင်ပို့လျက်ရှိပြီး လေကြောင်းလိုင်းဖြင့် တရုတ်နိုင်ငံ၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်းနှင့် မကာအို ဈေးကွက်များသို့ တင်ပို့သည်။

မြန်မာနိုင်ငံ၌ ကျောက်ပုစွန်ဖမ်းဆီးရေးလုပ်ငန်းများ ရေရှည်တည်တံ့ ရေးအတွက် အလွန်အကျွံ ဖမ်းဆီးထုတ်လုပ်မှုများကို ဟန့်တားထိန်းချုပ် သည့်အနေဖြင့် မျိုးပွားရာသီဖြစ်သော ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက် အတွင်း ဖမ်းဆီး စုဆောင်း ရောင်းဝယ်မှုကို ညွှန်ကြားချက်များထုတ် ပြန်၍ တားမြစ်ထားသော်လည်း ကျောက်ပုစွန်မျိုးပွားသည့် အဓိက နေရာများကို သုတေသနပြု ဖော်ထုတ်သတ်မှတ်ပြီး မဖမ်းဆီးရနေရာ များ သတ်မှတ်ကာကွယ်ခြင်း၊ သားလောင်းများ ဖမ်းဆီးစုဆောင်းသည့် နည်းပညာများ တီထွင်ပြီး သဘာဝအစာ၊ ဖော်စပ်စာများဖြင့် မွေးမြူ သည့် သုတေသနများကို ငါးလုပ်ငန်းဦးစီးဌာန၊ တက္ကသိုလ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ လုပ်ဆောင်ကြခြင်းဖြင့် ကျောက် ပုစွန် ဖမ်းဆီးထုတ်လုပ်ခြင်းလုပ်ငန်း ရေရှည်ဖြစ်တည် အကျိုးရှိနိုင်မည် ဖြစ်ကြောင်းနှင့် ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပါကြောင်း ပြုစုတင်ပြအပ်ပါသည်။ ။

❑ မြန်မာနိုင်ငံ၌ ကျောက်ပုစွန်ဖမ်းဆီးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် အလွန့်အကျွံ ဖမ်းဆီးထုတ်လုပ်မှုများကို ဟန့်တားထိန်းချုပ်သည့်အနေဖြင့် မျိုးပွား ရာသီဖြစ်သော ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အတွင်း ဖမ်းဆီးစုဆောင်း ရောင်းဝယ်မှုကို ညွှန်ကြားချက်များထုတ်ပြန်၍ တားမြစ်ထားသော်လည်း ကျောက်ပုစွန်မျိုးပွားသည့် အဓိကနေရာများကို သုတေသနပြု ဖော်ထုတ် သတ်မှတ်ပြီး မဖမ်းဆီးရနေရာများ သတ်မှတ်ကာကွယ်ခြင်း၊ သားလောင်းများ ဖမ်းဆီးစုဆောင်းသည့် နည်းပညာများတီထွင်ပြီး သဘာဝအစာ၊ ဖော်စပ်စာများ ဖြင့် မွေးမြူသည့် သုတေသနများကို ငါးလုပ်ငန်းဦးစီးဌာန၊ တက္ကသိုလ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ လုပ်ဆောင်ကြခြင်းဖြင့် ကျောက်ပုစွန် ဖမ်းဆီးထုတ်လုပ်ခြင်းလုပ်ငန်း ရေရှည်ဖြစ်တည် အကျိုးရှိနိုင်မည် ဖြစ်ကြောင်းနှင့် ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်

# ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားရှစ်သိန်း ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက် ညနေ ၃ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် ယုန်တောင်ကျေးရွာအနီး ရွာငံမှ ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ဘက်သို့ ရှမ်းဝင်း(ခ) အောင်နိုင်ဝင်း(၃၉)နှစ် မောင်းနှင်လာသည့် Toyota Hiace ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်မှ ကရင်ပြည်နယ် မြဝတီမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



အောင်နိုင်ဝင်း ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၂၃

**လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများကို ဆက်လက်ဖော်ထုတ်ထိန်းသိမ်းလျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့ (၅)ရပ်ကွက်နေ ဦးမြဦး (စိစစ်ဆဲ) ၏ နေအိမ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ



ရေကြည်မြို့နယ်၌ အမျိုးသမီးတစ်ဦးအား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ သိမ်းဆည်းရမိမှု။

ဝင်ရောက်ရှာဖွေရာ ဦးမြဦး၏ ဇနီးဖြစ်သူ ဒေါ်မြတ်မွန်ကြူ(ခ)ခင်နှင်းသက်(၅၀)နှစ် (ဘ)ဦးကိုသန်းကို တွေ့ရှိထိန်းသိမ်းပြီး နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် နိုင်ငံတော်ဆန့်ကျင်ရေး စာသားပါ ဗီနိုင်းသုံးခု၊ ဓားရှည်တစ်ချောင်း၊ သံပိုက်ဖြင့်ပြုလုပ်ထားသည့် ဒူးလေးတစ်လက်၊ မြားတံ ၂၅ ချောင်းတို့အား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် "ရွှေစံ" လက်ဖက်ရည်ဆိုင်၌ ဖောက်ခွဲရေး ပစ္စည်းများထားရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ဆိုင်ပိုင်ရှင်ဖြစ်သူ နေထွဋ်ခေါင်စံ (၁၉) နှစ် (ဘ)ဦးဉာဏ်ထွန်းအောင်အား တွေ့ရှိထိန်းသိမ်းပြီး ဆိုင်အတွင်းမှ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူရာတွင် ရေးသားထားသောစာရွက်တစ်ရွက်တို့နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျိုက်လတ်မြို့နယ် ကတက်ကွင်းကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်သိက္ခာညှိုးနွမ်းစေရန် မဟုတ်မမှန်သတင်းများကို လုပ်ကြံဖန်တီးဖြန့်ချိသူ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၃

**လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းစွာနေထိုင်လိုသော မိဘပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုရှိစေရေးတို့အတွက် နေ့၊ ညမပြတ် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ အဖျက်အမှောင့်ဆောင်ရွက်လိုသူများက အဆိုပါ လှုပ်ရှားမှုများအပေါ် ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေရန်ရည်ရွယ်ပြီး မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးဖြန့်ချိခြင်းများကို နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ဖောင်ရိုးဆိပ်ကျေးရွာအုပ်စု ကတက်ကွင်းကျေးရွာနေ မဌေးဌေးဝင်း (ခ) ဌေးဌေး(ဘ) ဦးကျင်ဖေ က ၎င်း၏ ငွေကျပ် ၂၆၀၀၀၀၊ ရွှေလက်စွပ်တစ်ကွင်းနှင့် ရွှေနားကပ်တစ်ရန်တို့ကို ကျိုက်လတ်မြို့နယ်အတွင်း လုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များက သိမ်းယူခဲ့ကြောင်း မဟုတ်မမှန်သတင်းကို ၎င်းနေထိုင်ရာ ကျေးရွာအတွင်း ပျံ့နှံ့အောင် လုပ်ကြံစွပ်စွဲ သတင်းဖြန့်ချိခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာ ကျဆင်းစေရန်နှင့် ကျေးရွာနေ ပြည်သူများကို ကြောက်ရွံ့ ထိတ်လန့်စေရန် မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီး ဖြန့်ဝေပြောဆိုသူ မဌေးဌေးဝင်းကို မေ ၂၂ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ကျိုက်လတ်မြို့မရဲစခန်းမှ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မဌေးဌေးဝင်း

# မြို့နယ်အချို့၌ လက်လုပ်သေနတ်များကို ပြည်သူလူထုက တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

နေပြည်တော် မေ ၂၃

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်အချို့၌ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုများမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံလျက်ရှိကြသည်။

ထိုသို့အပ်နှံရာတွင် မေ ၂၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် ဈေးတန်း(ကွက်သစ်)ရပ်ကွက်မှ တာဝန်ရှိသူများက တူမီးသေနတ်ခြောက်လက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ်သေနတ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်ရှိ မိုးဗြဲရဲကင်းစခန်းအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က လာရောက်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကျဆုံးကာ တပ်ဖွဲ့ဝင်အချို့ ပျောက်ဆုံး

နေပြည်တော် မေ ၂၃

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်အုပ်ချုပ်မှုယန္တရားများပျက်ပြားစေရန်နှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ အင်အားအနည်းငယ်သာရှိသော ရဲကင်းစခန်းများကို ချောင်းမြောင်းတိုက်ခိုက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ ၂၅ မိနစ်ခန့်တွင် ဖယ်ခုံမြို့နယ် မိုးဗြဲရဲကင်းစခန်းအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ အင်အား ၇၀ ခန့်က ရဲစခန်းတောင်ဘက်နှင့် အနောက်တောင်ဘက် ပွဲကုန်းရပ်ကွက်နှင့် ပေါ်ဦးရပ်ကွက်များရှိ လူနေအိမ်တိုက်များပေါ်မှ လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်စီးနင်း တိုက်ခိုက်ခဲ့သည့်အပြင် နံနက် ၁၁ နာရီခန့်တွင် မိုးဗြဲဆည်အတွင်းမှ စက်လှေသုံးစင်းဖြင့် လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့ အင်အား ၃၀ ခန့် ထပ်မံရောက်ရှိပူးပေါင်းပြီး ရဲကင်းစခန်းအား ဝိုင်းဝန်းပိတ်ဆို့၍ တိုက်ခိုက်ခဲ့သည်။

တိုက်ပွဲဖြစ်ပွားလျက်ရှိသည့် ရဲကင်းစခန်းအား လိုအပ်သော လုံခြုံရေးအင်အားများ ထပ်မံတိုးမြှင့်ပေးရန်အတွက် ဖယ်ခုံမြို့နှင့် လွိုင်ကော်မြို့တို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါရဲကင်းစခန်းသို့ ထွက်ခွာလာစဉ် ကုန်းသာကျေးရွာနှင့် ခေါင်မှိုင်းကျေးရွာတို့အရောက်၌ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များက ဖြတ်တောက်ပိတ်ဆို့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ရှင်းလင်းခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်တွင် မိုးဗြဲရဲကင်းစခန်းသို့ ရောက်ရှိပူးပေါင်းနိုင်ခဲ့သည်။

တိုက်ပွဲဖြစ်ပွားစဉ်အတွင်း မိုးဗြဲရဲကင်းစခန်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကျဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် အချို့ ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရကာ ပျောက်ဆုံးတပ်ဖွဲ့ဝင်များအား ပြန်လည်ရှာဖွေတွေ့ရှိနိုင်ရေးနှင့် လာရောက်စီးနင်းတိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်သောင်းကျန်းသူများအား ပိတ်ဆို့ချေမှုန်းနိုင်ရေးတို့အတွက် တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မူဆယ်နှင့် လားရှိုးမြို့တွင် ဘိန်းဖြူများ သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် ဘိန်းဖြူများအား တွေ့ရစဉ်။

**နေပြည်တော် မေ ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက် ည ၇ နာရီတွင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် သိန်းသန်းချီအဝေးပြေးကားဝင်းအတွင်းရှိ ကားဂိတ်၌ မသင်္ကာဖွယ်ဆာလာအိတ်နှစ်အိတ်ကို တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ဘိန်းဖြူ သုည ဒသမ ၆၆ ကီလိုကိုလည်းကောင်း၊ ဆက်လက်၍ မေ ၂၂ ရက် ညနေ ၃ နာရီခွဲတွင် လားရှိုးမြို့နယ် ကောင်းကြဲကျေးရွာအုပ်စု ကောင်းတပ်ကျေးရွာနေ ဆန်လူ၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မျိုးမြင့်ကိုတွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၈၀ နှင့် ဘိန်းစိမ်း သုည ဒသမ ၄၅ ကီလိုတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့တွင် စက်သုံးဆီအရောင်းဆိုင် ဆီပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွား

ကော့သောင်း မေ ၂၃

**ကော့သောင်းမြို့ ဆယ်မိုင်ကျေးရွာအုပ်စု ကိုးမိုင်ကျေးရွာ ကော့သောင်း-ဘုတ်ပြင်း အဝေးပြေးလမ်းဘေးရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်တွင် မေ ၂၂ ရက် ညနေ ၅ နာရီခန့်က ပင်မဆီလှောင်ကန်နှင့် ဆီဖြည့်ပန့်သို့ ဆီပို့လွှတ်ပိုက်လိုင်း မြှုပ်နှံဖုံးအုပ်ထားသည့် ကွန်ကရစ်မြောင်းတစ်လျှောက် လေလုံအပူလွန်ကဲ၍ ပေါက်ကွဲမှုဖြစ်ပွားသည်။** (အောက်ပုံ)

ဆီပိုက်လိုင်း ပေါက်ကွဲမှု ဖြစ်ရခြင်းမှာ ဆီပို့လွှတ်ပိုက်လိုင်း မြှုပ်နှံ ဖုံးအုပ်ထားသည့် ကွန်ကရစ်မြောင်း အရှည် ပေ ၃၀ ခန့်တောက်လျှောက် နည်းပညာ ချို့ယွင်းမှုကြောင့် မြောင်းအဖုံး ကွန်ကရစ် အခင်းများအတွင်းမှ ဓာတ်ငွေ့များအောင်းကာ အပူလွန်ကဲ ပေါက်ကွဲထွက်ပြီး



ကွန်ကရစ်အပိုင်းအစများ လွင့်စဉ်၍ ဆီပန့်အမိုး မျက်နှာကြက်နှင့် ဆီဖြည့်ပန့်များ၊ အုတ်တိုင်များ ပျက်စီးခဲ့ပြီး ပေါက်ကွဲမှုဖြစ်စဉ်တွင် မီးလောင်ခြင်း၊ လူထိခိုက်သေဆုံးခြင်းမရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ မီးငြိမ်းသတ်ယာဉ်များနှင့် တာဝန်ရှိအဖွဲ့အစည်းများ လာရောက် စစ်ဆေးကြပြီး ကော့သောင်းမြို့မရဲတပ်ဖွဲ့စခန်းမှ စက်သုံးဆီ အရောင်းဆိုင် တာဝန်ရှိသူများအား လူနှင့် ပတ်ဝန်းကျင် အန္တရာယ်ဖြစ်စေသည့် ပေါ့ဆမှုဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ပုသိမ်မြို့၌ အဖျက်အမှောင့်လုပ်ငန်းလုပ်ဆောင်ရန် လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွား အမျိုးသားနှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မေ ၂၂ ရက်က အဖျက်အမှောင့်လုပ်ငန်းလုပ်ဆောင်ရန် လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး အမျိုးသားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က ပုသိမ်မြို့ အမှတ်(၃) ရပ်ကွက် တောရကျောင်းလမ်း အိမ်အမှတ်(၄၂၃)ရှိ ဦးဝင်းကြည်(၅၂)နှစ် (ဘ)ဦးသောင်း ပိုင်ဆိုင်သော ပရိဘောဂအလုပ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါအလုပ်ရုံတွင် ဦးဝင်းကြည်၏ ဇနီးဖြစ်သူ ဒေါ်သီတာထွေး(၅၂)နှစ် (ဘ)ဦးကျော်ထူးနှင့် ၎င်းရပ်ကွက်နေ မျိုးမြင့်ခိုင်(၂၁)နှစ် (ဘ)ဦးတင်လှိုင်ကို တွေ့ရှိထိန်းသိမ်းပြီး အလုပ်ရုံအပေါ်ထပ်တွင် လက်လုပ်အဝေးထိန်းမိုင်း ပေါက်ကွဲထားသည့် အပိုင်းအစများနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်ခဲ့ရာ မျိုးမြင့်ခိုင်နှင့် ဦးဝင်းကြည်၏ သားဖြစ်သူ ကောင်းထက်(၁၈)နှစ်၊ တစ်ရပ်ကွက်တည်းနေ လင်းထက်(၂၈)နှစ် (ဘ)ဦးမြင့်အောင်နှင့် အရှေ့ကိုးသိန်းရပ်ကွက်နေ ဇော်ဇော် (၂၇)နှစ် (ဘ)ဦးမြင့်သိန်းတို့ လေးဦးသည် လက်လုပ်အဝေးထိန်းမိုင်း အသက်သွင်းနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ကောင်းထက်ပါ သုံးဦးသည် ထွက်ပြေးသွားကြောင်း သိရှိရသဖြင့် လိုက်လံဖမ်းဆီးရာ ၎င်းရပ်ကွက်ရှိ စက်တော်ရာဘုရားဝင်းအတွင်း၌ ဇော်ဇော်ကို ယာလက်ငါးချောင်းထိပ်အဆစ်များပြတ်ကာ ပွန်းပဲ့ဒဏ်ရာများဖြင့်လည်းကောင်း၊ လင်းထက် ကို ပွန်းပဲ့ဒဏ်ရာများဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဆေးဝါးကုသနိုင်ရေးအတွက် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ထွက်ပြေးတိမ်းရှောင်နေသူ ကောင်းထက်ကို ဖမ်းဆီးရမိရေးနှင့် ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူမှုကွန်ရက်ပေါ်၌ အများပြည်သူနှင့် အစိုးရဝန်ထမ်းများကို အထိတ်တလန့်ဖြစ်စေရန် သွေးထိုးလှုံ့ဆော်သူများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် CDM လှုပ်ရှားမှုကိုအခြေခံပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှုအား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်မှုများကို ဦးတည်စေသော ဆူပူဆန္ဒပြမှုများ သွေးထိုးလှုံ့ဆော်လျက်ရှိသောကြောင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့အစည်းများက ဥပဒေနှင့်အညီ ပူးပေါင်းထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ လူမှုကွန်ရက်စာမျက်နှာ၌ အများပြည်သူနှင့် အစိုးရဝန်ထမ်းများကို အထိတ်တလန့်ဖြစ်စေရန် သွေးထိုးလှုံ့ဆော်ခြင်း၊ အစိုးရဝန်ထမ်းများ CDM တွင် ပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ခြင်းနှင့် ဆူပူဆန္ဒပြမှုများတွင် ကိုယ်တိုင်ပါဝင်ခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ ပုံရိပ်ကျဆင်းအောင် မဟုတ်မမှန်ရေးသားခြင်းများ ပြုလုပ်ခဲ့သည့် ပညာရေးဝန်ထမ်းများဖြစ်ကြသည့် မြိတ်မြို့ ကန်ဖျားရပ်ကွက်နေ ဒေါ်အေးအေးစိမ့်(ဘ)ဦးအေးထွန်း၊ မြစ်ငယ်ရပ်ကွက် ဝေဘာဂီလမ်းနေ စိုးသီ(ဘ) ဦးကျော်ဝင်း၊ မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ရွှေပေးကျေးရွာနေ ဒေါ်သက်စုဝေ (ဘ) ဦးတင်ရှိန်၊ ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် စံပယ်လမ်းနေ ပြည့်ဇော်ဖြိုး(ဘ) ဦးဇော်ဦး တို့ကို မေ ၂၂ ရက်တွင် ၎င်းတို့၏နေအိမ်များ၌ အသီးသီး ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာ မြို့မရဲစခန်းများ၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂၃**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ ဂန့်ဂေါမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် မော်လိုက်မြို့၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ တံတားဦး (လေကြောင်းမိုးလေဝသ)နှင့် ပေါက်မြို့တို့တွင် ၄၃ ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၃ ဒသမ ၀၄ လက်မ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ လပွတ္တာမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၀၆ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ဟားခါးမြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် မောင်တောမြို့တွင် ၁ ဒသမ ၅၇ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်၊(၁၀၊ရာဒါပူအရှေ့)၊ ဦးပိုင်အမှတ် (N၂၃/၁၈/၅၃) ၊ မြေဧရိယာ ၀ ဒသမ ၈၁၀ ဧကရှိ မြေကွက်သည် ဦးဆွင်ရှီးဟွ (ခ) ဦးစိန်ဝင်း အမည်ဖြင့် လွန်ခဲ့သည့် (၁၅)နှစ်မှစ၍ မြို့မြေခပေးဆောင်ခဲ့ကြောင်းနှင့် ၎င်းပိုင်ဆိုင်သော ခြံမြေကွက်ဖြစ်ကြောင်း ဦးဆွင်ရှီးဟွ (ခ) ဦးစိန်ဝင်း၊ ၁၂/ ဗတထ(နိုင်) ၀၃၀၈၇၆ မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် ၂၁-၂-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် ၂၅၇/ ၂၀၁၉ ကို ၂၁-၂-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် ၈၄/ ၂၀၂၀ ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနဲ့အညီ ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ်(၃၈)၊ ဦးပိုင်အမှတ်(၄/၄၀)၊ မြေဧရိယာ ၀ ဒသမ ၀၆၈ဧကရှိ မြေကွက်ကို ဦးသိန်းအောင်(ခ)အောင်ဝင်းနှင့် ဒေါ်ညိုညိုမြင့်တို့(၂)ဦးအမည်ဖြင့် နေထိုင်ပိုင်ဆိုင်ခဲ့ပြီး ၄-၃-၂၀၁၄ရက်တွင် ဦးသိန်းအောင်(ခ) အောင်ဝင်းနှင့် ဒေါ်ညိုညိုမြင့်တို့(၂)ဦးထံမှ ဦးကျော်နိုင်နှင့် ဒေါ်အားလန်တို့(၂)ဦးက နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးကျော်နိုင် ၁/မကတ(နိုင်)၀၄၆၄၃၃နှင့် ဒေါ်အားလန် ၁၃/တယန(နိုင်)၀၂၉၃၇၅တို့(၂)ဦးအမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၂၈-၇-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၄၆၈/၂၀၂၀)ကို (၃၀-၇-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၄၀၃/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**


### အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ ရှမ်းတောရပ်၊ အိမ်အမှတ်(၈)နေ ဦးအုန်းပါရာဆပ်(၉/မကန(နိုင်)၀၇၂၀၈၆)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေငြာအပ်ပါသည်။ ဦးအုန်းပါရာဆပ် နှင့် ဒေါ်နီနီလွင်(ခ)မီနားဒေဝီ(၁၂/လမတ(နိုင်)၀၂၅၇၈၈)တို့သည် (၉.၆.၁၉၉၆)နေ့က လက်ထပ်ခဲ့ကြကာ သားသမီး(၃)ဦးထွန်းကားခဲ့ပြီးနောက် စိတ်သဘောထားချင်းမတိုက်ဆိုင်ကြသည့်အတွက်(၁၇.၉.၂၀၁၅)နေ့တွင် လင်မယားကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ယင်းသို့ ကွာရှင်းကြပြီးနောက်ပိုင်းတွင် သားသမီး(၃)ဦးတို့၏ ပညာရေးအတွက် ရန်ကုန်မြို့တွင် အဆင်ပြေစွာနေထိုင်နိုင်ရန် ဦးအုန်းပါရာဆပ် မှ ၎င်းအမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ Orchid Condo အဆင့်မြင့်အိမ်ရာ တိုက်ခန်းအမှတ်(၁၅၇)တိုက်ခန်းကို ဝယ်ယူခဲ့ပြီး သားသမီး(၃)ဦးကို နေထိုင်စေခဲ့ပါသည်။ ယင်းတိုက်ခန်းသည် ဦးအုန်းပါရာဆပ်ပိုင်ဆိုင်သည့် အခန်းဖြစ်ပြီး ဒေါ်နီနီလွင်(ခ)မီနားဒေဝီ နှင့် မည်သို့မှ သက်ဆိုင်ခြင်းမရှိသည့် တိုက်ခန်းဖြစ်သည့်အတွက် တိုက်ခန်းတွင်နေထိုင်သည့် သားသမီးများ စိတ်အနှောက်အယှက်ဖြစ်စေမည့် ကိစ္စရပ်များကို ပြုမူဆောင်ရွက်ခြင်း မပြုကြရန်နှင့် ပြုမူဆောင်ရွက်လာပါက ဥပဒေ နှင့် အညီအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဒေါ်နီနီလွင် နှင့် အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ကျော့ကျော့လှိုင်
(LL.B,LL.M,M.P.A,D.I.L,D.M.L,D.B.L,DIPL)
တရားလွှတ်တော်ရှေ့နေ၊(စဉ်-၇၀၉၉)
အမှတ်-၈၅၊၃လွှာ၊၁၃လမ်း(အလယ်)၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၉ ၅၀၄၉၆၈၃

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဘုရား၊ ကျောင်း၊ သိမ်၊ ဇရပ်၊ ရဟန်း ဒါယကာကြီး
# ဒုတိယဗိုလ်မှူးကြီး ကောင်းဇော်ဦး(ငြိမ်း)
## အသက် (၆၃) နှစ်

(ဗိုလ်မှူးကြီးထွန်းလွင် – ညွှန်ကြားရေးမှူး ၊ ပြည်သူ့စစ်နှင့် ပြည်သူ့ဆက်ဆံရေး၊ ကာကွယ်ရေးဌာန၊ ကကကြည်း) – (ဒေါ်ကြည်ကြည်ထွေး) တို့၏ သားကြီး၊ မုံရွာမြို့ ရုံးကြီးရပ်ကွက် ဗိုလ်ချုပ် လမ်းနေ ဒေါ်မြမြတင် (Central Fashion Shop) ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုရဲဝင်းမြတ် + မခိုင်မာလာထွန်း (သီရိရွှေစင် အဆောက်အဦပစ္စည်းရောင်းဝယ်ရေး)နှင့် ဒေါက်တာခိုင်ယုမွန်ဇော် M.B.,B.S (MDY) တို့၏ ချစ်လှစွာသောဖေဖေ၊ မအိမ့်ပြည့်စုံသာ၊ မောင်မင်းပြည့်စုံသာတို့၏ ဖိုးဖိုးကြီးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး ကောင်းဇော်ဦး (ငြိမ်း) သည် ၂၃-၅-၂၀၂၁ ရက် (တနင်္ဂနွေနေ့) နံနက် (၆:၃၀) နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပါသဖြင့် ၂၅-၅-၂၀၂၁ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဆားဂျင်းတရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ် ဒါယိကာမကြီး
## ဒေါ်ကြိုင်
### (ဖျာပုံ.မော်လမြိုင်မြို့)
### အသက်(၉၅)နှစ်

ဦးဝင်းဟန် (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်/ဆည်ဝန်ကြီးဌာန)-ဒေါ်ကေသီ (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)တို့၏ ကျေးဇူးရှင် မိခင်ကြီးသည် ၂၂-၅-၂၀၂၁ ရက် ညနေ ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲပါသည်။

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**
**အရာထမ်း၊ အမှုထမ်းများ**

---

### အထူးကျေးဇူးတင်ရှိခြင်း
## ဒေါ်ရင်မြ
### (အမရပူရမြို့)
### အသက်(၈၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အမှတ်(၁/၉၂)၊ နန်းတော်ရာ စံပြရပ်ကွက်သစ်နေ ဒေါ်ရင်မြ နာမကျန်းဖြစ်စဉ် ဂရုတစိုက်ကုသစောင့်ရှောက်မှုပေးခဲ့ပါသော တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်မှ တပ်မှူး၊ လိုအပ်သည်များကို လိုလေသေးမရှိ ကူညီစောင့်ရှောက်ပေးခဲ့ပါသော တပ်မတော်ဆေးသုတေသနတပ်မှ ဒုတိယတပ်မှူးဗိုလ်မှူးကြီးသိန်းဇော်၊ ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ကျော်စိုးဝင်း၊ အထူးကုဆရာဝန်ကြီးများနှင့် အထူးကြပ်မတ်ကုသဆောင်မှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ နာမကျန်းဖြစ်နေစဉ်နှင့် ကွယ်လွန်ပြီးနောက် ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ထည့်ပေးကြပါသော လူပုဂ္ဂိုလ်များနှင့် ဌာနအဖွဲ့အစည်းများအား လည်းကောင်း၊ စစ်တက္ကသိုလ် ၂၆ မိသားစုများအားလည်းကောင်း၊ သတင်းမေးအားပေးကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများ၊ နာရေးကိစ္စအဝဝအား ကူညီဆောင်ရွက်ပေးကြသူများ၊ နာရေး လိုက်ပါပို့ဆောင်ကြသော ဝန်ထမ်းမိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကွယ်လွန်သူအား ရည်စူး၍ ၂၃-၅-၂၀၂၁ရက် နံနက် ၀၈:၀၀နာရီတွင် အထက်ပါနေအိမ်၌ပြုလုပ်သော ရက်လည်ဆွမ်းကျွေး တရားတော်နာသို့ ကြွရောက်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6N/1034 ယာဉ်လက်ဝယ်ရှိသူ ဦးနေတိုးအောင် ၅/မရန(နိုင်)၁၅၆၁၁၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ပဲခူး)**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/2502 Mazada Bongo KF 2T 6F 2502 P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မင်းဦး ၁၂/ဒပန(နိုင်)၀၅၃၀၇၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ် ၅/က၊ မြေကွက်တည်နေရာ အမှတ် (၅/က)၊ အောင်သပြေလမ်း၊ ကြီးပွားရေး/တောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးဇစံ AB- ၀၅၇၃၃၂ အမည်ပေါက် နှစ်(၆၀) မြေအား အမည်ပေါက် ဦးဇစံသည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် အတူနေ တူမဖြစ်သူ ဒေါ်အေးအေးခိုင်ကို (တရားပြိုင်)ထားကာ ဦးခင်မောင်သိန်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ဖူးပွင့်အောင်မှ (တရားလို) ပြုလုပ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုသော ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်(၈၁၈/၂၀၁၈)၏ စီရင်ချက်နှင့် ဒီကရီ ၊ တရားမဇာရီမှု အမှတ် (၂၂၃/၂၀၁၉)၏ အမိန့် ၁၆-၁၂-၂၀၁၉ ရက်စွဲပါ တရားရုံးဘီလစ်ခန့်စာ ၊ ဂရန်မူရင်းတို့တင်ပြ၍ ဘီလစ် ဒေါ်နိုနိုဝင်းကို ၇/ညလပ(နိုင်)၁၃၇၃၆၄ မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်း
### ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄စီ/ဖြိုးဇုန်၊ မြေကွက်အမှတ်-၅၁၊ မြေကွက်တည်နေရာအမှတ်(၅၁)၊ ရတနာသိင်္ဃီလမ်း၊ (၆၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးစိုးမြင့် (CI-၀၅၆၈၀၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား နှစ်(၆၀) ဂရန် အမည်ပေါက် ဦးစိုးမြင့် သည် ၄-၃-၂၀၀၇ရက်တွင် ကွယ်လွန်သွားသောကြောင့် ဒေါ်စန်းကြည် ၁၂/ပဇတ(နိုင်)၀၂၀၄၄၈ မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ(၂/၄၀၂၅/၂၆-၂-၂၀၂၀)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင် ၂၆-၂-၂၀၂၀ရက် သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း နှစ်(၆၀) ဂရန်မူရင်းတို့ဖြင့် ဒေါ်စန်းကြည်၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးခင်ရှိန် ၁၂/တမန(နိုင်)၀၀၃၃၄၁ မှ အထွေထွေကိုယ်စားလှယ်လွှဲစာ (၂၃၈၅၆/၃၀-၇-၁၉)၊ ကိုယ်စားလှယ်ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်အဖြစ်မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ ၂၆-၂-၂၀၂၀ တင်ပြ၍ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ် ဒါယိကာမကြီး
## ဒေါ်ကြိုင်(ဖျာပုံမြို့/မော်လမြိုင်)
### အသက်(၉၅)နှစ်

ဦးဝင်းဟန်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်/ဆည်ဝန်ကြီးဌာန)-ဒေါ်ကေသီ(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)တို့၏မိခင် ဒေါ်ကြိုင်သည် ၂၂-၅-၂၀၂၁ရက်(စနေနေ့) ညနေ ၃:၄၅ နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၇၀)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ် ဒါယိကာမကြီး
## ဒေါ်ကြိုင်(ဖျာပုံမြို့/မော်လမြိုင်)
### အသက်(၉၅)နှစ်

ဦးဝင်းဟန်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်/ဆည်ဝန်ကြီးဌာန)-ဒေါ်ကေသီ (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)တို့၏မိခင် ဒေါ်ကြိုင်သည် ၂၂-၅-၂၀၂၁ရက်(စနေနေ့) ညနေ ၃:၄၅ နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ဝင်း-ဒေါ်ထွေးထွေး အမရပူရမြို့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြိုင်(ဖျာပုံမြို့/မော်လမြိုင်မြို့)
### အသက်(၉၅)နှစ်

ဦးကိုကိုထွေး(MD,K&K Maha Co.,Ltd)၏မိခင် ဒေါ်ကြိုင်သည် ၂၂-၅-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ် 1987-91**
**မြို့ပြအင်ဂျင်နီယာ သူငယ်ချင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းမြင့်
### အသက်(၈၇)နှစ်

ဦးဆန်းအောင်-ဒေါ်သိန်းသိန်းစိုးတို့၏မိခင် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်နေ ဒေါ်စန်းမြင့်သည် ၂၂-၅-၂၀၂၁ရက် (စနေနေ့) နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Royal Victory Services မိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်သိန်း(လ/ပြ-ငြိမ်း)
### အလက(၄) ရန်ကင်း၊ အလက(၂) ရန်ကင်း
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဖြဟ္မစိုရ်လမ်း၊ အမှတ် ၆၉၀ နေ (ဦးစံရင်-ဒေါ်ထွေးတင်)တို့၏ တစ် ဦးတည်းသောသား၊ (ဦးစံလှအောင်-ဒေါ်သိန်း)တို့၏သားသမက်၊ ဦးအုံ့ဇော်-ဒေါ်ခင်ခင်ဌေး၊ ဦးသက်နောင်-ဒေါ်စန်းစန်းဌေး၊ ဦးယဉ်ဦး- ဒေါ်ဆွေဆွေအောင်တို့၏ ဖခင်၊ မသိမ့်သိမ့်သူ၊ မောင်ဝဏ္ဏအောင်၊ မအေးမဥ္ဇူအောင်၊ မောင်မင်းချမ်းမြေ့၊ မောင်စိုးထက်အောင်-မလှဲ့ရည်မွန်ဦး၊ မောင်ဝံသာအောင်၊ မနှင်းဆုရတီဦး တို့၏အဘိုး၊ မသန့်သီရိခေတ်၏ ဘိုးဘိုးကြီး၊ ဒေါ်ဌေးဌေး၏ချစ်လှစွာသော ခင်ပွန်းသည် ၂၂-၅-၂၀၂၁ရက်(စနေနေ့) ည ၁၁:၀၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၁ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀:၁၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၂၈-၅-၂၀၂၁ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှတင်(ဘီးလင်း၊ ကော့ကဒွတ်)
### အသက်(၈၉)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကော့ကဒွတ်ရွာနေ (ဦးတူး-ဒေါ်ညိမ်းမေ) တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးသိန်းဖေ- ဒေါ်မာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် ၆၉၊ ပထမထပ်နေ (ဒေါ်နုယဉ်)၏ခင်ပွန်း၊ ဦးစိုးမြင့်သိန်း- ဒေါ်ခင်အေးမော်၊ (ဒေါ်အေးအေးမော်)၊ ဦးတင်ဝင်းနိုင်-ဒေါ်နှင်းနှင်းအေး(အထက-၃၊ စမ်းချောင်း)၊ ဒေါက်တာမျိုးမျိုးခိုင် (ပါမောက္ခ၊ ဌာနမှူး၊ ပထဝီဝင်ဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဦးတင်ဝင်း-ဒေါ်သန္တာရွှေ တို့၏ ချစ်လှစွာသောဖခင်၊ မမြင့်မြတ်ခိုင်(Pharmacist)၊မမေသူဟံ တို့၏ အဘိုးသည် ၂၃-၅-၂၀၂၁ရက်(တနင်္ဂနွေနေ့) နံနက် ၆:၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)
## ဦးအောင်တင့်(နာယက)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တိုက်(၁)၊ အခန်း ၆နေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဦးအောင်တင့်သည် ၂၃-၅-၂၀၂၁ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၂၁ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ အသင်းသူ/သားများလိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

**အမှုဆောင်အဖွဲ့**

---

### ဝမ်းနည်းကြေကွဲခြင်း

စစ်တွေမြို့၊ လမ္မာတော်တောင်ရပ်ကွက်၊ သမ္မာသက်ပွ ဓမ္မာရုံကြီး တည်ဆောက်ရာတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော လမ္မာတော်တောင်ရပ်ကွက်နေ ဦးလှမောင်သိန်း အသက်(၆၇) နှစ် ၊ (မန္တလေး) ရေကြောင်းပို့ဆောင်ရေး(ငြိမ်း) သည် ၂၀-၅-၂၀၂၁ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရပါ၍ လမ္မာတော်တောင်ရပ်ကွက်သူ/သားများနှင့်အတူ ဓမ္မာရုံအကျိုးဆောင်အဖွဲ့မှ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

**ဓမ္မာရုံအကျိုးဆောင်အဖွဲ့**
**လမ္မာတော်တောင်ရပ်ကွက် ၊ စစ်တွေ**

---

### A ဦးရာဂျား(ခ)ဦးကျော်ဝင်း
### အသက်(၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် (၉)ရပ်ကွက်၊ အမှတ်-၁၂၅၊ လမ်း(၄၀) မြေညီထပ်နေ (Aဦးရတနား-Aဒေါ်လက်ချ်မီး) တို့၏ ပဉ္စမမြောက်သား Aဒေါ်ကမ္မလား၏ ခင်ပွန်း၊ Aမစန္ဒာဝင်း၊ Aမောင်ဇော်ဝင်း၊ Myanmar Aurora (AB)၊ Nဦးဇော်မြင့်-Nဒေါ်လှလှဝင်းတို့၏ ဖခင်၊ Sweety smile တို့၏ အဘိုး၊ Aဦးရာဂျား(ခ) ဦးကျော်ဝင်း Uniteam Marine Messman သည် ၂၂-၅-၂၀၂၁ရက် ည (၉:၄၅)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၁ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

စစ်တွေမြို့နယ်၊ ရူပတောင်ရပ်ကွက်နေ ဦးလှစိန်မောင်၏ သမီး မအိအိခိုင် ၁၁/စတန(နိုင်)၀၆၂၂၁၂ နှင့် မနွယ်အိအိခိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မအိအိခိုင်(ခ)မနွယ်အိအိခိုင်**

---

### Sindoh ကုန်အမှတ်တံဆိပ်အမည်ပါ အမှတ်အသားကို
### မြန်မာနိုင်ငံတွင် (Authorized Distributor) အဖြစ်
### Rocket T.Z Group Co.,Ltd
### ဦးသိန်းဇော်မှ ကိုယ်စားလှယ်ဖြန့်ချိမည်ဖြစ်ကြောင်း
### အသိပေးကြေညာချက် (၂၀-၅-၂၀၂၁)

ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ ပေါင်းလောင်း(၄) လမ်းထိပ်၊ အမှတ်(၁၄/၅၈၄) နေ Rocket T.Z Group Co.,Ltd ဦးသိန်းဇော် ၉/ပမန(နိုင်)၁၄၆၂၁၀ သည် Sindoh ကုန်အမှတ်တံဆိပ်အမည်ပါ အမှတ်အသားကို မြန်မာနိုင်ငံတွင် (Authorized Distributor) အဖြစ် ကိုယ်စားလှယ်ဖြန့်ချိမည်ဖြစ်ပါသည်။ Sindoh အမှတ်တံဆိပ်ပါ Copier, Printer, Scanner, Projector စသည်ဖြင့် စက်နှင့်အပိုပစ္စည်း အမျိုးမျိုးကို ရောင်းဝယ်ဖြန့်ချိရေးတံဆိပ်အမည်အမှတ်အသားမှာ Sindoh အမှတ်တံဆိပ်ပါ Copier, Printer, Scanner, Projector ဟူသော တံဆိပ်အမှတ်အသားဖြစ်ပါသည်။ ယင်းတံဆိပ်အမည်အမှတ်အသားမှာ မြန်မာနိုင်ငံတွင် မည်သူတစ်ဦးတစ်ယောက်မျှ ကိုယ်စားလှယ်ပေးထားခြင်းကို မတွေ့မမြင်ရသေးပါ။ ယင်းတံဆိပ်အမည်အမှတ်အသားသည် International Sindoh တံဆိပ်အမှတ်အသားဖြစ်ပြီး မြန်မာနိုင်ငံရှိ Rocket T.Z Group Co.,Ltd ဦးသိန်းဇော်မှ Authorized Distributor အဖြစ် တင်သွင်း ရောင်းချဖြန့်ချိမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်းဖြစ်ပါသည်။

**Rocket T.Z Group Co.,Ltd ဦးသိန်းဇော်၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သရဖီမြင့်ဆွေ LL.B (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၇၆)**
**မိုးဝေ (၄၂)လမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၈၅၃၀၁၆၅၉၇**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ယာဉ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြိုင်(ဖျာပုံမြို့/မော်လမြိုင်မြို့)
### အသက် (၉၅)နှစ်

ဖျာပုံမြို့နေ (ဦးဘိုးတင်-ဒေါ်ကြင်မြိုင်)တို့၏သမီး၊ (ဦးဦးတင်-လဝက ဦးစီးမှူး)၏ချစ်လှစွာသောဇနီး၊ (ဗိုလ်ကြီးကိုကိုကြီး OTS- ၆၆)၊ ဦးကိုကိုလေး(ဒုညွှန်ချုပ်၊ ကုန်သွယ်/ဦးစီး)-ဒေါ်သိန်းနုခိုင်(ဒု ညွှန်မှူး၊ ကုန်သွယ်/ဦးစီး)၊ ဦးဝင်းဟန်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်/ဆည်ဝန်ကြီးဌာန)-ဒေါ်ကေသီ(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ဦးကိုကိုထွေး(MD, K & K Maha Co.,Ltd)၊ ဒေါ်အေးအေးခိုင်(ဦး/ရှိ၊ ငြိမ်း၊ FERD)တို့၏ ကျေးဇူးရှင်မိခင်၊ မပန်းမြတ်သန္တာ(Grade-11-A, ထ-၅၊ ဗိုလ်တထောင်)၏ ချစ်လှစွာသောအဘွားသည် ၂၂-၅-၂၀၂၁ ရက် (စနေနေ့) ညနေ ၃:၄၅ နာရီတွင် SSC ဆေးရုံ၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၁ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(အမှတ် ၃၇၊ နီလာလမ်း၊ မြန်မာ့ဂုဏ်ရောင် အိမ်ရာဝင်း၊ သံသုမာလမ်း နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဝင်းမေ
### အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ် (၂၀)၊ မြေညီထပ်နေ (ဦးမောင်ကြီး-ဒေါ်သိန်းတင်)တို့၏ သမီး၊ ကြံခင်းမြို့နေ (ဦးဘသော်-ဒေါ်ခင်ညွန့်)တို့၏ချွေးမ၊ (ဦးမောင်မောင်)၏ဇနီး၊ ဒေါ်ယဉ်ယဉ်ဌေး (ထ-၆၊ ဗိုလ်တထောင်-ငြိမ်း)၊ ဦးခင်မောင်ဝင်း (AGD Bank သာကေတဘဏ်ခွဲတာဝန်ခံ)-ဒေါ်ဌေးဌေးတင် တို့၏မိခင်၊ မောင်သန့်ဝေယံ၏အဘွားသည် ၂၂-၅-၂၀၂၁ ရက် (စနေနေ့) နံနက် ၀၀:၀၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၁ ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဦးမောင်ကို
### အမကကျောင်းအုပ်(ငြိမ်း) ပုလဲမြို့
### အသက်(၈၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့၊ ရွှေညီရပ်ကွက်နေ ဒေါ်အေးမိ၏ခင်ပွန်း၊ ပုလဲမြို့နေ မခင်သန်းထွန်း (မကီး)၊ (မခင်ဌေးဝင်း)၊ (ကိုသိန်းနိုင်အေး)၊ ရန်ကုန်မြို့နေ မခင်မြင့်ချို၊ ဗက သက်ဦး(ငြိမ်း)၊ မန္တလေးမြို့နေ ကိုဇော်မြင့်အောင်၊ ကိုကျော်မြတ်ဝင်း၊ ဗထူးတပ်မြို့နေ မငြိမ်းမေအေးတို့၏ မွေးဖခင်၊ မြေး(၂၅)ယောက်၊ မြစ်(၁၁)ယောက်တို့၏ အဘိုးဖြစ်သူ ဦးမောင်ကို၊ အငြိမ်းစားကျောင်းအုပ်ဆရာကြီးသည် ၂၂-၅-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၁ရက် ပုလဲမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ၂၈-၅-၂၀၂၁ ရက် အထက်ပါနေအိမ်သို့ ရက်လည်တရားနာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ရှုစိန်(ခ)အခိန်း
### (ကုန်းလမ်းပို့ဆောင်ရေး၊ ငြိမ်း)
### ညောင်တန်း-စင်ကာပူ
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဇမ္ဗူသီရိ ၂လမ်း၊ အမှတ် ၆နေ (ဦးချိန်ဟုတ်-ဒေါ်ကြင်စိန်)တို့၏သမီး၊ ဦးမောင်မောင်အေး(ကုန်းလမ်းပို့ဆောင်ရေး၊ ငြိမ်း)၏ဇနီး၊ ဦးသူရအောင်-ဒေါ်ခိုင်ပွင့်ဖြူ(KBZ Bank) တို့၏ မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၂၃-၅-၂၀၂၁ရက်(တနင်္ဂနွေနေ့) နံနက် ၆:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် အမိုးနီသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**



ကရင်ပြည်နယ်ရှိ ဂျိုင်း(ကော့ကရိတ်) တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို မေ ၂၂ ရက်က တွေ့ရစဉ်။

*သတင်း၊ စာမျက်နှာ-၄*

# မြန်မာရိုးရာလှေကစားသမားများ နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေ

**ရန်ကုန်  မေ ၂၃**

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သည် လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများယှဉ်ပြိုင်ရန်အတွက် မြန်မာရိုးရာလှေအားကစားသမားများကို ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် လှေလှော်အားကစားနည်း၌ ရိုးရာလှေပြိုင်ပွဲမပါဝင်သော်လည်း မြန်မာရိုးရာလှေအဖွဲ့အနေဖြင့် ယခုနှစ်နှင့် လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲများအတွက် ရည်ရွယ်ပြင်ဆင်နေခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် ယခင်လက်ရွေးစင်ကစားသမားများ၊ မျိုးဆက်သစ်ကစားသမားများအပါအဝင် စုစုပေါင်းအင်အား ၄၀ ဝန်းကျင်ဖြင့် လေ့ကျင့်နေခြင်းဖြစ်၍ ပြည်တွင်းနည်းပြဆရာများက တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ လာမည့်နှစ်တွင်ကျင်းပမည့် အားကစားပြိုင်ပွဲများဖြစ်သည့် အာရှအားကစားပြိုင်ပွဲ၊ အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတို့တွင် ရိုးရာလှေပြိုင်ပွဲပါဝင်မည်ဖြစ်ကာ မြန်မာလှေလှော်အဖွဲ့သည် ယင်းပြိုင်ပွဲများအတွက် ရည်ရွယ်ပြင်ဆင်နေခြင်းဖြစ်ပြီး ယခုနှစ် နိုဝင်ဘာလတွင် ကျင်းပရန်စီစဉ်ထားသည့် ကမ္ဘာ့နဂါးလှေလှော်ပြိုင်ပွဲ ကျင်းပဖြစ်ပါကလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၂၁ ဆီးဂိမ်းတွင် ရိုးရာလှေပြိုင်ပွဲမပါဝင်သော်လည်း ၂၀၂၃ ဆီးဂိမ်းတွင် ပါဝင်လာမည်ဖြစ်သောကြောင့် မြန်မာရိုးရာလှေအဖွဲ့အနေဖြင့် ယင်းပြိုင်ပွဲအတွက်ပါ ပြင်ဆင်နေခြင်းဖြစ်သည်။

မြန်မာရိုးရာလှေအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာလှေပြိုင်ပွဲပါဝင်သည့် အကြိမ်တိုင်း အောင်မြင်မှုရယူနိုင်ခဲ့ပြီး နောက်ဆုံးယှဉ်ပြိုင်သည့် ၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာရိုးရာလှေအဖွဲ့အတွက် ရွှေဆုကို အမျိုးသမီးလေးယောက်လှော်ပြိုင်ပွဲမှ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရဲရင့်လွင်

## အားကစားပုံမှန်ပြုလုပ်ခြင်းဟာ ကိုဗစ်-၁၉ ကူးစက်မှုနဲ့ အသက်ဆုံးရှုံးမှုကို လျှော့ကျစေနိုင်

ဆောင်းပါး၊ စာမျက်နှာ - ၂၀



## အကြမ်းဖက်ခြင်း သင်နှင့်အနီးဆုံးမှာ

ဆောင်းပါး၊ စာမျက်နှာ - ၂၂

## အကြမ်းဖက်မှုတွေကို ပြည်သူလူထု ပူးပေါင်းဆန့်ကျင်ကြစေလို



ဆောင်းပါး၊ စာမျက်နှာ - ၆

## ပုံမှန်နေထိုင်မှုဘဝ ပြန်လည်ရရှိစေရေးအတွက် တဖြည်းဖြည်းချင်း လျှော့ချက်လုပ်မှုနေသည့် ဗြိတိန်



နိုင်ငံတကာရေးရာ၊ စာမျက်နှာ - ၁၂

## မလေးရှားနိုင်ငံတွင် ကိုဗစ် - ၁၉ နောက်ထပ် စည်းကမ်းကန့်သတ်ချက်များ တင်းကျပ်




နိုင်ငံတကာ၊ စာမျက်နှာ - ၁၃

# စပိန်လာလီဂါအမှတ်ပေးဖလားကို (၁၁) ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည့် အေတီမက်အသင်းနှင့် ရာသီပြီးဆုံးမှု မှတ်တမ်းမှတ်ရာများ

စပိန်လာလီဂါပွဲစဉ် (၃၈) အဖြစ် စနေနေ့ညပိုင်းက ဗယ်လာဒိုလစ်နှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကို မက်ဒရစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ၂၀၂၀-၂၀၂၁ ရာသီ လာလီဂါချန်ပီယံအဖြစ် အက်သလက်တီကိုမက်ဒရစ်အသင်းက (၁၁) ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

၂၀၂၀-၂၀၂၁ ရာသီ လာလီဂါချန်ပီယံအဖြေထွက်ပေါ်ရန် ရာသီပိတ်ပွဲစဉ်အထိ ယှဉ်ပြိုင်ကစားခဲ့ရကာ အေတီမက်အသင်းက ၈၆ မှတ်ရရှိထားပြီး ဒုတိယနေရာမှ ရီးရဲမက်ဒရစ်အသင်းက ၈၄ မှတ် ရရှိသောကြောင့် နှစ်မှတ်အသာဖြင့် လာလီဂါအမှတ်ပေးဖလားကို ၂၀၁၃-၂၀၁၄ ခုနှစ်နောက်ပိုင်း

*စာမျက်နှာ ၁၁ ကော်လံ ၃* ◯




အက်သလက်တီကိုမက်ဒရစ်အသင်း ၂၀၂၀-၂၀၂၁ ရာသီလာလီဂါအမှတ်ပေးဖလားကို ဆွတ်ခူးပြီးနောက် အသင်းနည်းပြနှင့် အသင်းသားများ အောင်ပွဲခံနေမှု။